

တွေ့ဆုံမေးမြန်းသူ

**အနော်မာ**

# အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား

First Weekly News Journal တွင်အပတ်စဉ်ဖော်ပြခဲ့သောအင်တာဗျူးများစုစည်းမှု

■ **ပုံနှိပ်**
ပထမအကြိမ်
ဒီဇင်ဘာလ၊ ၂၀၁၅
အုပ်ရေ (၁၀၀၀)

■ **မျက်နှာဖုံးမှတ်စု**
ပန်းချီ ဖွဲ့မာန်၏ ပန်းချီကားကို ပန်းဆိုးတန်း Galleryမှ မျှဝေပြီး
Thar Aye Nya ဒီဇိုင်းပြုလုပ်သည်။

■ **အတွင်းအပြင်အဆင်**
နှင်းဖြိုး


■ **ထုတ်ဝေသူ**
ဦးကျော်သွင်(ခ)မိုးထွန်း (၀၀၆၂၆) (ဒီမိုးစာပေ)
အမှတ် ၈၈၊ ၁၅၇၊ တာမွေကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

■ **ပုံနှိပ်သူ**
ဦးဝင့်မိုလ်မိုလ်၊ နန်းသဇင်ပုံနှိပ်တိုက် (၀၀၄၄၁)
၃၉ လမ်း(အလယ်)၊ ရန်ကုန်မြို့။

■ **တန်ဖိုး**
**၁၅၀၀**

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား
အနော်မာ၊ ရန်ကုန်၊ ဒီမိုးစာပေ၊ ၂၀၁၅
စာမျက်နှာ ၉၀၊ ၂၁ × ၁၃.၅ စင်တီ
(၁) အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား




**ဖြန့်ချိရေး**

၇၇၇၇ စာပေ

၀၉ - ၄၄၀၁၁၄၀၂၄၊ ၀၉ - ၂၅၀၂၆၅၉၂၅

## မာတိကာ


ကြူးနှစ်၏အမှာစာ ၅

မသီတာ(စမ်းချောင်း)၏အမှာစာ ၈

သားအေးည၏အမှာစာ ၁၀

စာရေးသူစကား ၁၃

၁။ ဓမ္မရိပ်မဂ္ဂဇင်းအယ်ဒီတာမောင်ခိုင်တည်နှင့်ဓမ္မအမေးအဖြေ

သဘာဝပတ်ဝန်းကျင်အပေါ်သစ္စာဖောက်ကြသူများ ၁၆

အကြောက်နဲ့ကိုးပြီးအမျှော်နဲ့ပေါင်းရမှာလား ၄၈

၂။ အရှင်ပညာသီဟာဘိဝံသနှင့်ဓမ္မအမေးအဖြေ

နှလုံးသားနှင့်လူညံ့များ ၅၄

၃။ ပဋ္ဌာန်းအလင်းရောင်ဆရာတော်နှင့်ဓမ္မအမေးအဖြေ ၇၂

အပါယ်ကြောက်လို့အပေါက်ပိတ်တာလား

အပေါက်ပိတ်တိုင်းအပါယ်လွတ်မှာလား

# အခက်ချိုးလျှင်သက်ဆိုးရှည်မှာမဟုတ်

အနောက်တိုင်းမှ ထုတ်ဝေသော နာမည်ကြီး ရုပ်စုံမဂ္ဂဇင်းဟောင်း တစ်စောင်ထဲတွင် ထူးဆန်းသော ဓာတ်ပုံတစ်ပုံကို ကျွန်ုပ်တွေ့ရှိမိသည်နှင့် စိတ်ဝင်စားသွားကာ ဓာတ်ပုံနှင့်သက်ဆိုင်သော ဆောင်းပါးကို ဖတ်ရှုကြည့်ခဲ့ပါသည်။

ဓာတ်ပုံ ထူးဆန်းပုံက ဤသို့ . . .။

ဘာပင်ကြီးမှန်းတော့ မသိ။ ပင်စည်လုံးပတ်က ယောကျ်ားကြီး တစ်ဖက်စာမျှတော့ ရှိမည်။ ထိုသစ်ပင်ကို အိန္ဒိယတိုက်သားကြီးတစ်ဦးက 'ချစ်သူ ခင်သူ လုပျိုဖြူကို၊ မွေးကြူနမ်းရှိုက်၊ အသည်းခိုက်အောင်၊ ပွေ့ပိုက်ထားဘိ' သကဲ့သို့ ပွေ့ဖက်ထားရင်း ကင်မရာကို ပြုံးစေ့စေ့ဖြင့် ကြည့်နေသည်။ အိန္ဒိယနိုင်ငံ တစ်နေရာရှိ ရွှေးဟောင်းရိုးရာသစ်ပင်ဖက်ပွဲတော်တဲ့။

ပွဲတော်အတွင်း ယောကျ်ားကြီးတွေက သစ်ပင်ကြီးတွေကို တယုတယ ပွေ့ဖက်ကြသည်။ ဘာရည်ရွယ်ချက်ပါလဲ။ သစ်ပင် တွေကို ချစ်ခင်ယုယကြောင်း ဖော်ထုတ်ပြသသော ရိုးရာယဉ်ကျေးမှုပွဲတော်။ တစ်နည်းဆိုရလျှင် . . . သစ်ပင်ချစ်သူများ၏ ဆန္ဒဖော်ထုတ်ပွဲ တစ်မျိုး။ နောက်တစ်မျိုးခေါ်ချင်လျှင် . . . သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုံ့ဆော်မှုပွဲ။

ကျွန်တော်တွေ့ခဲ့ရသော မဂ္ဂဇင်းက နှစ်ပေါင်း(၄၀)ခန့် ကြာမြင့်ခဲ့ပါပြီ။ လွန်ခဲ့သော နှစ်(၄၀)ခန့်က ခလေ့တစ်ရပ်သည် ရှေးကာလကတည်းက ရှင်သန်ခဲ့ပါသည်။ ယနေ့မှာ ထိုခလေ့ရှိကောင်း ရှိနေဦးမည်ထင်သည်။ ရှိနေဖို့များပါသည်။ အိန္ဒိယ တိုက်သားတို့၏ အစွဲအလမ်းက ထောင်စုနှစ်ပေါင်းချီ၍ ကြာမြင့်အောင် တည်မြဲတတ်ပါသည်။

'သစ်ပင်ဖက်ပွဲတော်' တဲ့။

ဩော် … ကျွန်တော်တို့ မြန်မာနိုင်ငံမှ 'သစ်ပင်ခုတ်ပွဲတော်'ကြီးများနှင့်တော့ ကွာခြားလှပါဘိခြင်း။

ကျွန်တော်တို့ နိုင်ငံတော်တွင် လွတ်လပ်ရေးရရှိချိန်က ရှိခဲ့သော သစ်တောဖုံးလွှမ်းမှုဧရိယာသည် လက်ရှိကာလတွင် မူလဧရိယာ၏ ၁/၄ (လေးပုံတစ်ပုံခန့်သာ) ကျန်ကောင်းကျန်ရာရှိတော့ကြောင်း စာနယ်ဇင်းအချို့တွင် မကြာခဏ ဖတ်ရှုရ၊ သက်မချမိရပါသည်။ ဘာတတ်နိုင်မှာလဲကွယ်ရို့ဟုသာ ညည်းလိုက်ချင်သည်။

အာဏာပိုင်အဆက်ဆက်ကို 'ခင်ဗျားကြီးတို့ ဘာကြောင့်များ သစ်ပင်တွေခုတ်ပြီး ရောင်းစားနေကြရသတုန်း'ဟု အော်မေးကြည့်လျှင် သူတို့က လေအေးအေးဖြင့် 'လိုအပ်ချက်အရပေါ့ကွယ်'ဟု ပြန်ဖြေကြမှာ သေချာသည်။ တရားဝင် အာဏာပိုင်တို့ကို ဆန့်ကျင်နေကြသည့် 'ကိုတောလူ'တို့ အဖွဲ့များအား 'ရဲဘော်ကြီးတို့ ဘာကြောင့်များ သစ်ပင်တွေကို ခုတ်ပြီး တစ်ဖက်နိုင်ငံကို ပို့နေကြတာတုန်း'ဟု မေးကြည့်ပြန်လျှင်လည်း ကိုတောလူတို့က 'လိုအပ်ချက်အရပေါ့'ဟု မထုံတက်သေး အမူအရာများဖြင့် ဖြေကြမှာ သေချာသည်။

အာဏာပိုင်တွေကိုရော ကိုတောလူတို့ကိုပါ 'မြန်မာနိုင်ငံက သစ်တောတွေဟာ ပြည်သူလူထုတစ်ရပ်လုံး ပိုင်ဆိုင်ကြတဲ့ ရက္ခရတနာတွေပါ၊ ရက္ခရတနာတွေ ရောင်းရတဲ့ ငွေတွေက လိုအပ်ချက်တွေ အများကြီးရှိနေတဲ့ ပြည်သူလူထုဆီ ရောက်မလာကြဘဲ ဘုရားဒကာ ကျောင်းဒကာကြီးတို့ရဲ့ အိပ်ကပ်တွေထဲချည်း ရောက်ကုန်တာကတော့ ဘုရားဒကာ ကျောင်းဒကာကြီးတို့ သစ္စာဖောက်တာပဲ။ တစ်နည်းအားဖြင့် နိုင်ငံတော် သစ္စာဖောက်မှုကြီးတစ်မျိုးပဲ။

ပိုဆိုးတာက သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတာဟာ မိခင်သဘာဝတ္တ (Mother Nature )အပေါ် ပြစ်မှားစော်ကားတာပဲ။ နောက်ပြစ်မှုကတော့ (Crime

Against Humanity )ထက် ဆိုးရွားရက်စက်တဲ့ (Crime Against Mother Nature) ပဲ။ ကဲ... အဲသည် ပြစ်မှုတွေအတွက် ဘယ်လိုနည်းနဲ့ အပြစ်ကြွေးတွေကို ပေးဆပ်ကြမှာလဲ'ဟု စွဲချက်တင် မေးခွန်းထုတ်လိုက်လျှင် ဒင်း(သင်း)တို့ ဘာ ပြန်ပြောကြမည်နည်း။

ဗုဒ္ဓဘာသာဝင်တို့နိုင်ငံမှာ တစ်နေ့နေ့ တစ်ချိန်ချိန်၌ တောမှီတဲ့ ယောဂီရသေ့အဖြစ် သစ်တစ်ပင် ဝါးတစ်ပင်ရိပ်မှာ ဘာဝနာပွားများဖို့တောင် သစ်ရိပ်ဝါးရိပ် ဗလာနတ္ထိဖြစ်နေမှာ မြင်ယောင်တွေးယောင်မိပါသေး။ ။

■ ကြူးနှစ်

# စောင့်ရှောက်လိုသူတွေပတ်ဖို့

ဗုဒ္ဓရဲ့ တရားတော်နဲ့ပတ်သက်ရင် ဘာသာတရားဆိုတာထက် လက်တွေ့ကျတဲ့ သံသရာလွတ်လမ်းကျင့်စဉ်အဖြစ် အမြဲသတ်မှတ်ယုံကြည်အားကိုးခဲ့ပါတယ်။ ဒါကြောင့်လည်း ဗုဒ္ဓရဲ့တရားတော်ဆိုရင် တချို့က လောကီအတွက်လည်း အားကိုးထိုက်ကြောင်း ပြောကြတဲ့တိုင် ကိုယ်တိုင်အတွက်တော့ သံသရာထွက်လမ်းအတွက် အားကိုးရကြောင်း လက်တွေ့သိမြင်ခံစားပြီးတာမို့ ဗုဒ္ဓကို လောကုတ္တရာအတွက်ပဲ ပိုပြီးအားကိုးမိပါတယ်။

လောကီကောင်းကျိုးအတွက် တခြားအတွေးအခေါ်တွေက အလုပ်ဖြစ်တာတွေလည်း ရှိနေပေမယ့် လောကုတ္တရာအတွက်တော့ ဗုဒ္ဓရဲ့တရားတော်က လွဲရင် မှတစ်ပါး အားကိုးရာမရှိဆိုတာ သေချာနေတာကိုး။ ဒါကြောင့် ကိုယ့်အတွက်တော့ ဗုဒ္ဓရဲ့ သာသနာဆိုတာ ယုံကြည်မှုတစ်ခုသက်သက် ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး။ ဗုဒ္ဓရဲ့ ဆိုဆုံးမမှုအတိုင်း မကျင့်ကြံနိုင်သရွေ့ ကိုယ့်ကိုယ်ကို ဗုဒ္ဓသာသနာကို ကာကွယ်စောင့်ရှောက်သူလို့ မခံယူနိုင်ကြောင်းလည်း သဘောပေါက်မြဲပါ။

ဗုဒ္ဓကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ရတာဟာ လောကီကောင်းကျိုးချမ်းသာကို မျှော်ကိုးလို့ မဟုတ်သလို တခြားဘယ်သူ့ကိုမှလည်း လောကီကောင်းကျိုးချမ်းသာကို လိုချင်လို့ဖြစ်စေ၊ ဘာသာဝင်အရေအတွက် တိုးပွားရာတိုးပွားကြောင်း၊

မဆုတ်ယုတ်ကြောင်းအတွက် အားထုတ်စေချင်လို့ဖြစ်စေ ဗုဒ္ဓကို ကိုးကွယ်ယုံကြည်တာမျိုး မဖြစ်စေချင်ခဲ့ပါဘူး။ ဒါပေမဲ့ လောကီလူ့ဘုံမှာ ကျင်လည်ကြကုန်တဲ့ ဝေနေယျတွေအဖို့မှာတော့ သံသရာဘေးထက် နီးရာစားဖြစ်တဲ့ လက်ရှိဘဝအရေးတွေကို တွေးကြောက်ရတာတွေလည်း ရှိနေမြဲပါပဲ။ ဒီလိုဖြစ်လေ ဗုဒ္ဓရဲ့ ဆိုဆုံးမမှုကို ထဲထဲဝင်ဝင်မသိဘဲ လောကီကောင်းကျိုးချမ်းသာအလို့ငှာ သက်ဝင်ယုံကြည်သူတွေ များလာနိုင်လေဆိုတာမျိုး ဖြစ်နေတာကိုလည်း သတိထားမိပါတယ်။

ဒီတော့ ဗုဒ္ဓရဲ့ လောကီအကျိုးအလို့ငှာ ဆိုဆုံးမစကားတွေကို အစစ်အမှန်အတိုင်း၊ အရင်းအတိုင်း ကြားနာခွင့်ရပါမှ ဝေနေယျတွေအဖို့ ချမ်းသာရာ ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘဲ တစ်စုံတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့ စိတ်ကြိုက်ပြုပြင်စီရင်ထားတဲ့ စကားတွေကို ဗုဒ္ဓရဲ့အဆုံးအမအဖြစ် သဘောပေါက်မှားသွားကြမယ်ဆိုရင်ဖြင့် အဲဒီစကားတွေ ကြားရသူတွေအတွက် ဗုဒ္ဓရဲ့သာသနာကို နည်းမှန်လမ်းမှန်နဲ့ ကာကွယ်စောင့်ရှောက်နိုင်စွမ်းတွေ ဆုံးရှုံးရနိုင်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းအဖို့ ဗုဒ္ဓရဲ့ အဆုံးအမအစစ်အမှန်တွေကို လောကီကြောင်းအရပါ ချိန်ထိုးပြီး သိနားလည်နိုင်ခွင့်ဟာ သိပ်အရေးကြီးပါတယ်။ အဲဒီလို နားလည်မှုမျိုး မရခဲ့ရင် မှတ်ပုံတင်ထဲမှာသာ ကိုယ့်ကိုယ်ကို ဗုဒ္ဓဘာသာဝင်အဖြစ် သတ်မှတ်ဖော်ပြခံထားရပေမယ့် ဗုဒ္ဓသာသနာကို ကာကွယ်စောင့်ရှောက်သူမဖြစ်တော့ဘဲ နစ်နာသွားနိုင်တာပေါ့။

ဒီအတွက် ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ လက်ရှိ လောကီမှာ ကြုံတွေ့ရသမျှကို ဗုဒ္ဓရဲ့ အဆုံးအမနဲ့ ချိန်ထိုးညှိနှိုင်းကာ ဆုံးဖြတ်ရှင်သန်နိုင်ပါမှ လက်ရှိလောကီအတွက်ရော သံသရာလောကုတ္တရာအတွက်ပါ အကျိုးရှိမှာ ဖြစ်ပါတယ်။ အခုစာအုပ်လေးက ဒီအကျိုးကို ဆောင်ပေးတဲ့ စာအုပ်လေးပဲဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာလည်း လောကီရေးပေမို့ လက်ရှိဖြစ်ပျက်နေသမျှ နိုင်ငံရေးလောကီတွေကို ဗုဒ္ဓရဲ့ အဆုံးအမ အစစ်အမှန်တွေပေါ် အခြေခံပြီး ဆုံးဖြတ်သုံးသပ်နိုင်အောင် အားထုတ်ထားတဲ့စာအုပ်မို့ သာသနာကို စောင့်ရှောက်လိုသူတွေ ဖတ်ထိုက်တဲ့စာအုပ်လို့ ဆိုပါရစေ။ ဒီစာအုပ်မျိုး ထွက်ရှိအောင် ကြိုးပမ်းကြသူတွေကိုလည်း ကျေးဇူးစကားဆိုပါရစေ။

■ မသီတာ(စမ်းချောင်း)

# အသိဉာဏ်ကမ္ဘာ

တိရစ္ဆာန်တို့ထက် လူသားတို့၏ သာလွန်မှုမှာ အသိဉာဏ်သာဖြစ်သည်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြမ်းစိတ်ဖြာ သိနိုင်စွမ်းရှိသောကြောင့် လူဟု ခေါ်ဆိုကြောင်း ဝိဂြိုဟ် ဝစနတ်ပြုကြသည်။ အသိဉာဏ်ပညာ၏ ပြယုဂ်အဖြစ် လူသားကို လက်ညှိုးထိုးပြကြသည်။ ထိုအသိဉာဏ်ကြောင့်လည်း လူသားကမ္ဘာသည် ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်လာသည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်ခေတ်မှ ဂြိုဟ်တုစလောင်း အဏုမြူမှန်ပြောင်းခေတ် ရောက်လာသည်။ လူသားကမ္ဘာ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းတာရ ခက်လောက်အောင် ကျယ်ပြန့်လာခဲ့သည်။

အသိဉာဏ်ပိုင်းကို ညွှန်ပြ၍ လူဟု ဂုဏ်ယူကြသည့် ခဏမှာပင် ထိုအသိဉာဏ်၏ ဆန့်ကျင်ဘက် တရားမဲ့တို့သည် လူ့အဖွဲ့အစည်းအတွင်း၌ လူးလာခေါက်တုံ့ စီးဆင်းခဲ့ပြီးပြီ။ ကြီးထွားရှင်သန်ခဲ့ပြီးပြီ။ ပြင်းထန်သော တပ်မက်ခြင်း၊ ဖျက်လိုဖျက်စီး ရန်ငြိုးအာဃာတနှင့် အမုန်းစိတ်၊ တွေဝေမိန်းမူးခြင်း၊ မောက်မာခက်ထန်ခြင်း အစရှိသည့် လူ့နှင့် လူ့အဖွဲ့အစည်းကို စွန်းပေအောင်ပြုလုပ်သည့် တရားတို့သည် စွဲလန်းငြိတွယ်မှုအဆင့်သို့ ရောက်လျက်ရှိသည်။

ထို့ကြောင့် လူသားကမ္ဘာသည် အရေပြားပေါ်၌သာ အရောင်တလက်လက် တောက်ပ၍ လိုချင်တပ်မက်ဖွယ်ဖြစ်နေပြီး အတွင်းအနှစ်သာရကို ရှင်းလင်းသုတ်သင်မှု မပြုနိုင်ကြသဖြင့် ပြိုလဲပျက်စီးလွယ်ခြင်းမြွေပွေးကို ခါးပိုက်ပိုက်ထားရသည်။ ထိုအထဲတွင် အသိဉာဏ်ဦးစီးသော လူတစ်စုက လူသားကမ္ဘာ၏ အတွင်းအနှစ်သာရပိုင်းကို ရှင်းလင်းသန့်စင်မှုဖြစ်အောင် ကြိုးစားနေကြသည်။ ထိုနှင့် တစ်ပြိုင်နက်တည်းမှာပင် ကိလေသာဦးစီးသော လူတစ်စုကလည်းလည်း ကမ္ဘာမြေကို ညစ်ညမ်းပေကျံအောင် ပြုလုပ်နေသည်။

အသိဉာဏ်ပါဝင်ကစားသော ကမ္ဘာဘက်ခြမ်းတွင် သစ်ပင်တွေ စိုက်နေကြသည်။ သူတော်စင်တို့၏ မြင့်မြတ်သော တရားဓမ္မကို ဟောကြားပြသနေကြသည်။ လိုက်နာကျင့်သုံးရန် လုံးပမ်းနေကြသည်။ အေးချမ်းသော ကမ္ဘာသို့ ချီတက်ရန် ပြင်ဆင်နေကြသည်။

ကိလေသာ ခေါင်းဆောင်သော တစ်ဖက်ခြမ်းတွင်မူ သစ်ပင်တွေ ခုတ်လှဲနေကြသည်။ လက်ခမောင်းခတ်လိုသော တောကြောင်များအတွက် တောမီးရှို့နေကြသည်။ အရက်သေစာ မူးယစ်ဆေးဝါးများမှသည် အဏုမြူဗုံးတစ်လုံးအထိ လောင်မြိုက်ခြင်းကို အသုံးပြုနေကြသည်။

သင်ဖတ်ရှုရလတ္တံ့သော အင်တာဗျူးအားထုတ်မှုတစ်ခုဖြစ်သည့် စာရေးသူ အနော်မာ၏ စာအုပ်တွင်မူ အသိဉာဏ်၏ လင်းလက်သောဘက်မှ ကစားပြထားသည်။ မိုက်မဲသူတို့ ခုတ်လှဲခဲ့သော သစ်ပင်များကို ပြန်စိုက်ဖို့၊ ငြိမ်းချမ်းသော တရားဓမ္မဖြင့် လူ့အဖွဲ့အစည်းကို တည်ဆောက်ဖို့ ချဉ်းကပ်ပြထားသည်။

အထူးသဖြင့် အာဏာရှင်တို့ ကြီးစိုးမင်းမူခဲ့သော လူ့သက်တမ်းတစ်ခုစာနီးပါးအတွင်း ဆုံးရှုံးခဲ့ပြီဖြစ်သော မြန်မာ့သဘာဝပတ်ဝန်းကျင်အရေးကို ဦးစားပေး၍ အမေးအဖြေ လုပ်ထားသည်။ ကမ္ဘာမြေကြီးဟူသည် အနင်းခံသက်သက်မျှမဟုတ်။ သစ်ပင်များသည် အခုတ်လှဲခံသက်သက်မျှ မဟုတ်။ သစ်ပင်များကို ခုတ်လှဲခြင်းသည် မိမိ၏ အသက်ဇီဝဓာတ်ကို ခုတ်လှဲပစ်ခြင်းပင်ဖြစ်ကြောင်း၊ မြေကြီးကို အဆမတန် တူးဖြိုမှုသည် မိမိ၏ အသက်ရှင်ရခြင်းကို တူးဖြိုရခြင်းနှင့် အတူတူပင် ဖြစ်ကြောင်း အသိတရားများကို ပေးအပ်နိုင်လိမ့်မည်ဖြစ်သည်။

အင်တာဗျူးခံ ဆရာတော်များဖြစ်သော မွေရိပ်မဂ္ဂဇင်းအယ်ဒီတာ မောင်ခိုင်တည်၊ ပဋ္ဌာနိကာယ်ကျောင်းတိုက်ဆရာတော် အရှင်ပညာသီဟာဘိဝံသ၊ ပဋ္ဌာန်းအလင်းရောင် ဆရာတော် အရှင်တေဇနိယတို့သည် မိမိ၏ ဆရာသမားများ ဖြစ်ကြပါသည်။ ထိုဆရာတော်တို့၏ တိုင်းပြည်နှင့်သာသနာအပေါ် ထားအပ်သော ကောင်းမြတ်သည့် စေတနာကို မိမိက သိပြီးဖြစ်ပါသည်။

သစ်ပင်တစ်ပင်စိုက်ရာမှသည် တိုင်းပြည်တစ်ပြည် အောင်မြင်ဖြစ်ထွန်းသည် အထိ တည်ဆောက်ရေးတွင် ဤစာအုပ်သည် ဖိနပ်တစ်ရံ ထီးတစ်လက် ဖြစ်နိုင်ပါသည်။

လေးစားမှုဖြင့်

■ သားအေးည

# ပဋ္ဌမမြောက်စာအုပ်နှင့် ကျွန်တော်

ငြိမ်းချမ်းရေး စကားလုံးလေးကိုက နှစ်လိုဖွယ်ကောင်းပါသည်။ အဇ္ဈတ္တ (အတွင်း) ငြိမ်းချမ်းရေးနှင့် ဗဟိဒ္ဓ (အပြင်) ငြိမ်းချမ်းရေး အရေးနှစ်ရေးသည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးပါသည်။ အတွင်းအပြင်ဆက်စပ်မှုလည်း ရှိပါသည်။ စာရေးသူသည် ယခုပဋ္ဌမမြောက် ဓမ္မအမေးအဖြေစာအုပ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခန်းကဏ္ဍများနှင့်ပတ်သက်ပြီး ဓမ္မမဂ္ဂဇင်းအယ်ဒီတာ မောင်ခိုင်တည်နှင့် ဓမ္မအမေးအဖြေများပြုလုပ်ထားသည်ကို စာရှုသူများ တွေ့ရှိရမည်ဖြစ်ပါသည်။ မေးစရာရှိပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းရေး ဘယ်လို ဆက်စပ်ပါသနည်း။ စာရေးသူတို့ စာရှုသူတို့အနေဖြင့်လည်း ငြိမ်းချမ်းရေးဆိုသော အကြောင်းအရာကို ဘယ်လိုနားလည်သဘောပေါက်ထားပါသနည်း။

စာရေးသူအနေဖြင့် မိမိ၏ ကိုယ်ပိုင်သုံးသပ်ချက်အားပြောရလျှင် ယနေ့ကမ္ဘာလောကကြီးအတွင်းရှိ နိုင်ငံအချို့တွင် စစ်ဖြစ်၍ မငြိမ်းချမ်းခြင်း၊ လူမျိုးရေးဘာသာရေး ပဋိပက္ခများကြောင့် မငြိမ်းချမ်းခြင်း၊ နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် မငြိမ်းချမ်းခြင်း စသည်တို့ဖြင့် အပြင်းအထန် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

အစ္စုတ္တကို အတွင်းဟုဆိုရလျှင် အပြင်ဗဟိဒ္ဓအာရုံများဖြင့် ထိတွေ့ခြင်းကြောင့်လည်း မငြိမ်းချမ်းမှုက ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အစ္စုတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး ငြိမ်းချမ်းဖို့ လိုပါသည်။

ယခုစာရေးသူပြောချင်သည်က သဘာဝပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းရေးကို ဆက်စပ်တွေးမိ၍ ဗုဒ္ဓဓမ္မရှုထောင့်မှ အမေးအဖြေအခန်းကဏ္ဍတစ်ခုကို စာရေးသူအနေဖြင့် ပဌမမြောက်စာအုပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ လူတို့၏စီမံခန့်ခွဲအုပ်ချုပ်မှုအောက်တွင် ယနေ့ သဘာဝပတ်ဝန်းကျင်ကြီးဖြစ်တည်ပြောင်းလဲမှုများ အခြေခံသည်ဟုဆိုလျှင်အသင်တို့ငြင်းနိုင်ပါမည်လား။

ဥပမာ ပြောရလျှင် မြစ်ဆုံကိစ္စပဲဆိုကြပါစို့။ မြစ်ဆုံ ရေကာတာတည်ဆောက်ခြင်းကိစ္စမှာ ပညာရှင်များကို ပစ်ပယ်ပြီး အုပ်ချုပ်သူများရဲ့ အရမ်းကာရောစီစဉ်မှုကြောင့် ပတ်ဝန်းကျင်မှာရှိသော ရွာအချို့လည်း ရွှေ့ပေးလိုက်ရသလို ပုံမှန်လည်ပတ်နေသည့် အနီးအနား ပတ်ဝန်းကျင်ရှိ ရွာသူရွာသားတွေရဲ့ နေရေးထိုင်ရေး ကျန်းမာရေးကိစ္စတွေပါ ယိုင်ဆင်းသွားတာကို တွေ့ရမှာဖြစ်ပါသည်။ အဲဒါကပဲ မငြိမ်းချမ်းမှုဖြစ်သည်။


ထို့အတူ လက်ပံတောင်းတောင်ကိစ္စမှာ ပညာရှင်တွေနဲ့ဒေသခံတွေ ကန့်ကွက်နေတဲ့ကြားထဲက ဖွတ်စီစဉ်ခဲ့တဲ့အတွက် ပဋိပက္ခတွေလည်းဖြစ်ခဲ့သလို အချို့သော ပြည်သူတွေရဲ့ အသက်တွေ စတေးခဲ့ရပါသည်။ ဒါတွေဟာ လည်းတိုင်းပြည်တစ်ခု အတွင်းမှာ မငြိမ်းချမ်းခြင်းရဲ့ ပြယုဂ်တွေပါပဲ။

နောက်တစ်ချက်ကတော့ ၂၀၀၈-ခုနှစ် အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ နာဂစ်လိုမျိုး မုန်တိုင်းအန္တရာယ်တွေနဲ့ပတ်သက်လို့ အလူးအလဲခံခဲ့ရတာကိုပဲ တွေးကြည့်ရင် တိုင်ပြည်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ စီမံခန့်ခွဲမှုဘယ်လောက်တောင် ညံ့ဖျင်းခဲ့သလဲ ဆိုတာ အထင်အရှားတွေ့ကြရမှာ ဖြစ်ပါသည်။ လူတွေအားလုံးရဲ့ ဘဝအခြေတွေ ပျက်ခဲ့ရသလို အသက်ပေါင်းများစွာလည်း ဆုံးရှုံးခဲ့ကြရပါသည်။ ဒါဟာလည်း မငြိမ်းချမ်းခြင်းရဲ့ပြယုဂ်တစ်ခုပါပဲ။

ဒါကြောင့်စာရေးသူ အနေနဲ့ကတော့ ငြိမ်းချမ်းရေးလို့ ပြောတဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်မယ်လို့ထင်ပါသည်။ ဒါကြောင့် ယခုပဌမမြောက်စာအုပ်မှာ သဘာဝပတ်ဝန်းကျင်ကို သစ္စာဖောက်ကြသူများ

ခေါင်းစဉ်နဲ့ အမေးအဖြေအခန်း ကဏ္ဍလေးကို စာရှုသူများ ဖတ်ရှုလေ့လာရင်းဖြင့် အနော်မာရဲ့ အခြားသော ငြိမ်းချမ်းရေးအတွက် ဓမ္မအမေးအဖြေများကိုလည်း ဝေဖန်သုံးသပ်အကြံပေးခြင်းဖြင့် ကုသိုလ် ပြုကြပါလို့ … ။

မေတ္တာများစွာဖြင့်
■ အနော်မာ



## အရှင်ခေမိန္ဒ (မောင်ခိုင်တည်)
## နှင့် ဓမ္မအမေးအဖြေ

ကိုယ့်နိုင်ငံအတွင်းမှာရှိတဲ့ အပိုးထိုက်တန်တဲ့ သယံဇာတတွေကို
ကိုယ်ကိုယ်တိုင်လည်း ဉာဏ်နဲ့ယှဉ်လို့ အသုံးပြုသင့်သလို
အခြားတိုင်းတစ်ပါးက လာတဲ့သူတွေကိုလည်း ငွေရရင်ပြီးရောဆိုတဲ့
အကြောင်းတစ်ခုတည်းနဲ့ လက်လွတ်၊ ပါးစပ်လွတ်လုပ်ပိုင်ခွင့်တွေ မပေးသင့်ပါဘူး။

# သဘာဝပတ်ဝန်းကျင်အပေါ် သစ္စာဖောက်ကြသူများ

'တစ်ပင်၊ နှစ်ပင်
သုံးလေးပင်
သစ်ပင်များစွာ
ပေါင်းစုလာသော်
မဟာမြေတွင်
ရွှေပင်သစ်တောကြီး
ပေါက်လိမ့်မည်။'

မိမိနေထိုင်ရာ နေရာဒေသတစ်ခု၏ ပတ်ဝန်းကျင်ကို မိမိတို့ ဘယ်လောက်စောင့်ရှောက်ခဲ့ပါသလဲ။ တောတောင်ရေမြေသဘာဝတရားတို့သည် မိမိတို့နှင့်ဆက်စပ်နေသည်ကို မေ့နေကြပါသလား။ 'သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည်'ဟု ဆိုရိုးစကားရှိခဲ့ရာ ယနေ့အချိန်အခါတွင်မူ သစ်တောပြုန်းတီးမှုများပြားလာခြင်းကြောင့် ငှက်တစ်သောင်းပင် မပြောနှင့် ငှက်တစ်ထောင်ပင် နားရန်

အခက်အခဲများစွာရှိလာပြီဖြစ်သည်။ စာရေးသူတို့သည် မိမိတို့၏ နေထိုင်ရာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိရမည်ဖြစ်သလို မိမိတို့နှင့်ဆက်စပ်နေသော သဘာဝပတ်ဝန်းကျင်အပေါ်တွင်လည်း အလေးဂရုပြုရမည်ဖြစ်ပါသည်။

စာရေးသူ ယခုတစ်ပတ်တွေးမိသည်မှာ သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်၍ မြတ်ဗုဒ္ဓ၏ ဓမ္မကျမ်းဂန်အလာများနှင့်ပတ်သက်ပြီး ဓမ္မအမေးအဖြေပြုလုပ်ချင်စိတ်ဖြစ်ပေါ်လာမိသည့်သကာလ ဓမ္မရိပ်မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ မောင်ခိုင်တည် (အရှင်ခေမိန္ဒ)ထံသို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်သည် ဓမ္မရိပ်မဂ္ဂဇင်းတွင် သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်သည့် ဆောင်းပါးများစွာကို ရေးသားတော်မူနေသည်ဟု သိရှိထား၍ ဖြစ်ပါသည်။

ဆရာတော်နှင့် အမေးရှိသမျှ ဆရာတော်၏ အဖြေများကို စာရှုသူများထံသို့ မျှဝေကုသိုလ်ပြုအပ်ပါသည်။

**စာရေးသူ**။ ။*အရှင်ဘုရား ယနေ့ခေတ်မှာ ခေတ်အစားဆုံးစကားလေးတစ်ခွန်းရှိပါတယ် ဘုရား။ အဲဒီစကားကတော့ 'သစ္စာဖောက်'ဆိုတဲ့စကားပဲဖြစ်ပါတယ်ဘုရား။ အမျိုးဘာသာသာသနာနဲ့ပတ်သက်လို့ ထွက်ပေါ်လာခဲ့တဲ့စကားဆိုရင်လည်း မမှားပါဘူးဘုရား။*

**ဆရာတော်**။ ။နေပါဦး ဒကာ၊ အခု ဘုန်းကြီးတို့ဆွေးနွေးမယ့် အကြောင်းအရာနဲ့ အဲဒါနဲ့ ဘယ်လိုဆက်စပ်မှုရှိလို့လဲ။

**စာရေးသူ**။ ။*ဆက်စပ်မှုရှိပါတယ် ဘုရား။ တပည့်တော်တို့ဟာ အမျိုး ဘာသာ သာသနာကို စောင့်ရှောက်နေရုံနဲ့မပြီးဘဲ အမျိုး ဘာသာ သာသနာ ရေရှည်တည်တံ့ခိုင်မြဲဖို့ဆိုရင် တပည့်တော်တို့နိုင်ငံမှာရှိတဲ့ ရေ၊ မြေ၊ တော၊ တောင် သယံဇာတပစ္စည်းတွေကိုလည်း ကာကွယ်စောင့်ရှောက်ဖို့သင့်တယ်လို့ ထင်မိပါတယ်။ ဒါကြောင့် တပည့်တော်အနေနဲ့ 'သဘာဝပတ်ဝန်းကျင်အပေါ်သစ္စာဖောက်ကြသူများ'ဆိုသော ခေါင်းစဉ်အောက်မှာ အမေးများကို မေးလျှောက်ချင်တဲ့အတွက် လျှောက်ထားခဲ့ရခြင်းဖြစ်ပါတယ် ဘုရား။*

**ဆရာတော်**။ ။အေးကွယ်၊ ဘုန်းကြီးတို့ သဘောပေါက်ပါတယ်။ ဒကာလေး မေးလျှောက်မယ့် မေးခွန်းများနဲ့ပတ်သက်ပြီး ဘုန်းကြီးတို့အနေနဲ့လည်း ဗုဒ္ဓအလိုနဲ့သာ

ဖြေကြားပေးပါမယ်။ ဒကာလေး မမေးခင် ဘုန်းကြီးတို့အနေနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ပြောစရာတွေကတော့ အများကြီးရှိနေပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား။ တပည့်တော်အနေနဲ့ ဦးစွာပထမ ရာသီဥတုနဲ့ပတ်သက်လို့ ပြောင်းလဲလာတဲ့အပေါ်အရှင်ဘုရားရဲ့ သုံးသပ်ချက်ကို သိချင်ပါတယ်ဘုရား။*

**ဆရာတော်**။ ။ကံ၊ စိတ်၊ ဥတု၊ အာဟာရရယ်လို့ ရှိတဲ့အထဲမှာ ရာသီဥတုဆိုတာလည်း ပါဝင်နေပါတယ်။ သက်ရှိလောကသားတိုင်းအတွက် မဖြစ်အနေလိုအပ်ပါတယ်။ အနာရောဂါကုတဲ့ဆေးဆရာသည်ပင်လျှင် ရာသီဥတုရဲ့ အရေးကြီးပုံကို ယခုလို မိန့်ဆိုထားတာရှိပါတယ်။ အဲဒါကတော့ "ရာသီမနိုင် ဆေးမကိုင်နဲ့" ရယ်လို့ဖြစ်ပါတယ်။ ဥတုရာသီဆိုတာကလည်း တောကို အမှီသဟဲပြုပြီးမှ ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ ဒီတော့ ရာသီဥတုမှန်ဖို့ဆိုရင် သစ်တောတွေ မပြုန်းတီးဖို့ ကာကွယ်စောင့်ရှောက်ရမယ့်တာဝန်ဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲ ကာကွယ်စောင့်ရှောက်မှုမဲ့စွာနဲ့ သစ်ပင်တွေကို ခုတ်ချင်တိုင်း ခုတ်လှဲကြမယ်ဆိုရင် ဘုန်းကြီးတို့ နိုင်ငံအနေနဲ့ မလိုလားအပ်တဲ့ သဘာဝဘေးဒဏ်တွေကို ခံစားကြရမှာဖြစ်ပါတယ်။

ဒီတော့ ဒကာလေးခေါင်းစဉ်နဲ့ပြောရမယ်ဆိုရင် သဘာဝပတ်ဝန်းကျင်အပေါ်ကို သစ္စာမဖောက်ဖို့လိုအပ်သလို သဘာဝကြီးရဲ့ ကျေးဇူးသစ္စာတရားကိုလည်း နားလည်ဖို့လိုပါတယ်။

**စာရေးသူ**။ ။*တပည့်တော်တို့ နိုင်ငံမှာ သစ်တောနဲ့ပတ်သက်ပြီး လက်ရှိအခြေအနေဟာ အင်မတန်မှ စိုးရိမ်စရာရှိပါတယ်။ အာဏာရှင်ခေတ်အဆက်ဆက် လုပ်ငန်းရှင်များကို အာဏာရှင်ရဲ့ ကိုယ်ကျိုးစီးပွားသက်သက်ကိုကြည့်ပြီး သစ်ပင်များကို ခုတ်လှဲပြီး အိမ်နီးချင်းနိုင်ငံအချို့ကို တင်ပို့ရောင်းချစီးပွားရှာခြင်းဟာ တကယ်တော့ တိုင်းပြည်ကို သစ္စာဖောက်တယ်လို့မြင်မိပါတယ်ဘုရား။ အရှင်ဘုရားအနေနဲ့ အဲဒီအပေါ်မှာ သုံးသပ်ပေးတော်မူပါဘုရား။*

**ဆရာတော်**။ ။တော်လှန်ရေးကောင်စီလက်ထက်ကနေစပြောရမယ်ဆိုရင် ၁၉၆၀ ခုနှစ် မြန်မာတစ်နိုင်ငံလုံးရဲ့ သစ်တောဖုံးလွှမ်းမှုပမာဏ(၇၀%)ကျော်ရှိခဲ့ပါတယ်။ ဦးနေဝင်းလက်ထက် (၂၆)နှစ်အုပ်ချုပ်ခဲ့တဲ့အချိန်အတွင်းမှာ (၁၀%)မျှ လျော့ကျသွားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရတက်လာချိန်မှာတော့ (၄၀%)

ထပ်ပြီး ဆုံးရှုံးခဲ့ပါတယ်။ ဘုန်းကြီးတို့ အခုပြောတဲ့ အကြောင်းအရာနဲ့ပတ်သက်လို့ အကိုးအကားအထောက်အထား အခိုင်အလုံရှိလို့ ပြောရခြင်းဖြစ်ပါတယ်။ ဒီတော့ ဘုန်းကြီးပြောချင်တာက လက်ရှိဘုန်းကြီးတို့နိုင်ငံရဲ့ သစ်တောဧရိယာပမာဏဟာ ပြောပလောက်အောင်မရှိတော့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီတော့ ယခုလိုဖြစ်ရခြင်းဟာ မိမိနိုင်ငံအတွင်းမှာရှိတဲ့ သဘာဝကပေးထားတဲ့ အမွေအနှစ်တွေအပေါ်မှာ သစ္စာဖောက်ဖျက်မိခြင်းဖြစ်တယ်လို့ ဘုန်းကြီးတို့က ပြောချင်ပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ တပည့်တော်ဆက်ပြီး မေးလျှောက်ချင်တာက ဗုဒ္ဓကို နတ်သားတစ်ပါးက လျှောက်ထားခဲ့သော 'သဂါထာဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ်၊ ဝနရောပသုတ်' မှာ လာတဲ့ မေးလျှောက်ချက်နဲ့ အဖြေကို ရှင်းရှင်းလင်းလင်းသိချင်ပါတယ်ဘုရား။*

**ဆရာတော်။** ။အဲဒီအမေးနဲ့ပတ်သက်လို့ ဘုန်းကြီးတို့ ကြိုဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ကိုးကွယ်တဲ့ မြတ်ဗုဒ္ဓဟာ သဘာဝတရားရဲ့ကျေးဇူးတွေကို နားလည်သဘောပေါက်ဖို့ ဟောကြားခဲ့တဲ့သာဓကတွေ များစွာရှိပါတယ်။ အဲဒီအထဲကမှ အခုဒကာလေးမေးတာက 'သဂါထာဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ်၊ ဝနရောပသုတ်' မှာ နတ်သားက ဘုရားကို ယခုလိုလျှောက်ထားပါတယ်။

'အဘယ်သူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ အခါခပ်သိမ်း ကောင်းမှုသည် တိုးပွားပါသနည်း။ အဘယ်သူတို့သည် တရား၌လည်းကောင်း၊ သီလ၌လည်းကောင်း တည်သည်ဖြစ်၍ နတ်ပြည်သို့ သွားပါကုန်သနည်း။'

အဲဒီလိုနတ်သားက မေးလျှောက်တဲ့အပေါ် ဘုန်းကြီးတို့ရဲ့ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဟာ ယခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

'အကြင်သူတို့သည် သီးပင်၊ ပန်းပင် တောသစ်ပင်တို့ကို စိုက်ကုန်၏။ တံတားခင်းကုန်၏။ ရေတွင်းရေကန်၊ သိမ်၊ ကျောင်း၊ ဇရပ်တို့ကို လှူကုန်၏။ ထိုသူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း အခါခပ်သိမ်း ကောင်းမှုသည်တိုးပွား၏။ ထိုသူတို့သည် တရား၌လည်းကောင်း၊ သီလ၌လည်းကောင်း တည်ကုန်သည်ဖြစ်၍ နတ်ပြည်သို့ သွားရကုန်၏'ဟု နတ်သားရဲ့ မေးလျှောက်မှုကို ဖြေကြားတော် မူခဲ့ပါတယ်။ အဲဒီမှာ ဘုန်းကြီးတို့ သတိထားမိတာက သီးပင်၊ ပန်းပင်၊ တောသစ်ပင်တို့ကို ထိန်းသိမ်းဖို့ ကာကွယ်စောင့်ရှောက်ဖို့ နဂိုရှိပြီးသားထပ်ပို၍ရှိဖို့ ထိုသို့ပြုလုပ်

ခြင်းကြောင့် သဘာဝအရှိတရားကို စောင့်ရှောက်တဲ့အတွက် ကောင်းမှုတရားတစ်ခု အနေနဲ့သတ်မှတ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ တပည့်တော်လည်း သတိထားမိတာ တစ်ခုရှိပါတယ် ဘုရား။ နတ်သားရဲ့ မေးလျှောက်ချက်ကို ဖြေကြားတဲ့အခါမှာ သိမ်၊ ကျောင်း၊ ဇရပ် အစပြုလို့ လမ်းခင်း၊ တံတားခင်းတဲ့ကိစ္စတွေလည်း ကောင်းမှုထဲမှာ ပါဝင်နေတာ တွေ့ရပါတယ် ဘုရား။ အချို့သောသူတွေဟာ သိမ်၊ ကျောင်း၊ ဇရပ် ဆောက်လုပ်လှူဒါန်းမှုတွေကိုလည်း ပြုလုပ်ပါတယ်။ လမ်း၊ တံတားတွေလည်း ခင်းပါတယ်။ ဒါပေမယ့် မိမိတို့နိုင်ငံတွင်းမှာရှိတဲ့ အဖိုးတန်သစ်များကို ဆင်ခြင်တုံတရားမဲ့စွာ ကိုယ်ကျိုးစီးပွားအတွက် အသုံးချနေတာတွေကို မျက်ဝါးထင်ထင်မြင်တွေ့ကြားသိနေရပါတယ်။ အဲဒီသူတွေအပေါ်မှာ တပည့်တော်အနေနဲ့ မကောင်းမှုကို ပြုလုပ်သူ (တစ်နည်း) သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသူလို့ ပြောလို့ရပါသလားဘုရား။*

**ဆရာတော်။** ။မကောင်းမှုနဲ့ ကောင်းမှုဆိုတာ ဒွန်တွဲနေတာပါ။ ရွေးချယ်ရမှာက ကိုယ့်အလုပ်ပါ။ ကောင်းမှုကိုပြုတဲ့နေရာမှာလည်း ဉာဏ်ပါဖို့လိုပါတယ်။ သဒ္ဓါတရားရှိရုံနဲ့မပြီးပါဘူး။ အကုသိုလ်အလုပ်လုပ်တဲ့နေရာမှာလည်း စေ့ဆော်လာတဲ့ အကုသိုလ်စေတသိက်တွေကြောင့် နောက်ဆုံးမိမိရဲ့ ကိုယ်ကျိုးစီးပွားတစ်ခုအတွက် အတ္တကြီးစွာနဲ့ ဆုံးဖြတ်ကြတဲ့အခါ မိမိလည်းထိခိုက်သလို မိမိရဲ့ပတ်ဝန်းကျင်တစ်ခုလုံးလည်း ထိခိုက်နစ်နာပါတယ်။ အများပိုင်ပစ္စည်းကို မိမိတို့ တစ်စုတစ်ဖွဲ့၊ တစ်ဦးတစ်ယောက်ရဲ့ အာဏာနဲ့ ပေါင်းစပ်အသုံးချပြီး ကိုယ်ကျိုးစီးပွားအတွက် ပြုလုပ်မယ်ဆိုရင်တော့ အင်မတန်အကုသိုလ်ကြီးပါတယ်။

အဲဒီကရလာတဲ့ အမြတ်အစွန်းတွေနဲ့ ကျောင်းတွေ၊ သိမ်၊ ဇရပ်တွေ ဆောက်လုပ်လှူဒါန်းတယ်ပဲထားဦး၊ လမ်းတွေ၊ တံတားတွေခင်းတယ်ပဲဆိုပါဦး။ ထိုသူဟာ သူ့စိတ်သူအသိဆုံးဖြစ်သလို ဘာအတွက်ကြောင့် ဘာလုပ်ရတယ်ဆိုတာကို သူသာလျှင် အသိဆုံးဖြစ်မှာပါ။ ရှင်းအောင်ပြောရရင် 'အကုသိုလ်ဆင်သေရေကို ကုသိုလ်ဆိတ်သားရေ'လောက်နဲ့ ဖုံးအုပ်ပစ်လို့မရပါဘူး။

မြန်မာနိုင်ငံမှာ ရှိနေတဲ့ သစ်တောမှန်သမျှဟာ မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်း ပိုင်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေရဲ့ သဘောတူညီချက်မပါဘဲ ခုတ်ချင်တိုင်း ခုတ်လှဲနေတာတွေဟာ တကယ်ကို မိမိတို့နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်အပေါ်မှာ

သစ္စာဖောက်နေကြခြင်း ဖြစ်ပါတယ်။ အမျိုး ဘာသာ သာသနာကို ကာကွယ်ဖို့ဆိုရင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကာကွယ်တတ်ဖို့ ပိုလို့တောင် အရေးကြီးတယ်လို့ သိထားဖို့လိုအပ်ပါတယ်။ ကဲ … ကိုအနော်မာရေ ဒီနေရာမှာတင် ခဏရပ်လို့ နောက်တစ်ပတ်ဆက်ကြဦးစို့ရယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား။*

စာရေးသူလည်း သာဓုသုံးကြိမ်ခေါ်လို့ ဆရာတော်ထံမှ အပြန်လမ်းမှာတော့ နောက်တစ်ပတ် ဆရာတော်ရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ဗုဒ္ဓအလိုနဲ့ညီကာ မိန့်ကြားချက်များကို ကြားချင်စိတ်တွေ တဖွားဖွားဖြစ်နေပါနေမိပါတော့တယ်။

■ ■ ■

# သဘာဝပတ်ဝန်းကျင်အပေါ် သစ္စာဖောက်ကြသူများ (၂)

**စာရေးသူ။** ။*လူသားတွေနဲ့ သက်ရှိသတ္တဝါအားလုံးဟာ သဘာဝပတ်ဝန်းကျင်ကို မှီတည်ပြီး အသက်ရှင်ရပ်တည်နေရတာဖြစ်ပါတယ်ဘုရား။ အပြန်အလှန်အမှီသဟဲပြုမှု ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတာနဲ့ပတ်သက်ပြီး အရှင်ဘုရားရဲ့ အမြင်ကိုလည်း သိချင်ပါတယ်ဘုရား။*

**ဆရာတော်။** ။မိမိနေထိုင်တဲ့ပတ်ဝန်းကျင်ကို မိမိက စောင့်ရှောက်မှ ထိုပတ်ဝန်းကျင်ဟာလည်း မိမိကို ပြန်လည်စောင့်ရှောက်နိုင်မှာဖြစ်တယ်။ သစ်တစ်ပင်ရဲ့တန်ဖိုးကို နားလည်ဖို့လိုသလို တန်ဖိုးထားဖို့လည်း လိုအပ်ပါတယ်။ တကယ်တော့ သဘာဝပတ်ဝန်းကျင်နဲ့ ကိုယ်နဲ့ဆိုတာ အပြန်အလှန်အမှီသဟဲပြုနေကြတာပဲမဟုတ်လား။ သစ်တစ်ပင်စိုက်တာဟာ ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းတာနဲ့ အတူတူပဲလို့ ဗုဒ္ဓဟောခဲ့တဲ့တရားတွေလည်းရှိပါတယ်။

ရှေးတုန်းက ဆရာတော်ကြီးတွေဟာ ကျောင်းတစ်ကျောင်းဆောက်ပြီဆိုရင် ထိုအဝန်းအဝိုင်းမှာရှိတဲ့ သစ်ပင်တွေကို ရှောင်ကွင်းပြီး ဆောက်လုပ်ခဲ့ကြတာတွေကို ကြားဖူးတွေ့ဖူးခဲ့ပါတယ်။ ဒါဟာ သစ်ပင်တွေရဲ့တန်ဖိုးကို နားလည်သဘောပေါက်လို့

ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မိုးရာသီအခါကာလရောက်ပြီဆိုရင် ယခုလက်ရှိအချိန်အခါမှာ အထူးသတိပြုစရာတွေ များလာပါတယ်။ ယခုပဲကြည့် စစ်ကိုင်းတိုင်းအထက်ပိုင်း ဒေသတော်တော်များများမှာ ရေဘေးဒုက္ခတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ ဒါဟာ သစ်တောပြုန်းတီးမှုကို အခြေခံပြီး ဒီဘေးဒုက္ခဆိုးတွေကြုံတွေ့ရတယ်ဆိုရင် ပိုမှန် လိမ့်မယ်လို့ ထင်ပါတယ်။ ဒီတော့ သက်ရှိလောကတည်မြဲဖို့ဆိုရင် အပြန်အလှန် အမှီသဟဲပြုနေသော သဘာဝပတ်ဝန်းကျင်ကို အလေးဂရုပြုဖို့ အထူးပဲ လိုအပ် ပါတယ်။

**စာရေးသူ။** ။*သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်မှုနဲ့ပတ်သက်ပြီး ဗုဒ္ဓသားတော်တွေဖြစ်တဲ့ ရဟန်းတွေအနေနဲ့ရော ပညာပေးဟောပြောမှုများပြုလုပ်သင့် ပါသလား ဘုရား။*

**ဆရာတော်။** ။သဘာဝပတ်ဝန်းကျင်နဲ့ သက်ရှိဆိုတာ အပြန်အလှန်အကျိုးပြုနေတဲ့ အတွက် 'အညမညသဘော'ကို ဆောင်ပါတယ်။ ယနေ့အချိန်အခါမှာ မဖြစ်မနေ သာသနာပြုလုပ်ငန်းတစ်ခုကို လုပ်ရမယ်ဆိုရင် ဘုန်းကြီးကတော့ သစ်ပင်စိုက်ပြီး တောဖြစ်တည်အောင် အဓိကထားလုပ်ချင်ပါတယ်။ သာသနာပြုတဲ့နေရာမှာ ပရိယတ်၊ ပဋိပတ်လည်းရှိသလို သက်ရှိလောက ရေရှည်တည်တံ့နိုင်မြဲဖို့အတွက် သဘာဝ ပတ်ဝန်းကျင်နဲ့ပတ်သက်လို့ ဘုန်းကြီးတစ်ပါးအနေနဲ့ မေ့ထားခဲ့လို့မရပါဘူး။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓသည်ပင်လျှင် တောအရပ်ကိုမှီပြီး တရားအားထုတ်ခဲ့ရတာ ဖြစ်ပါတယ်။ ဘုရားအဖြစ်ပွင့်တော်မူတဲ့အခါမှာလည်း ဗောဓိပင်ခြေရင်းမှာ ပွင့်တော် မူခဲ့တာဖြစ်ပါတယ်။

ဘုန်းကြီးဆိုလိုချင်တာက တောအရပ်၊ တောင်အရပ်ဆိုတာ စိတ်ငြိမ်းချမ်းရာ နေရာဌာနလို့လည်း ပြောလို့ရပါတယ်။ ယခင်က မိုးဘယ်လောက်ရွာရွာ၊ လေဘယ် လောက်တိုက်တိုက် တောတွေ၊ တောင်တွေ၊ သစ်ပင်တွေက လုံလောက်စွာ ဝါးမြို စားသုံးပစ်လိုက်နိုင်တာကြောင့် မြို့တွေ၊ လယ်ယာမြေစိုက်ခင်းတွေ ယခုလို ဘေးဒုက္ခနဲ့ ကြုံတွေ့ခဲ့ရခြင်းမျိုး မရှိပါဘူး။ မိုးဒဏ်၊ ရေဒဏ်၊ လေဒဏ်၊ အပူဒဏ် မှန်သမျှ လူတို့ကိုယ်စား ခါးစည်းခံပေးကြပါတယ်။ ဒါကြောင့် သစ်တောတွေ တောင်တွေဟာ သက်ရှိတို့အတွက် ကျေးဇူးရှင်တွေလို့ ပြောလို့ရပါတယ်။ ဆရာကြီး

ဦးအုန်းစကားကို ငှားပြီးပြောရမယ်ဆိုရင် 'သစ်ပင်ခုတ်ခြင်းကိစ္စကို ချက်ချင်း ရပ်တန့်လိုက်ဖို့ ကောင်းပါတယ်'။

ဒကာလေးမေးခွန်းကို ပြန်ကောက်ပြီး တိတိကျကျပြောရမယ်ဆိုရင်တော့ တရားဟောဓမ္မကထိကတွေအနေနဲ့ လူတွေနဲ့အနီးစပ်ဆုံးဖြစ်တဲ့အတွက် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်သော ဗုဒ္ဓ ဟောကြားခဲ့သည့် တရားဒေသနာတော်များကို ပြန်လည်ဟောကြားလမ်းညွှန်ပေးဖို့ အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒါနခန်း၊ သီလခန်းဆိုတာ တကယ်တော့ အလွန် ကျယ်ဝန်းလှပါတယ်။ သစ်တစ်ပင်စိုက်တာလည်း ဒါနဖြစ်ပါတယ်။ သစ်တစ်ပင် မခုတ်တာလည်း သီလဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တာဝန်သိမှုနဲ့ တာဝန်ယူမှုက လူသားတိုင်းမှာ ထားရှိရမယ့် စိတ်နေစိတ်ထားတစ်ခုလို့ ထင်မြင်သုံးသပ်မိပါတယ်။ တကယ်တော့ တပည့်တော်တို့နိုင်ငံမှာ တာဝန်သိမှု၊ တာဝန်ယူမှု အလွန်နည်းနေခြင်းအပေါ် အရှင်ဘုရားအနေနဲ့ မိန့်ကြားစရာများရှိရင် နာယူမှတ်သားဖို့ အသင့်ပါဘုရား။*

**ဆရာတော်**။ ။အေးကွယ်၊ လူလို့ဆိုလိုက်တာနဲ့ တာဝန်သိမှု၊ ကျေးဇူးသိတတ်မှု၊ သစ္စာစောင့်သိမှုဆိုတာ ရှိကို ရှိရမယ်။ လူဖြစ်ပါလျက် တာဝန်သိမှု၊ ကျေးဇူးသိတတ်မှု နဲ့ သစ္စာစောင့်သိမှုတို့ မရှိသောအခါမှာ သဘာဝတရားကြီးဟာလည်း မိမိတို့ရဲ့ စိတ်နေစိတ်ထားအတိုင်းပဲ ပြန်လည်တုံ့ပြန်တတ်ပါတယ်။ 'ပညာ နရာနံ ရတနံ' ပညာသည် လူတို့၏ ရတနာမည်၏လို့ ဘုရားရှင်မိန့်တော်မူခဲ့တဲ့အတိုင်း ပညာကို ရတနာအဖြစ် အမြန်တနိုး တန်ဖိုးထားလေ့လာဆည်းပူးဖို့လိုအပ်တယ်။

ဒီနေရာမှာ ပညာနဲ့ သညာကို ခွဲခြားနားလည်ဖို့လိုအပ်ပါတယ်။ ပညာမှာ စေတနာနဲ့ဝါသနာကို အကြောင်းခံပြီး ဘာပဲလုပ်လုပ် အမြော်အမြင်ကြီးစွာနဲ့ တစ်နည်း သတိစောင့်ကြပ်ပြီး လုပ်လေ့လုပ်ထရှိပါတယ်။ သညာသက်သက်ကတော့ ပညာ အဆင့်ကို မရောက်တဲ့အတွက် အတ္တသဘောကိုဆောင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သညာသိသက်သက်နဲ့ စိတ်ကောင်း၊ စေတနာကောင်း မပြဋ္ဌာန်းနိုင်လို့ပဲ ဖြစ်ပါတယ်။

ယနေ့ မိမိတို့ နိုင်ငံတွင်းမှာ ရှိနေတဲ့ သစ်ပင်တွေကို တန်ဖိုးထားရကောင်းမှန်း မသိ၊ အနာဂတ်ကို ကြိုမမြင်ဘဲ အရှေ့ရိုးမ၊ အနောက်ရိုးမ၊ အလယ်ရိုးမတစ်လွှားမှာ

သစ်တောဧရိယာပမာဏ အလွန်နည်းသွားခြင်းဟာ မိမိတို့နိုင်ငံရဲ့ ရာသီဥတု အပြောင်းအလဲက အဆိုးဘက်သို့ ဦးတည်နေတယ်ဆိုတာ လုံးဝကို ငြင်းလို့မရတဲ့အခြေအနေတစ်ရပ်မှာ ရောက်ရှိနေပြီဖြစ်ပါတယ်။

ယနေ့ မိမိတို့နိုင်ငံကြီးတစ်ခုလုံးကြုံတွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှာ လူတို့ရဲ့ ပယောဂကြောင့်ဖြစ်တယ်ဆိုတာ လုံးဝ သေချာပါတယ်။ ဒါကြောင့် တာဝန်သိသူမှာ တာဝန်ရှိစွာနဲ့ တာဝန်ယူချင်စိတ်ရှိဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတွေအနေနဲ့ အကျိုးအမြတ်တစ်ခုတည်းကို မကြည့်ဘဲ တိုင်းပြည်ရဲ့ သယံဇာတများအပေါ်မှာ ပညာမဲ့စွာ လုပ်ငန်းရှင်တွေကို လုပ်ကိုင်ခွင့်ပေးခြင်းမှ အထူးရှောင်ကြဉ်သင့်ပြီဆိုတာ အရေးတကြီး ဘုန်းကြီးတို့အနေနဲ့ ပြောလိုပါတယ်။

**စာရေးသူ**။ ။*သဘာဝပတ်ဝန်းကျင်အကြောင်းပြောလို့ တပည့်တော် သတိရတာတစ်ခုရှိပါတယ်။ ယခု ကျောက်တန်းမြို့မှာ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံဆောက်လုပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး အရှင်ဘုရားအနေနဲ့ အဲဒီအပေါ်မှာ ဘာများမိန့်ကြားချင်တာရှိပါသလဲ ဘုရား။*

**ဆရာတော်**။ ။ဆရာဝင်းမျိုးသူရေးတဲ့ ဆောင်းပါးအချို့မှာ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံနဲ့ပတ်သက်ပြီး ကြုံလာနိုင်တဲ့ အဓိကပတ်ဝန်းကျင်ပြဿနာတွေကို ဘုန်းကြီးတို့ လေ့လာမှတ်သားရတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး လုံးဝသဘောမတွေ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ စက်ရုံခေါင်းတိုင်မှတစ်ဆင့် လေထုညစ်ညမ်းခြင်းပြဿနာ၊ ကျောက်မီးသွေးအမှုန်အမွှားများ လေလွင့်မျောပါခြင်းမှ လေထုညစ်ညမ်းခြင်းပြဿနာ၊ ချော်ပြာများမှတစ်ဆင့် ရေထုညစ်ညမ်းခြင်း၊ စွန့်ပစ်အမှိုက်များမှတစ်ဆင့် မြေအဆိပ်သင့်ခြင်း၊ စွန့်ပစ်ရေများကြောင့် ဘေးပတ်ဝန်းကျင်ထိခိုက်ခြင်း၊ ရေချိုအရင်းအမြစ်တွေ လျော့ပါးကုန်ဆုံးစေခြင်း၊ သူ့ရဲ့နောက်ဆက်တွဲပြဿနာတွေကတော့ ပြန်သူတွေကျန်းမာရေးကို ထိခိုက်စေမယ်။ မြေ၊ ရေညစ်ညမ်းမှုနဲ့ အက်ဆစ်မိုးကြောင့် စိုက်ပျိုးမွေးမြူရေး ငါးလုပ်ငန်းတွေ ထိခိုက်လာနိုင်ပါတယ်။ နစ်ရှည်စိုက်ခင်းတွေနဲ့ သစ်တောတွေ ခြောက်သွေ့ပျက်စီးမှုကြုံရမယ်။ ဇီဝမျိုးကွဲတွေ ပျက်စီးပျောက်ကွယ်သွားနိုင်ပါတယ်။ ပတ်ဝန်းကျင်ညီညွတ်မျှတခြင်း မရှိတော့ဘဲ ပျက်ယွင်းသွားသလို စားနပ်ရိက္ခာဖူလုံမှုကိုလည်း ထိခိုက်လာနိုင်ပါတယ်။

ချုံ့ပြောလိုက်ရင်တော့ အဆိုးဆုံးက ကမ္ဘာကြီးပူနွေးမှုကို မြန်ဆန်စေပြီး ရာသီဥတု ပြောင်းလဲမှုတွေဖြစ်လာတဲ့အတွက် နာဂစ်လိုမျိုး သဘာဝဘေးအန္တရာယ်ဆိုးတွေကိုလည်း လက်ယပ်ခေါ်သလိုဖြစ်နေမှာပါ။ ဘုန်းကြီးတို့လည်း သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားတဲ့အတွက် ဆရာဝင်းမျိုးသူရဲ့ ဆောင်းပါးတွေထဲက မှတ်သားမိသမျှ ဒီနေရာကနေ ပြန်လည် ဝေမျှရခြင်းဖြစ်ပါတယ်။ ဒီတော့ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်တွေရဲ့ အကြံဉာဏ်တွေကို အထူးအလေးဂရုပြုပြီး မဖြစ်မနေ လိုက်နာကျင့်သုံးရမှာဖြစ်ပါတယ်။

ကဲ ... ကိုအနော်မာရေ ဒီတစ်ပတ်တော့ ဒီမှာတင် ခေတ္တရပ်နားကြဦးစို့ရယ်။ သဘာဝပတ်ဝန်းကျင်အကြောင်းပြောမယ်ဆိုရင် အလွန်ကျယ်ဝန်းတဲ့အတွက် ရှေ့တစ်ပတ် ဆက်ပြောကြတာပေါ့။

စာရေးသူလည်း တင့်ပါ့ဘုရားဟုဆိုကာ ဆရာတော်ထံမှ အပြန်လမ်းမှာဖြင့် ယနေ့အချို့သောသူများ၏ အမျိုး ဘာသာ သာသနာဟူသော ခေါင်းစဉ်အောက်တွင် မိမိတို့နိုင်ငံ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးက အရေးအကြီးဆုံးဖြစ်လျက် ဘာကြောင့် မေ့ထားခဲ့တာပါလိမ့်ဟုတွေးရင်း ရှေ့တစ်ပတ်အတွက် မေးလျှောက်စရာများ ကျန်ပါသေးသည်။

■ ■ ■

# သဘာဝပတ်ဝန်းကျင်အပေါ် သစ္စာဖောက်ကြသူများ (၃)

**စာရေးသူ**။ ။*ရှေ့တစ်ပတ်က တပည့်တော်တို့ ကျောက်မီးသွေးစက်ရုံနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့ကြတဲ့နေရာမှာ အဆုံးသတ်ခဲ့ကြပါတယ်ဘုရား။ ယခုတစ်ပတ်တော့ တပည့်တော်တို့အနေနဲ့ 'ဥတု' ကြောင့် သက်ရှိသတ္တဝါတွေ ကောင်းကျိုး၊ ဆိုးကျိုးဘာတွေဖြစ်လာနိုင်လဲဆိုတာ တပည့်တော်အနေနဲ့ သိချင်ပါတယ် ဘုရား။*

**ဆရာတော်**။ ။'ဥတု' ဆိုတဲ့သဘောတရားဟာ တကယ်တော့ ရုပ်တရားတို့နဲ့ ဆက်စပ်မှုရှိနေပါတယ်။ 'ဥတု' က ရုပ်ကိုဖြစ်စေနိုင်ပါတယ်။ ဒါဟာ ဘုရားဟောဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့အပြင်ဘက်မှာရှိသော သစ်ပင်၊ တော၊ တောင်တွေဟာ မြေ၊ ရေ၊ လေစသည့် ဥတုတွေနဲ့ဆက်စပ်မှုတွေရှိနေပါတယ်။ ရာသီဥတုဖောက်ပြန်ရင် ရုပ်ဓာတ်တွေလည်း ဖောက်ပြန်ပျက်စီးနိုင်ပါတယ်။ အပူအအေးလွန်ကဲမှုကြောင့် ရောဂါဘယတွေလည်းဖြစ်နိုင်ပါတယ်။ တကယ်တော့ သက်ရှိ ဒီကမ္ဘာကြီးတစ်ခုလုံးကို ဓာတ်(၄)ပါးနဲ့ ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် ဓာတ်တစ်ခုခုဖောက်ပြန်ပြီဆိုရင် အားလုံး အဲဒီအကျိုးကို ခံစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် 'ဥတုသပ္ပါယ' ဖြစ်ဖို့ လိုအပ်ပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ တစ်ဆက်တည်းမှာပဲ တပည့်တော်သိချင်တာက 'သပ္ပါယ'ရဲ့ အဓိပ္ပါယ်ကို သိချင်ပါတယ်ဘုရား။ 'သပ္ပါယ'ဟာ ဘယ်လောက်ထိ အရေးပါတယ်ဆိုတာ တပည့်တော်ကို မိန့်တော်မူပါဘုရား။*

**ဆရာတော်။** ။ 'သပ္ပါယ'ဆိုတာ ဒကာနားလည်အောင်ပြောရရင် 'မျှတခြင်း' ကို ဆိုလိုတာဖြစ်ပါတယ်။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓဟာ တရားဓမ္မကျင့်ကြံအားထုတ်တဲ့အခါ တရားရဖို့ဆိုရင် မျှတမှုရှိရမယ်လို့ မိန့်ဆိုခဲ့ပါတယ်။ အဲဒီတော့ ဘယ်လိုအရာတွေက 'သပ္ပါယ'ဖြစ်ဖို့လိုပါသလဲဆိုရင် ရာသီဥတုမျှတမှုရှိရမယ်။ လူပုဂ္ဂိုလ်အချင်းချင်း အဆင်ပြေမျှတမှုရှိဖို့လည်း လိုအပ်သလို မိမိနေထိုင်သော နေရာဌာနဟာလည်း အဆင်ပြေမျှတမှုရှိဖို့လိုအပ်ပါတယ်။ အဲဒါကိုပဲ ပါဠိလိုပြောတဲ့အခါ 'ဥတုသပ္ပါယ၊ ဘောဇန သပ္ပါယ၊ ပုဂ္ဂလသပ္ပါယ၊ အာဝါသသပ္ပါယ'ရယ်လို့ ဆိုပါတယ်။ တကယ်တော့ ဒီသပ္ပါယလေးမျိုးဟာ တစ်မျိုးနဲ့တစ်မျိုး ဆက်စပ်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့အနေအထားကိုပဲ ပြောရမယ်ဆိုရင် အခုနေရာဒေသအနှံ့မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေဘေးဒုက္ခကို အလူးအလဲ ခံစားနေကြရပါတယ်။ အဲဒီတော့ ဥတုမျှတမှုမရှိတော့တဲ့အတွက် တစ်ဆက်တည်း ဆိုသလိုပဲ ကျန်တဲ့အာဟာရနဲ့ပတ်သက်လို့လည်း မျှတမှုမရှိတော့ပါဘူး။ ပုဂ္ဂိုလ် အချင်းချင်း အခက်အခဲဒုက္ခဖြစ်လာတဲ့အခါမှာ ကိုယ့်အသက်ရှင်သန်ရေးအတွက် လုနေကြရတဲ့အချိန်မှာ ကိုယ်ချင်းစာနာမှုတရားတွေ ခန်းခြောက်လာပြီး ပုဂ္ဂိုလ်မျှတမှု တစ်နည်းပြောရရင် အဆင်ပြေမှုမဖြစ်နိုင်တော့ပါဘူး။ အဲဒီလိုပဲ နေရာထိုင်ခင်း အဆင်ပြေမှုဆိုတာလည်း ဘယ်လိုမှကို မျှတမှုရှိလာတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် သက်ရှိသတ္တဝါတွေ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သပ္ပါယဖြစ်ဖို့ အလွန် အရေးကြီးပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား။ အရှင်ဘုရားရဲ့ မိန့်ဆိုချက်တွေနားထောင်ရင်း တပည့်တော်အဓိကထားမိတဲ့အရာက ရာသီဥတု တစ်နည်းပြောရရင် 'ဥတုသပ္ပါယ' က ပိုပြီးတော့ အရေးကြီးတယ်လို့ ထင်မြင်မိပါတယ်။ ရာသီဥတုမှန်ဖို့ဆိုရင် သစ်တောတွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ ဘယ်သူတွေမှာ တာဝန်အရှိဆုံး ဖြစ်ပါသလဲဘုရား။*

**ဆရာတော်။** ။အဓိကကတော့ အစိုးရပဲဖြစ်ပါတယ်။ ပြီးတော့ ပြည်သူတွေပေါ့။ သစ်ပင်တစ်ပင်ဖြစ်ဖို့ဆိုတာ အတော်ခက်ပါတယ်။ 'တစ်စေ့ကားကြွက်၊ တစ်စေ့ ငှက်၊ ပုပ်ပျက်တစ်စေ့၊ ပေါက်တစ်စေ့' (one for the mouse, one for the crow, one to the rotten and one to grow) ဆိုစကားစဉ်အတိုင်း သစ်စေ့ ၄ စေ့စိုက်ပါမှ သစ်ပင်တစ်ပင်ဖြစ်ဖို့ လွယ်ကူပါသလား။

ဒါပေမယ့် သစ်အပင်တစ်ထောင်ခုတ်ဖို့တော့ အလွန်လွယ်ကူပါတယ်။ ဒါကြောင့် အဓိကကတော့ နိုင်ငံတော်အစိုးရအနေနဲ့ ရှေ့အပတ်တွေမှာ အမိန့်ရှိခဲ့သလိုပဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်တွေနဲ့ပေါင်းစပ်ပြီး ပြည်သူတွေကိုလည်း သစ်တောတွေကို ထိန်းသိမ်းဖို့၊ ကာကွယ်စောင့်ရှောက်တတ်ဖို့ အသိပညာပေးမှုတွေကို များများ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ တိကျခိုင်မာတဲ့ သစ်တောဥပဒေတွေကို ပြည်သူတွေလေးစားလိုက်နာလာအောင် ရှင်းပြပေးဖို့ အရေးကြီးပါတယ်။

အခုတော့ အဲဒီလိုမဟုတ်ဘဲ အုပ်ချုပ်တဲ့သူကိုယ်တိုင်က စာရိတ္တသီလချို့တဲ့တယ်လို့ပြောရမလား။ သစ်တောတွေကို ကာကွယ်စောင့်ရှောက်တာထက် စီးပွားရေးဈေးကွက်တစ်ခုအနေနဲ့ ရက်ရက်စက်စက်ခုတ်ထွင်ခဲ့တာတွေကို ဘုန်းကြီးတို့ မြင်တွေ့ကြားသိရတော့ အတော်စိတ်မကောင်းဖြစ်မိပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ တပည့်တော်လည်း သတိထားမိတာတစ်ခုရှိပါတယ်။ 'သစ်တစ်ပင်ခုတ် ထောင် ၃ နှစ်'ဆိုတဲ့ ဆိုင်းဘုတ်တွေကို တွေ့ခဲ့ဖူးပါတယ်။ ယခုတော့ အဲဒီဥပဒေတွေကိုလည်း ဘယ်လိုနားလည်ရမှန်းမသိတော့ပါဘူး ဘုရား။*

**ဆရာတော်။** ။သိပ်ဟုတ်တာပေါ့ ဒကာရယ်။ သစ်တစ်ပင်ခုတ် ထောင် ၃ နှစ်ဆိုရင် သစ်ပင်ပေါင်းများစွာကို ဥပဒေမဲ့ခိုးခုတ်တဲ့သူတွေတောင် တစ်သက်တစ်ကျွန်းလို့ စီရင်ချက်ချပြီး နောက်ဆုံးတော့ ၈ ရက်တည်းနေရပြီး လွတ်ငြိမ်းချမ်းသာခွင့်ရသွားတယ်မဟုတ်လား။ ဘုန်းကြီးပြောချင်တာက ကိုယ့်နိုင်ငံအတွင်းမှာရှိတဲ့ အဖိုးထိုက်တန်တဲ့ သယံဇာတတွေကို ကိုယ်ကိုယ်တိုင်လည်း ဉာဏ်နဲ့ယှဉ်လို့ အသုံးပြုသင့်သလို အခြားတိုင်းတစ်ပါးက လာတဲ့သူတွေကိုလည်း ငွေရရင်ပြီးရောဆိုတဲ့ အကြောင်းတစ်ခုတည်းနဲ့ လက်လွတ်၊ ပါးစပ်လွတ်လုပ်ပိုင်ခွင့်တွေ မပေးသင့်ပါဘူး။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ ရာသီဥတုဖောက်ပြန်လာရင် ဘယ်လိုဘေးဒုက္ခဆိုးတွေကြုံတွေ့နိုင်ပါသလဲဘုရား။*

**ဆရာတော်။** ။ဒုဗ္ဘိက္ခန္တရကပ်လို့ဆိုတဲ့ ငတ်မွတ်ခေါင်းပါးတဲ့ဘေး၊ ရောဂန္တရကပ် ရောဂါဘယကပ်ဘေး ဒီဘေးတွေကို မဖြစ်မနေခံစားကြရမှာဖြစ်ပါတယ်။ တကယ်တော့ ဘုန်းကြီးတို့အနေနဲ့ ရာသီဥတုကို အပြစ်မဆိုချင်ပါဘူး။ ဒီလိုရာသီဥတု ဖောက်ပြန်လာအောင် လုပ်ခဲ့တဲ့တရားခံဟာ လူတွေပဲမဟုတ်လား။ လူတွေရဲ့ မဆင်မခြင် လုပ်ရပ်တွေကြောင့် ယခုလို အန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ရခြင်းဖြစ်ပါတယ်။ ယခုဆိုရင် နေရာဒေသအနှံ့မှာ ရေတွေကြီးနေတာ အားလုံးအမြင်ပါပဲ။ ဒီတော့ လယ်မြေ၊ ယာမြေတွေပျက်စီးဆုံးရှုံးမှုများမယ်။ ဒီလယ်ယာမြေတွေကို ပြန်လည်ဖော်ထုတ်ဖို့အတွက် အချိန်ကာလတစ်ခုပေးရပါလိမ့်မယ်။ ကောက်ပဲသီးနှံတွေလည်း ပျက်စီးဆုံးရှုံးမှုများစွာရှိပါတယ်။ အဲဒီအတွက်ကြောင့် အစာရေစာနဲ့ပတ်သက်လို့ အဖြစ်မနေအခက်အခဲတွေကြုံတွေ့ကြရမှာပါ။

ပြီးတော့ ရေပြန်ကျသွားတဲ့အချိန်မှာ မိမိတို့ရဲ့နေရာထိုင်ခင်းတွေ ပျက်စီးဆုံးရှုံးသွားတဲ့အတွက် ပြန်လည်တည်ဆောက်ရေးတွေကို လုပ်ကြရမှာဖြစ်ပါတယ်။ ရေမသန့်ရှင်းတဲ့ကိစ္စတွေ၊ မိလ္လာစနစ်တွေ အဆင်မပြေတဲ့ကိစ္စတွေကြောင့် ဝမ်းရောဂါနဲ့ အခြားသောရောဂါဘေးတွေကို ကြုံတွေ့နိုင်ပါတယ်။ ပြီးတော့ ထိုပြဿနာတွေကို အခြေခံပြီး လူတစ်ဦးနဲ့တစ်ဦး လက်နက်အားကိုးတွေနဲ့ အနိုင်ကျင့်လုယက်တာတွေလည်းဖြစ်လာနိုင်ပါတယ်။ ဒါကိုပဲ 'လက်နက်ဘေး'လို့ ပြောရင်လည်း ပြောလို့ရပါတယ်။

**စာရေးသူ။** ။*အရှင်ဘုရားမိန့်ကြားမှုတွေဟာ မှတ်သားစရာအလွန်ကောင်းပါတယ်ဘုရား။ စောဒကတက်စရာလည်း အလျဉ်းမရှိပါ။ လက်ရှိတပည့်တော်တို့နိုင်ငံမှာ ရန်သူမျိုး (၅)ပါးနဲ့ပတ်သက်ပြီး ပြည်သူတွေကို မလွတ်တမ်းအလှည့်ကျ ဒုက္ခပေးနေသလို ခံစားမိပါတယ်ဘုရား။ အရှင်ဘုရားရဲ့အမြင်ကိုလည်း သိချင်ပါတယ်ဘုရား။*

**ဆရာတော်။** ။ခင်ဗျားတို့ ဩကာသကန်တော့ကျိုးနဲ့ ဘုရားကန်တော့တဲ့အခါ ဆုတောင်းတာလေးရှိတယ်နော်။ အဲဒီအထဲမှာ ရန်သူမျိုး(၅)ပါးဘေးမှ လွတ်ကင်းရပါစေလို့ ဆုတောင်းကြတယ်မဟုတ်လား။ ဆုတောင်းတိုင်းပြည့်ကြသလားဗျာ။

**စာရေးသူ။** ။*မပြည့်ပါဘူးဘုရား။*

**ဆရာတော်။** ။ဒီတော့ ရန်သူမျိုး(၅)ပါးဘေးမှ လွတ်ကင်းအောင်လုပ်ဆောင်ကြဖို့က ဆုတောင်းတာအဓိကမဟုတ်ဘူးဆိုတာကို သိထားဖို့လိုပါတယ်။ လွတ်ကင်းအောင်လို့

ကိုယ်ကသာလုပ်ဆောင်ရမှာဖြစ်ပါတယ်။ မင်းဆိုးမင်းညစ်အုပ်ချုပ်တဲ့တိုင်းပြည်ဟာ ကျန်တဲ့ရန်သူမျိုး (၄)ပါးဖြစ်သော ရေ၊ မီး၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ အဲဒီဘေးဒုက္ခတွေကို တွဲလျက်ခံစားကြရမှာဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုတွဲပြောရလဲဆိုရင် ဗုဒ္ဓရဲ့တရားတော်တွေဟာ အကြောင်းအကျိုးကိုလွှတ်ပြီး မိန့်ဆိုထားတာမရှိတဲ့အတွက်ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ကလည်း အကြောင်းအရင်းခံကို ကြည့်ပြီးမှ မိန့်ဆိုရခြင်းဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ အရှင်ဘုရားမိန့်ဆိုခဲ့တဲ့အထဲမှာ 'ဆုတောင်း'လို့မရဘူး။ ကိုယ်တိုင်လုပ်ယူမှရမယ်ဆိုတာကို တပည့်တော် ဂရုပြုမိပါတယ်ဘုရား။ အဲဒီတော့ တပည့်တော်တို့က ဘေးဒုက္ခဆိုးတွေမှ လွတ်မြောက်အောင် လက်တွေ့ကျကျ ဘယ်လိုလုပ်ဆောင်သင့်ပါသလဲဘုရား။*

**ဆရာတော်**။ ။'ကုရုမဓမ္မဇာတ်တော်'ကို အခြေခံပြီး ပြောချင်ပါတယ်။ ကုရုတိုင်းနဲ့ 'ကာသိတိုင်း'ဆိုပြီး တိုင်းပြည်နှစ်ခုရှိကြပါတယ်။ ကုရုတိုင်းကတော့ ရာသီဥတု အလွန်မှန်ပြီး ဆန်ရေစပါး စားနပ်ရိက္ခာပေါကြွယ်လို့ ကပ်ဘေးများမှ ကင်းဝေးပျော်ရွှင်စွာ နေထိုင်ကြတာကို တွေ့ရှိရပါတယ်။ သူနဲ့ အိမ်နီးချင်းတိုင်းပြည်ဖြစ်တဲ့ ကာသိတိုင်းကတော့ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အလူးအလဲခံစားကြရပြီး ထိုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားပြဿနာတွေနဲ့ ကြုံတွေ့လို့ အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ကပ်ဘေးဆိုက်ရောက်ကြပါတယ်။ အဲဒီတော့ အိမ်နီးချင်းတိုင်းနိုင်ငံဖြစ်တဲ့ ကုရုတိုင်းကို ကြည့်ပြီး စဉ်းစားစရာတွေ ဖြစ်လာပါတော့တယ်။

■ ■ ■

# သဘာဝပတ်ဝန်းကျင်အပေါ် သစ္စာဖောက်ကြသူများ
# ( ၄ )

ရာသီဥတုမှန်တဲ့ ကုရုတိုင်းကိုကြည့်ပြီး ဘာကြောင့် ရာသီဥတုမျှတသာယာမှု ရှိသလဲဆိုတာကို ကာလိင်္ဂတိုင်းကို အုပ်ချုပ်တဲ့ ဘုရင်တစ်ပါးအနေနဲ့ စုံစမ်းမှုတွေ ပြုလုပ်ပါတော့တယ်။ ပုရောဟိတ်တွေကလည်း ကိုယ်ထင်ရာမြင်ရာကို ပြောကြ တာပေါ့။ အားလုံးပြောကြတဲ့အထဲမှာ 'မင်္ဂလာဆင်ဖြူတော်' ကိစ္စက အဓိကဖြစ်လာပါ တော့တယ်။ ကုရုတိုင်းဟာ ရာသီဥတုမှန်ပြီး သဘာဝဘေးအန္တရာယ်တွေကနေ လွတ်ကင်းချမ်းသာနေတဲ့ အကြောင်းအရင်းဟာ မင်္ဂလာဆင်ဖြူတော်ပိုင်ဆိုင်ထား လို့ပဲဖြစ်တယ်လို့ ကာလိင်္ဂဘုရင်နဲ့ ပုရောဟိတ်များက ယုံကြည်နေကြပါတယ်။

ဒီတော့ သံခင်းတမန်ခင်းနဲ့ ကုရုတိုင်းကို အဆက်အသွယ်ပြုပြီး မင်္ဂလာဆင် ဖြူတော်ကို အလိုရှိကြောင်းတောင်းပါတော့တယ်။ ချုံ့ပြောရမယ်ဆိုရင်တော့ မင်္ဂလာ ဆင်ဖြူတော် ကာလိင်္ဂတိုင်းကို ရောက်လာသော်လည်း ကာလိင်္ဂရဲ့ ရာသီဥတုဟာ ပုံမှန်အတိုင်း ဖောက်ပြန်မြဲ ဖောက်ပြန်ဆဲပဲဖြစ်ပါတယ်။ ဒီတော့ အဖြေရှာမရဖြစ်နေ တဲ့ ကာလိင်္ဂတို့အနေနဲ့ ခေါင်းခြောက်စရာတွေ ဖြစ်လာတာပေါ့။

နောက်ဆုံးတော့ အဖြေကို ရှာတွေ့သွားကြပါတယ်။ မင်္ဂလာဆင်ဖြူတော်နဲ့အတူ

ပါလာတဲ့ ကုရုတိုင်းက ဆင်ထိန်းရဲ့ အဖြေဟာ ကာလိင်္ဂတိုင်းအတွက် အမှန်တရားဖြစ်ခဲ့ပါတယ်။ ကုရုတိုင်းသားတွေဟာ ကုရုဓမ္မလို့ခေါ်တဲ့ အခြေခံကိုယ်ကျင့်တရားများကို မင်းရော၊ ပြည်သူပါ စောင့်ထိန်းကြတဲ့အတွက် ရာသီဥတုမျှတမှန်ကန်လို့ ငတ်မွတ်ခေါင်းပါးခြင်းမှလည်း ကင်းဝေးနေတယ်ဆိုတာကို ကာလိင်္ဂတိုင်းသားတို့ သိရှိလိုက်ရတော့ မင်းနဲ့ပြည်သူတွေဟာ ကိုယ်စောင့်ထိန်းကြရမယ့် ကိုယ်နဲ့ဆိုင်ရာ ကိုယ်ကျင့်တရားများကို စောင့်ထိန်းကျင့်ကြံလိုက်နာခြင်းဖြင့် ကာလိင်္ဂတိုင်းဟာ နွေ၊ မိုး၊ ဆောင်း မျှတစွာနဲ့ စားနပ်ရိက္ခာပေါကြွယ်ဝသော တိုင်းပြည်တစ်ခု ဖြစ်လာပါတော့တယ်။ အဲဒီအကြောင်းတရားကို အခြေခံပြီး 'တောင်သလင်းလပြည့်နေ' ကို 'ဂရုဓမ္မအခါတော်နေ့'ရယ်လို့ သတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ အစိကတပည့်တော် နားလည်လိုက်တာက 'ကျင့်ဝတ်' ဆိုတဲ့ အကြောင်းတရားဖြစ်ပါတယ် ဘုရား။ စောင့်ထိန်းလိုက်နာရမယ့်ကျင့်ဝတ်တွေကို မင်းရော၊ ပြည်သူပါ စောင့်ထိန်းလိုက်နာဖို့ အလွန်အရေးကြီးတယ်လို့ ကောက်ချက်ချမိပါတယ်။ ယနေ့ တပည့်တော်တို့နိုင်ငံမှာ 'ဆင်ဖြူတော်'တွေလည်း ရှိပါရဲ့။ သာသနာလည်း ထွန်းကားပါရဲ့။ ဘာကြောင့် ယခုလို ကပ်ဘေးတွေ ကြုံတွေ့နေရတာလဲဆိုတာကို အဖြေရှာလိုက်တော့ ကျင့်ဝတ်တွေ ချို့တဲ့နေလို့ ဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်လိုက်ပါတယ်။*

**ဆရာတော်။** ။မှန်ပါတယ် ဒကာ။ လူလည်း လူ့ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းတွေ ရှိသလို မင်းလည်း မင်းကျင့်ဝတ်တွေကို လိုက်နာဖို့အရေးကြီးပါတယ်။ အဆုံးအမ တစ်ခု တည်ဖို့ဆိုရင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ပုဂ္ဂိုလ်က စံပြအနေနဲ့ ကိုယ်တိုင် ကျင့်သုံးနိုင်မှ တိုင်းသူပြည်သားတွေကလည်း အားကျနမူနာယူပြီး ကျင့်သုံးလာကြမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ပြောချင်တာက တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဗဟုသုတများစွာရှိဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် ဘုရားရှင်ရဲ့ မိန့်ဆိုခဲ့တဲ့အလိုအတိုင်း 'ဗာဟုသစ္စမင်္ဂလာ'နဲ့ ပြည့်စုံတဲ့သူတစ်ယောက်ဖြစ်မှာပါ။ အဲဒီလိုမှမဟုတ်ဘဲ ဗဟုသုတကင်းမဲ့စွာ အခြားသော လောကီအယူတော် မင်္ဂလာတွေနဲ့ သဘာဝတရားကိုဆန့်ကျင်ပြီး လုပ်မယ်ဆိုရင်တော့ 'ဗာဟုသစ္စမင်္ဂလာ'နဲ့ပြည့်စုံတဲ့ မင်းလို့ ပြောလို့မရပါဘူး။

**စာရေးသူ။** ။*အလွန်မှတ်သားနာယူစရာကောင်းသော စကားပါ ဘုရား။* နောက်

*တစ်ချက် တပည့်တော်စဉ်းစားမိတာရှိပါတယ်။ ကြိုတင်စီမံဆောင်ရွက်မှုတွေနဲ့ ပတ်သက်လို့ တပည့်တော်တို့ အလွန်အားနည်းတယ်လို့ ထင်မြင်မိပါတယ်။ အရှင်ဘုရားရဲ့ အမြင်ကိုလည်း သိချင်ပါတယ်ဘုရား။*

**ဆရာတော်။** ။"ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက်ပို၍ စိတ်ချရပါတယ်"။ ဒီဆောင်ပုဒ်ကို ပစ်ပယ်လို့ မရပါဘူး။ ဒါကြောင့် ကြိုတင်ပြီး အရာရာကို ဉာဏ်အမြော်အမြင်ကြီးစွာနဲ့ ဆောက်ရွက်သင့်တာတွေကို ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဥပမာပြောကြပါစို့။ ယနေ့ ဧရာဝတီမြစ်ကြီး ဝေဒနာဆိုးနဲ့ အလူးအလဲခံနေရတာတွေဟာ ကြိုတင်ကာကွယ်မှုတွေ၊ ကြိုတင်ထိန်းသိမ်းမှုတွေ မဆောင်ရွက်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြီး ခန့်ညားတည်ငြိမ်လှပစွာ စီးဆင်းနေနိုင်ဖို့ဆိုရင် တောင်ကျရေတွေရဲ့ ပံ့ပိုးမှုအခန်းကဏ္ဍဟာ အဓိကဖြစ်ပါတယ်။ မိုးရွာသွန်းတဲ့အခါမှာလည်း မြစ်တွေ၊ ချောင်းတွေ၊ မိုးရေတွေ ဒလဟော ပြည့်မောက်လျှံထွက်မသွားအောင် တောတွေ၊ တောင်တွေမှာရှိတဲ့ သစ်ပင်တွေက သိမ်းဆည်းထိန်းချုပ်ပေးထားရမှာ ဖြစ်ပါတယ်။ တောဆိုလျှင်လည်း တောင်နဲ့မကင်းသလို၊ တောင်ဆိုလျှင်လည်း တောနဲ့ ကင်းကွာလို့ မရပါဘူး။ အခုတော့ တောမှာ တောင်မရှိ၊ တောင်မှာ တောမရှိရယ်နဲ့ အသိဉာဏ်နည်းမှုကြောင့် သဘာဝသယံဇာတတွေကို ထင်တိုင်းထင်သလို ကြဲခဲ့ကြလို့ တိုင်းပြည်တစ်ပြည်လုံး ဘေးဒုက္ခဆိုးတွေနဲ့ ကြုံတွေ့နေရခြင်း ဖြစ်ပါတယ်။

**စာရေးသူ။** ။*တင်ပ့ါဘုရား၊ မြစ်ချောင်းတွေက သူ့လမ်းကြောင်းအတိုင်း မစီးဆင်းနိုင်ခြင်းသည်ပင်လျှင် ယနေ့ ရေကြီးရေလျှံပြဿနာရဲ့ အကြောင်းအရင်းတစ်ခုလို့ ပြောလို့ရပါသလား ဘုရား။*

**ဆရာတော်။** ။ပြောလို့ရတာပေါ့ ဒကာ။ ဧရာဝတီမြစ်ရေကိုပဲ ဆိုကြပါစို့။ သူ့လမ်းကြောင်းသူမှန်ကန်စွာ မစီးဆင်းနိုင်ခြင်းရဲ့ လက်သည်တရားခံများကတော့ သဘာဝဖောက်ပြန်မှုကြောင့်မဟုတ်ဘဲ တောင်တွေဖြို၊ မြေတွေတူးပြီး စိန်၊ ရွှေ၊ ကျောက်သံပတ္တမြားတွေ ရှာဖွေနေတဲ့ကိစ္စ၊ ပြီးတော့ သစ်တောနဲ့ မြစ်ကြောင်းတို့၏ ထိန်းသိမ်းနိုင်မှုပမာဏကို မကြည့်ဘဲ ဆည်တွေတူးခြင်း ဒါတွေဟာ ယနေ့ရေကြီးရေလျှံမှုရဲ့ အကြောင်းအရင်းတွေဖြစ်ပါတယ်။

**စာရေးသူ။** ။*မှတ်သားနာယူထိုက်သော ဩဝါဒတွေပဲဖြစ်ပါတယ် ဘုရား။ တပည့်*

*တော်တို့ရဲ့ တိုင်းပြည်အနာဂတ်သာယာဖို့ဆိုရင် ကျင့်ဝတ်တွေနဲ့ပြည့်စုံပြီး ဗဟုသုတရှိတဲ့တိုင်းပြည်အုပ်ချုပ်တဲ့သူ လိုအပ်နေပါပြီဘုရား။ အဲဒီအပေါ်မှာ အရှင်ဘုရားရဲ့ ထင်မြင်ယူဆချက်ကို သိချင်ပါတယ်ဘုရား။*

**ဆရာတော်။** ။အေး နိုင်ငံအတွင်း လူ့အဖွဲ့အစည်းကြီး ပြန်လည်စည်းလုံးညီညွတ်ဖို့၊ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးပြန်လည်စည်ပင်သာယာလာဖို့အရေးမှာ တစ်ပြေးညီ အပူတပြင်းဆောင်ရွက်ကြရမယ့် အရေးအခင်းကြီးများဖြစ်ပါတယ်။ မိမိစွမ်းနိုင်ရာ အခန်းကဏ္ဍကပါဝင်ကြရမှာဖြစ်ပါတယ်။ မည်သူမျှ ကိုယ်နဲ့မဆိုင်သလို နေလို့မရပါဘူး။ အကယ်၍ ခေါင်းရှောင်နေရင်လည်း ခေါင်းရှောင်သူသည် တာဝန်မဲ့ အချောင်သမားတွေ ဖြစ်သွားပါလိမ့်မယ်။ တာဝန်မဲ့အချောင်သမားတွေကို လူ့အဖွဲ့အစည်းက အလိုမရှိပါဘူး။ လူ့အဖွဲ့အစည်းက အလိုမရှိလျှင် အမှိုက်ကဲ့သို့ စွန့်ပစ်ခံရဖို့သာ ရှိပါတယ်။ လူဖြစ်ပါလျက် လူ့အဖွဲ့အစည်းက စွန့်ပစ်ခံရခြင်းလောက် လူဖြစ်ရှုံးတာ ရှိပါဦးမလား။ ဒီတော့ ဒကာလေးမေးခွန်းကို ပြန်ကောက်ပြီး ပြောရရင် အသိဉာဏ်နဲ့ပြည့်စုံသော ကျင့်ဝတ်စည်းကမ်းတွေကို လိုက်နာသော အုပ်ချုပ်ဦးဆောင်သူရှိကို ရှိရမယ့်အချိန်ကာလ ရောက်ရှိနေပြီဖြစ်ပါတယ်။

**စာရေးသူ။** *။တင်ပါ့ဘုရား၊ တပည့်တော်အမြင်ပြောရရင်တော့ ကိုယ့်အကြိုက်ကိုယ်ဆွဲပြောတယ်လို့ပဲပြောပြော တပည့်တော်တို့နိုင်ငံအတွက် လက်ရှိအသင့်တော်ဆုံးသူဟာ 'ဒေါ်အောင်ဆန်းစုကြည်'ဖြစ်လိမ့်မယ်လို့ ယုံကြည်လက်ခံထားပါတယ်ဘုရား။ အရှင်ဘုရားအနေနဲ့ တပည့်တော်ရဲ့ထင်မြင်ယူဆချက်အပေါ်မှာ ဘယ်လို သုံးသပ်တော်မူပါသလဲဘုရား။*

**ဆရာတော်။** ။ဒကာလေးမေးလျှောက်တဲ့အပေါ်မှာ ဘုန်းကြီးတို့အနေနဲ့ ပြောရမယ်ဆိုရင် လက်ရှိအချိန်မှာတော့ 'သူကလွဲ၍ အခြားမရှိ'လို့ပဲ ပြောရမှာပါ။ ဘက်ပေါင်းစုံရှုထောင့်က နေကြည့်မယ်ဆိုရင် လိုအပ်ချက်တစ်ခုအတွက် သူ့ကို တိုင်းပြည်အတွက် အသုံးပြုရမှာဖြစ်ပါတယ်။ ဘုန်းကြီးတို့ ရင်ထဲအရှိအတိုင်းပြောရရင် သူဟာ မြန်မာနိုင်ငံရေးနဲ့ပတ်သက်ရင် သူ့မိသားစုအရေးထက် အလေးထားကြောင်းကို တွေ့ရှိရပါတယ်။ တာဝန်သိရုံမျှမကဘဲ သိသည့်အတိုင်း အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့တာတွေကို တွေ့ရှိရတော့ သူ့ကို တာဝန်ကျေသူအဖြစ် အများက လက်ခံယုံကြည်ခြင်း ခံရသူတစ်ယောက်ဖြစ်လာပါတယ်။ အသိလိမ္မာဉာဏ်ပညာနဲ့ပြည့်စုံတဲ့အတွက်

ပြဿနာတွေကို ဖြေရှင်းရာမှာလည်း သူဟာ မြန်မာနိုင်ငံရဲ့ 'အခရာ'ဖြစ်လာပါတယ်။ အသိအလိမ္မာဉာဏ်ပညာနဲ့ပြည့်စုံသူရဲ့ သန္တာန်မှာ လူ့ကျင့်ဝတ်ဓမ္မတန်ဖိုးကိန်းဝပ်တည်ရှိနေပြီးသားဖြစ်နေပါလိမ့်မယ်။ ယင်းလူ့ကျင့်ဝတ်ဓမ္မတန်ဖိုးတွေက သူ့ကို လူသာမန်တို့နှင့်မတူ ထူးခြားစေခဲ့သော အရည်အချင်းကောင်းတွေဖြစ်တယ်လို့ ယုံကြည်ခံစားရပြီး သူ့ကို ဘုန်းကြီးတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်သူတွေအကျိုးအတွက် ခိုင်းကြည့်ချင်ပါတယ်။ ဘုန်းကြီးတို့ စကားရိုင်းရင် ခွင့်လွှတ်ပါ။ တကယ်တော့ အုပ်ချုပ်သူဆိုတာ ပြည်သူတွေရဲ့ကိုယ်စား တိုင်းပြည်ရဲ့တာဝန်ကို ထမ်းဆောင်ဖို့ ရွေးချယ်တင်မြှောက်ထားတာဖြစ်တဲ့အတွက် 'ခိုင်း'ဆိုတဲ့စကားကို သုံးလိုက်ရခြင်းဖြစ်ပါတယ်။ သူ့ကို အမှန်တကယ်တိုင်းပြည်အတွက် ခိုင်းကြည့်ချင်ပါတယ်။

*ဒီတစ်ပတ်အတွက် စကားလုံးတွေကို အဆုံးသတ်ဖို့ အမေးရှိသမျှကို ဖြေကြားပြီး အခြားသော သာသနာ့ဝန်များကို ထမ်းဖို့ အရိပ်အကဲပြနေသော ဆရာတော်၏ မျက်နှာကို စာရေးသူလည်း လှမ်းကြည့်ရင်း ဒီတစ်ပတ်အတွက် အဆုံးသတ် မည်ဟု ဟန်ပြင်ကာရှိသေး ဆရာတော်က ယခုလို ထပ်မံအမိန့်ရှိပါတယ်။*

**ဆရာတော်။** ။'ယော ဟဝေ ဒဟရော ဘိက္ခု၊ ယုဉ္ဇတိ ဗုဒ္ဓသာသနေ၊ သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝ စန္ဒိမာ။

ကဲ… အဲဒီအဓိပ္ပါယ်လေးကိုပြောရင်း ဒီတစ်ပတ် ဒီမှာ တစ်ခန်းရပ်ကြစို့။

'အသက်အရွယ်ပင် ငယ်သော်လည်း ရှင်တော်မြတ်ဘုရား၏ သာသနာတော်၌ အချိန်နှင့်အင်အားကို အပြည့်အဝပေး၍ ကြိုးစားအားထုတ်နေသော ရဟန်းသည် တိမ်တိုက်မှလွတ်လာသော လမင်းကဲ့သို့ မိမိ၏ ပညာရောင်ဖြင့် ဤလောကကို အလင်းရောင်ပေးနိုင်သည်။'

**(ဗုဒ္ဓ ဓမ္မပဒပါဠိတော်)**

ဘုန်းကြီးတို့လည်း ဒီအတိုင်းနှလုံးသွင်းရင်း ရှေ့ဆက်ကြရမှာ ဖြစ်ပါတယ်။

■ ■ ■

# သဘာဝပတ်ဝန်းကျင်အပေါ် သစ္စာဖောက်ကြသူများ

# (၅)

**ဆရာတော်**။ ။'အသက်အရွယ်ပင် ငယ်သော်လည်း ရှင်တော်' ဘုရား၏ သာသနာတော်၌ အချိန်နှင့်အင်အားကို အပြည့်အဝပေး၍ ကြိုးစားအ..ပုတ်နေသော ရဟန်းသည် တိမ်တိုက်မှလွတ်လာသော လမင်းကဲ့သို့ မိမိ၏ ပညာရောင်ဖြင့် ဤလောကကို အလင်းရောင်ပေးနိုင်သည်။ အဲဒီ ဗုဒ္ဓရဲ့ ဓမ္မစကားလေးနဲ့ ရှေ့တစ်ပတ်က အဆုံးသတ်ခဲ့ကြတယ်နော်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ အင်မတန်မှတ်သားဖွယ်၊ ကြည်ညိုဖွယ်ရာ ဓမ္မစကား ဖြစ်ပါတယ်ဘုရား။*

**ဆရာတော်**။ ။ကဲ… ဒီတစ်ပတ်တော့ ဘယ်လိုမေးခွန်းများကို လျှောက်ထားဖို့ စိတ်ကူးပါသလဲ။ တကယ်တော့ သဘာဝပတ်ဝန်းကျင်အကြောင်းကို ပြောမယ်ဆိုရင် အလွန်ကျယ်ဝန်းလှပါတယ်။ နောက်တစ်ခုဖြည့်စွက်ပြောချင်တာက မိမိနဲ့မိမိ ပတ်ဝန်းကျင်ကိုလည်း ထည့်သွင်းစဉ်းစား သုံးသပ်တတ်ဖို့လိုပါလိမ့်မယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တပည့်တော်အနေနဲ့လည်း မေးလျှောက်စရာတွေကို စဉ်းစားထားတာရှိပါတယ်။ အဲဒီအထဲကမှ တပည့်တော် ဦးစွာပထမ မေးလျှောက်ချင်*

*တာက အနာဂတ်ပတ်ဝန်းကျင် တစ်ခု ကောင်းမွန်စေဖို့ဆိုရင် တပည့်တော်တို့အနေနဲ့ အခုကတည်းက ဘာတွေကို ကြိုတင်ပြင်ဆင်သင့်ပါသလဲဘုရား။*

**ဆရာတော်။** ။လူတစ်ယောက်အသက်ရှင်ရပ်တည်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ရဲ့ အကူအညီအထောက်အပံ့ဆိုတာ များစွာလိုအပ်ပါတယ်။ အဲဒီသဘာဝပတ်ဝန်းကျင် အမြဲရှင်သန်နေဖို့ဆိုတာ လူတွေအပေါ်မှာလည်း အများကြီးမူတည်နေပါတယ်။ သဘာဝပတ်ဝန်းကျင်ရဲ့ ကျေးဇူးတရားကိုလည်း သိတဲ့သူ အလွန်နည်းပါးလှပါတယ်။ ဘာတွေကို ကြိုတင်ပြင်ဆင်ဖို့လိုသလဲဆိုတော့ အဓိက ပညာရေးအခန်းကဏ္ဍ အရေးကြီးပါတယ်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲတွေကို စာသင်ကျောင်းတွေမှာ မကြာခဏဆိုသလို ပြုလုပ်ပေးဖို့လိုအပ်ပါတယ်။ ဘာသာရပ်တစ်ခုအနေနဲ့လည်း သီးခြားပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။

ပြီးတော့ ကျေးလက်ဒေသမြို့ရွာတိုင်းမှာ ပညာပေးဟောပြောဆွေးနွေးပွဲတွေကို မဖြစ်မနေလုပ်သင့်သလို သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နည်းများကိုလည်း သင်တန်းတစ်ခုအနေနဲ့ စနစ်တကျ သင်ကြားပေးဖို့လိုအပ်ပါတယ်။ အရေးကြီးဆုံးကတော့ မိုး/ဇလပညာရှင်တွေရဲ့ ရာသီဥတုဆိုင်ရာ ကြိုတင်ခန့်မှန်းချက်များကို သေချာနားထောင်ပြီး အစိုးရရော၊ ပြည်သူပါ မဖြစ်မနေ ကြိုတင်ကာကွယ်သင့်တဲ့ ကိစ္စမှန်သမျှကို ကြိုတင်ကာကွယ်ဖို့လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကိစ္စကို အချို့က ကိုယ့်ထမင်းစားရေသောက်ကိစ္စလောက် အရေးမကြီးပါဘူးလို့ ထင်နေကြပါတယ်။ အဲဒီလိုအထင်မျိုး ရှိသူဦးရေမှာ လူ ၁၀ ယောက်လျှင် ၇ ယောက်ထက် မနည်းရှိနိုင်ပါတယ်။ အဲဒီလိုလူတွေ တာဝန်မဲ့မှုတွေကြောင့် တစ်နည်းပြောရရင် သစ္စာပျက်မှုတွေကြောင့် ပိုမိုပျက်စီးယိုယွင်းလာတဲ့အခါ နောက်ဆုံးတော့ ဘေးဒုက္ခဒဏ်ကို အလူးအလဲခံကြရတာ ကိုယ်တွေ့ပဲမဟုတ်လား။

**စာရေးသူ။** ။*တင်ပါ့ဘုရား တပည့်တော်တို့ပြည်သူတွေဟာ အချို့သောကိစ္စတွေကို ကိုယ်နဲ့မဆိုင်ဘူး။ ဒီတာဝန်တွေဟာ အစိုးရကလုပ်ရမယ့်တာဝန်တွေဖြစ်တယ်လို့ ထင်မှန်နေကြသလားလဲ မသိပါဘူးဘုရား။*

**ဆရာတော်။** ။အဲဒါ ခက်တာပေါ့။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ဆိုတာ အုပ်ချုပ်တဲ့အစိုးရရော ပြည်သူမှာပါ အချိုးကျတာဝန်ကိုယ်စီရှိကြပါတယ်။ လူအတော်များများပြောနေတဲ့ စကားတစ်ခွန်းကို ဘုန်းကြီးအလိုလို ကြားနေရပါ

တယ်။ အဲဒီစကားက 'ဘယ်သူတက်တက်၊ ဘယ်အစိုးရအုပ်ချုပ်အုပ်ချုပ် ကိုယ့်ထမင်း ကိုယ်ရှာစားရတာ' ဆိုတဲ့ စကားပဲဖြစ်ပါတယ်။ အာဏာရှင်လက်အောက်မှာ လုပ်ကိုင်စားသောက်ရတာက လုပ်သလောက်အကျိုးခံစားခွင့်မရှိပါဘူး။ ဒီမိုကရေစီ အစိုးရအုပ်ချုပ်တဲ့တိုင်းပြည်မှာဆိုရင်တော့ လုပ်သလောက် အကျိုးခံစားခွင့် ရှိသလို အချိန်တိုင်းဟာ ငွေဖြစ်လို့ရတယ်။

အာဏာရှင်တွေဟာ လူတွေရဲ့တန်ဖိုးကို နားမလည်ပါဘူး။ အာဏာရှင်တွေကို ပြည်သူတွေက ပြန်လည်ထိန်းကျောင်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စတစ်ခု ဖြစ်ပါ တယ်။ ဒီမိုကရေစီနိုင်ငံမှာတော့ ပြည်သူက ရွေးချယ်တင်မြှောက်ထားတာဖြစ်တဲ့ အတွက် ပြည်သူ့အကြိုက်နဲ့ဝေးနေရင် အုပ်ချုပ်တဲ့သူဟာ ပြည်သူတွေနဲ့ အဝေးဆုံး နေရာကို လွင့်ထွက်သွားနိုင်ပါတယ်။ ဒါတွေကို ဘုန်းကြီးတို့ ပြည်သူတွေ မဖြစ်မနေ သိဖို့လိုအပ်ပါတယ်။ အဓိကအကြောင်းကတော့ ဘာကြောင့်တာဝန်မဲ့ရသလဲဆိုရင် မသိခြင်းက အကြောင်းခံဖြစ်ပြီး အကျိုးတရားကတော့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး ယိုယွင်းပျက်စီးလာတာပဲဖြစ်ပါတယ်။ ဒါကြောင့် အာဏာရှင်နိုင်ငံမှာ နေထိုင်တဲ့ သူတွေအနေနဲ့ ဘေးဒုက္ခမျိုးစုံကို ခံစားကြရတာဖြစ်ပါတယ်။

**စာရေးသူ။** ။*တပည့်တော် နောက်တစ်ခုစဉ်းစားမိတာရှိပါတယ်ဘုရား။ ကျေးလက် ဒေသအချို့မှာ သဘာဝပတ်ဝန်းကျင်ကို မှီတွယ်ပြီး အသက်မွေးဝမ်းကျောင်းပြုနေ ကြတာတွေကိုလည်း တွေ့ရှိရပါတယ်။ အဲဒီအပေါ်မှာ အရှင်ဘုရားအနေနဲ့ ဘယ်လို သုံးသပ်မိန့်တော်မူချင်ပါသလဲဘုရား။*

**ဆရာတော်။** ။စားဝတ်နေရေးဆိုတာ လူတစ်ယောက်ရဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့တာဝန်က အစိုးရတစ်ရပ်ရဲ့ တာဝန်ဖြစ်ပါ တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေနည်းပါးလာတဲ့အခါ လုပ်သလောက် အကျိုးခံစားခွင့်တွေ မရရှိတဲ့အခါ တိုင်းသူပြည်သားတွေဟာ အဆင်ပြေသလို ကြံ့တဲ့တက်နဲ့ လှော်နေကြတာကို တွေ့နေကြရပါတယ်။ ဥပမာဆိုကြပါစို့။ ကျေးလက် ဒေသအချို့မှာ အုတ်ဖုတ်သူ၊ ထင်းမီးသွေးဖုတ်သူတွေဟာ အခြေခံပညာအားနည်းသူ တွေအများဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ သူတို့တွေဟာ သဘာဝပတ်ဝန်းကျင်ရဲ့ တန်ဖိုးကို တစ်နေ့စာရသော လုပ်အားခလောက် အရေးမကြီးဘူးလို့ ထင်ပုံရပါတယ်။ လတ်တလော စဉ်းစားတွေးခေါ် ဖြေရှင်းမှုဟာ မှန်သလိုရှိပေမယ့် တကယ်တော့

အမှန်တရားမဟုတ်ပါဘူး။ အခြေခံပညာအားနည်းသူတို့က မသိ မလိမ္မာ၍ သဘာဝပတ်ဝန်းကျင်ရဲ့ တန်ဖိုးကို နားမလည်သည်ဘဲထားဦး။ အထက်တန်းပညာအားကြီးသူတို့ကရော တကယ်နားလည်ပါရဲ့လား။ နားလည်သဘောပေါက်သည့်တိုင် လေးစားလိုက်နာကြပါရဲ့လားဆိုသည့် အဖြေကိုရှာဖို့ အချိန်တန်နေပါပြီ။

**စာရေးသူ**။ *။မှန်ပါတယ်ဘုရား။ ယနေ့ တပည့်တော်တို့နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကို ပျက်စီးယိမ်းယိုင်သွားတာဟာ အခြေခံပညာအားနည်းသူတို့ကြောင့် အဓိကမဟုတ်ဘဲ အထက်တန်းပညာအားကြီးသူတို့ရဲ့ သတိလက်လွတ် ကိုယ့်အကျိုးအတွက် မဆင်မခြင် ထင်တိုင်းကြဲခဲ့ကြလို့ ဖြစ်ပါတယ်ဘုရား။*

**ဆရာတော်**။ ။ဟုတ်ပါတယ် ဒကာ။ ဒါကြောင့် ပညာသင်တယ်ဆိုတာ စားဝတ်နေရေးကိစ္စတစ်ခုတည်းကို ဖြေရှင်းဖို့မဟုတ်ဘဲ မိမိနှင့် ဆက်စပ် ဆက်နွယ်ရာပတ်ဝန်းကျင်မှာ ကြုံတွေ့ရမည့် အခက်အခဲမှန်သမျှတို့ကိုလည်း ခေါင်းမရှောင်ဘဲ တာဝန်တစ်ရပ်အနေနဲ့ နိုင်သရွေ့ ဖြေရှင်းကြရမှာဖြစ်ပါတယ်။ သို့မှသာ ပညာသင်ခြင်းရဲ့ အဓိပ္ပါယ်နဲ့ ရည်ရွယ်ချက်က ပြည့်စုံသွားမှာပါ။

**စာရေးသူ**။ *။တပည့်တော်တို့ အမှိုက်တွေနဲ့ပတ်သ[illegible] ဆင်မခြင်[illegible]ကြတဲ့ အပေါ်မှာလည်း နောက်ဆက်တွဲပြဿနာတွေ ရှိနေတယ်ဆိုတာကို [illegible]င်လာရပါတယ်။ အဲဒီအပေါ်မှာ အရှင်ဘုရားရဲ့ မိန့်ဆိုချက်တွေကိုလည်း [illegible]မှတ်သားချင်ပါတယ် ဘုရား။*

**ဆရာတော်**။ ။လူတွေရဲ့ မဆင်မခြင်အမှိုက်တွေ မှိုလိုပေါက်အောင် စွန့်ပစ်နေခြင်းကလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှုအကြောင်းအရင်းထဲက အရေးကြီးဆုံးသော ကိစ္စတစ်ခုဖြစ်ပါတယ်။ သက်ရှိလောကသားတွေထဲမှာ အမှိုက်တွေ အထုတ်နိုင်ဆုံးသူက လူသားသတ္တဝါတစ်မျိုးသာရှိနိုင်ပါတယ်။ လူမဟုတ်သော အခြားသတ္တဝါတို့ရဲ့အမှိုက်တွေကတော့ မြေဩဇာတစ်မျိုးကိုသာ ပြန်လည်ဖြစ်စေပါတယ်။ ဘုန်းကြီးတို့လူတွေစွန့်ထုတ်လိုက်သော အမှိုက်များကား အမျိုးအမည်မရေတွက်နိုင်အောင် များပြားလွန်းလှပါတယ်။ လေထဲမှာလည်း ရှိတာပဲ။ ရေထဲမှာလည်း ရှိတာပဲ။ မြေကြီးထဲမှာလည်း ရှိတာပဲ။ နောက်ဆုံးမျက်စိဖြင့် မမြင်နိုင်တဲ့ စိတ်ထဲမှာသည်ပင်လျှင် အမှိုက်တွေရှိနေပါတယ်။

**စာရေးသူ**။ *။ဒါဆိုရင် အတွင်းအမှိုက်ရှင်းမှ အပြင်အမှိုက်ရှင်းမယ်ဆိုတဲ့ သဘော*

*ကို ဆိုလိုတာလားဘုရား။*

**ဆရာတော်။** ။သိပ်ဟုတ်တာပေါ့။ အတွင်းအမှိုက်ရှင်းတဲ့သူဟာ အပြင်အမှိုက်ကို ဘယ်တော့မှ စည်းမဲ့ကမ်းမဲ့ မစွန့်ပစ်ပါဘူး။

**စာရေးသူ။** *။တင်ပါ့ဘုရား၊ အတွင်းအမှိုက်က ဘာတွေပါလဲဘုရား။*

**ဆရာတော်။** ။အားလုံးသိပြီးသားဖြစ်တဲ့ ကိလေသာ (၁၀)ပါး အမှိုက်သရိုက်တွေပဲ ဖြစ်ပါတယ်။ ချုံ့ပြောရရင် လောဘ၊ ဒေါသ၊ မောဟတွေပဲ မဟုတ်လား။ အခု ဘုန်းကြီးပြောလိုက်တဲ့ အတွင်းအမှိုက်တွေဟာ လူတိုင်းသိပြီးသားပါ။ ဒါပေမယ့် ရှင်းနိုင်တဲ့လူ အလွန်နည်းပါတယ်။ စကားလုံးအားဖြင့် ရွတ်တတ်ကြပေမယ့် လက်တွေ့အားဖြင့် မိမိသိသော စကားလုံးတွေနဲ့ ဆန့်ကျင်ဘက်လုပ်ရပ်တွေကိုသာ လုပ်နေကြတာမဟုတ်လား။ ကဲ … ဒီတော့ အမှိုက်ရှင်းမှ အရှင်းမမိုက်တော့မှာ ဖြစ်တဲ့အတွက် ရှေ့တစ်ပတ်မှာ အမှိုက်ရှင်းနည်းတွေကို ဆက်ပြောကြပါစို့။ ဒီတစ်ပတ်တော့ ဓမ္မပဒ၊ ပုဗ္ဗဝဂ်မှလာသော ဗုဒ္ဓဝါစကနဲ့ ဒီတစ်ပတ်အတွက် အဆုံးသတ်ကြရအောင်။

'ပန်းများလှသလို လူ့ဘဝသည်လည်း လှပါ၏။ ပန်းများမွှေးသလို လူ့ဘဝသည်လည်း မွှေးပါ၏။ လှသော၊ မွှေးသောပန်းများကို လောကသည် ထိုက်ထိုက်တန်တန် အသုံးချ၍ ရသလို လှသော၊ မွှေးသော လူ့ဘဝများကိုလည်း လောကသည် ထိုက်တိုက်ထိုက် အသုံးချ၍ ရပါ၏။ ဘုရားတင်၍ ပူဇော်ခြင်းဖြင့် ပန်းများကို လောကသည် ထိုက်ထိုက်တန်တန် အသုံးချသလို လောကအတွက် ပူဇော်ခြင်းဖြင့် မိမိတို့၏ ဘဝကို ထိုက်ထိုက်တန်တန် အသုံးချရပါ၏'

**(ဓမ္မပဒ၊ ပုပ္ဖဝဂ်မှ)**

သာဓု သာဓု သာဓုပါဘုရားဟုဆိုကာ စာရေးသူလည်း ကျယ်ဝန်းလှသော သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်သော အကြောင်းအရာများကို စာရှုသူများထံသို့ ရှေ့တစ်ပတ်ဆက်၍ ကုသိုလ်ပြုပါဦးမည်။

■ ■ ■

# သဘာဝပတ်ဝန်းကျင်အပေါ် သစ္စာဖောက်ကြသူများ (၆)

'ပန်းများလှသလို လူ့ဘဝသည်လည်း လှပါ၏။ ပန်းများမွှေးသလို လူ့ဘဝသည်လည်း မွှေးပါ၏။ လှသော၊ မွှေးသောပန်းများကို လောက၌ ထိုက်ထိုက်တန်တန် အသုံးချ၍ ရသလို လှသော၊ မွှေးသော လူ့ဘဝများကိုလည်း လောက၌ ထိုက်တိုက်ထိုက် အသုံးချ၍ ရပါ၏။ ဘုရားတင်၍ ပူဇော်ခြင်းဖြင့် ပန်းများကို လောက၌ ထိုက်ထိုက်တန်တန် အသုံးချသလို လောကအတွက် ပူဇော်ခြင်းဖြင့် မိမိတို့၏ ဘဝကို ထိုက်ထိုက်တန်တန် အသုံးချရပါ၏'

**စာရေးသူ**။ ။*တပည့်တော်တို့ ပြီးခဲ့တဲ့တစ်ပတ်က အမှိုက်တွေနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ကြပါတယ် ဘုရား။ ယခုတစ်ပတ်လည်း တပည့်တော်သိချင်တာက စည်းကမ်းမဲ့ စွန့်ပစ်နေတဲ့ အမှိုက်တွေကို ဘယ်လိုစနစ်တကျစွန့်ပစ်ဖို့၊ ဘယ်လို ပညာပေးအစီအစဉ်တွေနဲ့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ အမိန့်ရှိတော်မူပါ ဘုရား။*

**ဆရာတော်**။ ။ဘုန်းကြီးတို့ အမှိုက်တွေနဲ့ပတ်သက်ပြီး အတွင်းအမှိုက်နဲ့ အပြင်မှိုက်

ခွဲခြားဖို့ ရှေ့တစ်ပတ်က ပြောခဲ့ကြတယ်။ ဒီတစ်ပတ်တော့ ဒကာမေးတဲ့မေးခွန်းမှာ ဘုန်းကြီးတို့သတိထားမိတာ 'စည်းကမ်းမဲ့'သောဆိုတဲ့စကားလုံးကို တွေ့မိပါတယ်။ ကြံ့ရင် ကြံ့သလို မိမိတို့သုံးစွဲလိုက်တဲ့ ပစ္စည်းတွေမှတစ်ဆင့် ထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေကို စိတ်ထင်တဲ့နေရာမှာ ပေါ့ပေါ့လျော့လျော့နဲ့ လူတိုင်းဟာ အလွယ်တကူ စွန့်ပစ်နေကြတာ ဓလေ့ထုံးစံတစ်ခုလို့တောင် ပြောရမလားပဲ။ စွန့်ပစ်တဲ့သူကလည်း သတ်မှတ်ထားတဲ့နေရာတွေမှာ မပစ်ဘဲ အဆင်ပြေသလို စွန့်ပစ်ကြတယ်။ အမှိုက်သိမ်းဆည်းတဲ့ စည်ပင်သာယာဌာနတွေကလည်း အမှိုက်သိမ်းတဲ့နေရာမှာ စည်းစနစ်လုံးမရှိဘူး။ ဒီတော့ ပြည်သူတွေအနေနဲ့ကလည်း စနစ်တကျ စွန့်ပစ်တဲ့ အလေ့အထတွေ လုံးဝမရှိတော့ပါဘူး။ အဲဒါအပြင်အမှိုက်နဲ့ပတ်သက်ပြီး ပြောခြင်းဖြစ်ပါတယ်။ အခုအတွင်းအမှိုက်အကြောင်းကို ပြောကြရအောင်။ အတွင်းအမှိုက်ကို ရှင်းမှ အပြင်အမှိုက်ကို ရှင်းနိုင်မယ်ဆိုတာ သိထားဖို့လိုပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ ဒါဆိုရင် 'စာရိတ္တသီလ'နဲ့ပတ်သက်ပြီး အဓိကထားဆွေးနွေးရလိမ့်မယ်လို့ ထင်ပါတယ်ဘုရား။*

**ဆရာတော်။** ။ဟုတ်ပါတယ်။ ဘုန်းကြီးတို့အနေနဲ့လည်း အဓိက စာရိတ္တသီလကိုပဲ အခြေခံပြီး ပြောမှာဖြစ်ပါတယ်။

**စာရေးသူ။** ။*'စာရိတ္တသီလ'နဲ့ 'ဝါရိတ္တသီလ' ဘယ်လိုကွာခြားမှု ရှိပါသလဲဘုရား။*

**ဆရာတော်။** ။'ဝါရိတ္တသီလဆိုတာကို ရှောင်သီလ'လို့ မှတ်ပါ။ 'စာရိတ္တသီလဆိုတာကိုတော့ ဆောင်သီလ'လို့ မှတ်ပါ။ ငါးပါးသီလဖြစ်တဲ့ ဝါရိတ္တသီလဟာ ကိုယ်ချင်းစာနာမှုတရားနဲ့ ပေါင်းစပ်ပြီး မေတ္တာရှိရင်းစွဲပြုလို့ ကိုယ့်ကြောင့် အခြားတစ်ပါးတစ်ယောက်တလေမှ မထိခိုက်အောင်လို့ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးအိမ်ရာကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လိမ်ညာလှည့်ဖြားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မေ့လျော့မှုးယစ်စေတတ်သော အသုံးအဆောင်များကို ရှောင်ကြဉ်ခြင်း အစရှိသော အခြေခံသီလတွေသည် လောကငြိမ်းချမ်းဖို့ တစ်ဦးတစ်ယောက်စီရဲ့ အတွင်းစိတ်သန္တာန်မှာ ရှောင်ကြဉ်လိုက်နာရမယ့်အကြောင်းတရားတွေပဲ ဖြစ်ပါတယ်။

ဟုတ်ပြီ၊ ဒါဆို စာရိတ္တသီလနဲ့ပတ်သက်လို့ ဆက်ပြောကြရအောင်။ သူ့မှာက သတ်မှတ်ချက်ဆိုတာမျိုးမရှိဘူး။ သူကတော့ အလွန်ကျယ်ဝန်းလှပါတယ်။ ဥပမာ

ဆိုကြပါစို့။ ကြုံတဲ့နေရာမှာ ကြုံသလို ကွမ်းတံတွေးထွေးလိုက်တာမျိုး၊ ရေစီးရေလာ ကောင်းနေတဲ့ ချောင်းတွေ၊ မြောင်းတွေ၊ မြစ်တွေထဲကို အလွယ်တကူအမှိုက်တွေ စွန့်ပစ်လိုက်တာမျိုး၊ လမ်းပေါ်မှာ ငှက်ပျောခွံတစ်ခုတွေ့တာကို ငါနဲ့မဆိုင်ဘူးလို့ သဘောထားပြီး ရှောင်သွားတတ်တဲ့စိတ်မျိုး၊ အဲဒီထက်ကြီးကြီးကျယ်ကျယ် ပြောရရင် မိမိနိုင်ငံရဲ့ ရေ၊ မြေ၊ တောတောင် သဘာဝတွေကို ကိုယ်ကျိုးတစ်ခုတည်းအတွက်၊ တစ်ဦးတစ်ယောက်ကောင်းစားရေးအတွက် ဖြုန်းတီးဖျက်ဆီးပစ်ခဲ့တာတွေ အားလုံး ပတ်သက်ပြီးပြောရရင် ဘုန်းကြီးတို့တိုင်းပြည်မှာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ သူမှအစ အတော်များများ စာရိတ္တသီလချို့တဲ့နေကြတာကို တွေ့ကြရမှာဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား။ ဒီနေရာမှာ တပည့်တော်သိချင်တာက ဆရာကြီး ဦးရွှေအောင်စကားနဲ့ပြောရရင် အရွေးချယ်မှန်ဖို့အတွက် အမြင်မှန်ဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်ဘုရား။*

**ဆရာတော်**။ ။သိပ်မှန်တဲ့စကားပဲ။ အမြင်ဆိုတဲ့နေရာမှာ (၁) ပပဉ္စအမြင်၊ (၂) ဗြဟ္မဝိဟာရအမြင်၊ (၃) မဂ္ဂင်အမြင်ရယ်လို့ သုံးမျိုးရှိပါတယ်။

ပပဉ္စအမြင်ဆိုတာက တဏှာအမြင်၊ မာနအမြင်၊ ဒိဋ္ဌိအမြင်တို့ကို အကြောင်းခံပြီး ဖြစ်ပေါ်လာတယ်လို့မှတ်ပါ။ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကို တဏှာအမြင် (တပ်မက်မောသော)အခြေခံပြီး မိမိရဲ့အကျိုးစီးပွားတစ်ခုတည်းအတွက် သတ္တလောကရဲ့ အနာဂတ်ကို မကြည့်ဘဲ 'ငါမှ ငါဆိုတဲ့ ငါ့အတွက်'အဓိကထားပြီး ငါဘာလုပ်လုပ် မှန်တယ်၊ ကောင်းတယ်လို့ ထင်မြင်ယူဆနေခြင်းဟာ မိမိနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကို စောင့်ထိန်းရမယ့် စာရိတ္တသီလကို ပစ်ပယ်ပြီး 'သဘာဝပတ်ဝန်းကျင်အပေါ်ကို သစ္စာဖောက်နေကြတာ ဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား။ ပပဉ္စအမြင်နဲ့သာ ရွေးချယ်ဆုံးဖြတ်ခြင်းကြောင့် တပည့်တော်တို့နိုင်ငံမှာ ဗြဟ္မစိုရ်အမြင်တွေပါ ဆိတ်သုဉ်းသွားတယ်လို့ တပည့်တော် ထင်မြင်သုံးသပ်မိပါတယ်ဘုရား။*

**ဆရာတော်**။ ။ဗြဟ္မဝိဟာရအမြင်မရှိတော့ဘူးဆိုရင် မိမိ မိသားစုသော်လည်းကောင်း၊ မိမိလမ်း၊ မိမိရပ်ကွက်၊ မိမိမြို့နယ်၊ မိမိနိုင်ငံတစ်ခုလုံးဟာ ရပ်ဆိုးအကျည်းတန်သော အပျက်တရားတွေနဲ့သာ ရင်ဆိုင်နေကြရတော့မှာဖြစ်ပါတယ်။ နှစ်ပေါင်း ၆၀ နီးပါး တိုင်းပြည်အုပ်ချုပ်ခဲ့ကြတဲ့ မင်းအဆက်ဆက်ဟာ ဗြဟ္မဝိဟာရအမြင် စုံလုံးကန်းခဲ့တာ

ကြောင့် လက်ရှိတိုင်းပြည်ရဲ့ သစ်တော၊ မြစ်ချောင်း၊ မြေပေါ်မြေအောက် သဘာဝ သယံဇာတအရင်းအမြစ်များ အကုန်လုံးပြုတ်ပြုတ်ပြုန်းသွားတဲ့အပြင် ပြည်သူ တစ်ဦးတစ်ယောက်ချင်းစီရဲ့ စာရိတ္တသီလတွေပါ ချို့တဲ့လာတဲ့အတွက် တိုင်းပြည်ဟာ ဘေးအန္တရာယ်မျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့ရဖန်များလို့ ပျော်မွေ့သလိုတောင်ဖြစ်နေပါပြီ။

**စာရေးသူ**။ ။*တင်ပဲ့ဘုရား၊ ဒါဆိုရင်စာရိတ္တသီလအားတွေ ကောင်းလာအောင် လို့ တပည့်တော်တို့ ဘယ်လိုတည်ဆောက်ယူရပါမလဲဘုရား။*

**ဆရာတော်**။ ။ဒါကတော့ တစ်ဦးတစ်ယောက်ချင်းစီကနေ စယူကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြောစရာရှိတာက နှမ်းတစ်စေ့နဲ့ဆီမဖြစ်သော်လည်း အများ ကြီး စုလိုက်တဲ့အခါမှာတော့ ဆီရယ်လို့ဖြစ်လာပါတော့တယ်။ တစ်ယောက်ချင်း ကနေ တစ်ပြည်လုံးအတိုင်းအတာအထိ ကိုယ်ကျင့်တရားတွေကို မြှင့်တင်ရမှာဖြစ် ပါတယ်။ အတွေးအခေါ် အမြော်အမြင်တွေ ပြည့်စုံနေတဲ့ တိုင်းသူပြည်သားတွေကို အာဏာရှင်က ဘယ်တော့မှ အုပ်ချုပ်ကျွန်ပြုလို့မရဘူးဆိုတာ တို့ပြည်သူပြည်သား တွေ သိထားဖို့ လိုပါတယ်။ စာရိတ္တသီလတွေချို့တဲ့နေတဲ့ တိုင်းပြည်တစ်ပြည်မှာ အာဏာရှင်သက်ဆိုးရှည်တာလည်း မထူးဆန်းသလို သဘာဝပတ်ဝန်းကျင်တစ်ခုလုံး ယိမ်းယိုင်ပျက်စီးသွားတာလည်း အဆန်းတော့မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အာဏာရှင်အုပ်ချုပ်တဲ့တိုင်းပြည်တွေဟာ ဒီလိုပဲဖြစ်နေကျမဟုတ်လား။

ဒီတော့ ပြည်သူတွေအနေနဲ့ ကိုယ်နဲ့ ကိုယ်တိုင်းပြည်နဲ့ဆိုင်တဲ့အရေးကိစ္စ မှန်သမျှ လမ်းမှာတွေ့တဲ့အမှိုက်ကလေးကစပြီး မြင်တွေ့သူ ကောက်ယူလို့ စနစ်တကျ စွန့်ပစ်ရမယ့်နေရာကို သွားရောက် စွန့်ပစ်ခြင်းသည်ပင်လျှင် ကိုယ့်နောက်လူတွေ အတွက် အတုယူစရာဖြစ်ပြီး စာရိတ္တသီလအားတွေကို မြှင့်တင်ဆောင်ယူတတ်လာမှာ ဖြစ်ပါတယ်။ ဒါဆိုရင် အာဏာရှင်လည်း သက်ဆိုးမရှည်တော့ဘူးပေါ့။ စနစ်ကျတဲ့ ပြည်သူတွေ၊ အသိပညာဗဟုသုတနဲ့ ပြည်သူတွေကို ဘယ်လိုမင်းဆိုးမင်းညစ်ကမှ ရေရှည်ကျွန်ပြုလို့ မရပါဘူး။

**စာရေးသူ**။ ။*တင်ပဲ့ဘုရား။ များစွာတန်ဖိုးရှိလှသော စောင့်ထိန်းရမယ့် စကားများ ကို မိန့်ကြားတော်မူခဲ့တဲ့အတွက် သာဓုလည်း အကြိမ်ကြိမ်ခေါ်ဆိုပါတယ်။ တကယ် တော့ အုပ်ချုပ်သူဆိုတာ လူနည်းစုဖြစ်ပါတယ်။ အသိဉာဏ်ပြည့်ဝတဲ့ ပြည်သူတွေ ဖြစ်လာရင်တော့ တပည့်တော်တို့အနေနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ တိုင်းပြည်အပေါ်*

*မေတ္တာမဲ့ခဲ့သူတွေဆီမှာ မေတ္တာလျော်ကြေးတောင်းရလိမ့်မယ်လို့ ထင်ပါတယ်ဘုရား။*

**ဆရာတော်**။ ။အုပ်ချုပ်သူပုဂ္ဂိုလ်တွေအနေနဲ့ ပြည်သူတွေအပေါ် အကြွေးတင်တာများပါပြီ။ 'ငါ့အမိုးအောက်မှာ ငါတစ်ယောက်တည်း ငါတို့အစုအဖွဲ့တစ်ဖွဲ့တည်း' ထင်တိုင်းကြဲကြတဲ့အတွက် လူယဉ်ကျေးပီသစွာနဲ့ မိမိရဲ့တိုင်းပြည်နဲ့ ပြည်သူပြည်သားတွေအပါအဝင် သဘာဝပတ်ဝန်းကျင်အပေါ်ကို သစ္စာဖောက်ခဲ့သမျှ အနှစ်ရှာလို့ မေတ္တာသက်ဝင်သော ကရုဏာကမ်းလက်များဖြင့် ပြုခဲ့တဲ့အကြွေးတွေကို အမြန်ဆုံးသံသရာကို မပါအောင်လို့ ပေးဆပ်နိုင်ကြပါစေလို့ ပြောချင်ပါတယ်။

စကားအနှစ်ချုပ်လိုက်တော့ တရားအနှစ်မှာ လမ်းဆုံးပြီး အတွင်းအမှိုက်ကိုလည်းရှင်း၊ အပြင်အမှိုက်တွေကိုလည်း မဖွတော့ဘဲနဲ့ စိမ်းစိုသာယာသော ပြည်တော်ကြီးဆီသို့ ဘေးကင်းရန်ကွာ ခရီးဆက်နိုင်ကြပါစေ။

**စာရေးသူ**။ ။*သာဓု သာဓု သာဓုပါ ဘုရား၊ စိတ်ရှည်စွာနဲ့ ဝေနေယျ သတ္တဝါတွေ အကျိုးစီးပွားအဓိကထားပြီး အရှင်ဘုရားရဲ့ မအားလပ်တဲ့အချိန်တွေကြားထဲက အပတ်စဉ်ဆိုသလို တပည့်တော်နဲ့ စာရှုသူများ မှတ်သားနာယူကျင့်သုံးနိုင်ဖို့ လမ်းညွှန်ပေးခဲ့တဲ့အတွက် များစွာကျေးဇူးတင်ပါတယ် ဘုရား။*

■ ■ ■

ဗုဒ္ဓဘာသာဝင်မှန်ရင် အကြောင်းအကျိုးကို ပစ်ပယ်လို့မရပါဘူး။
ဒါပေမယ့် သာသနာဝင်တော်တော်များများဟာ အကြောင်းအကျိုးထက်
အကြောက်တရားနဲ့ အမျှော်တရားနှစ်ခုရဲ့ဦးဆောင်မှုနောက်ကိုသာ
ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ လျှောက်လှမ်းနေကြပါတယ်။

# အကြောက်နဲ့ကိုးပြီး အမျှော်နဲ့ပေါင်းရမှာလား

## အရှင်ခေမိန္ဒ (မောင်ခိုင်တည်)
## နှင့် ဓမ္မအမေးအဖြေ

**စာရေးသူ။** ။*အရှင်ဘုရား၊ တပည့်တော် ဒီတစ်ပတ်စဉ်းစားမိတဲ့ အကြောင်းအရာ တစ်ခုကို မေးလျှောက်ချင်လို့ အရှင်ဘုရားထံ ထပ်မံရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။*

**ဆရာတော်။** ။ဘယ်လိုအကြောင်းအရာမျိုးကို မေးလျှောက်ချင်တာလဲ ဆိုစမ်း ပါဦး။

**စာရေးသူ။** ။*တပည့်တော်စိတ်ထဲ အခုတလော မရှင်းမရှင်းဖြစ်နေတာလေးတွေ ရှိနေပါတယ်ဘုရား။ အဲဒါကတော့ အကြောက်တရားကို အခြေခံသော ဟောပြော စည်းရုံးမှုတွေ၊ အမျှော်တရားကို အခြေခံသော ဟောပြောမှုတွေ အဲဒါတွေနဲ့ပတ်သက် ပြီး တပည့်တော်စိတ်ထဲမှာ အတော်ကို တွေးစရာတွေဖြစ်လာပါတယ်။ အထူးသဖြင့် ဘုရားသားတော်တွေဖြစ်တဲ့ အချို့ချို့သောသူတွေရဲ့ ဟောပြောမှုတွေအပေါ်မှာလည်း စိတ်ပျက်မိပါတယ်။*

**ဆရာတော်။** ။မိစ္ဆာပဋိပဒါ ဒီပါဠိစကားလုံးလေးကို အဓိပ္ပာယ်ဖွင့်ကြည့်ရအောင်။ မိမိ၏ လောဘကို တိုးပွားစေသော၊ မိမိ၏ ဒေါသကို တိုးပွားစေသော အကြောင်း

အရာများကို အခြေခံတဲ့ ဟောပြောစည်းရုံးမှုမျိုးကို ဗုဒ္ဓက လုံးဝလက်မခံပါဘူး။ ဘုရားကိုးကွယ်၊ တရားကိုးကွယ်၊ သံဃာကိုးကွယ်တယ်ဆိုတာ မိစ္ဆာပဋိပဒါအကျင့်က လွတ်မြောက်နိုင်ဖို့ ကိုးကွယ်တာဖြစ်ပါတယ်။ ဒီတော့ မိစ္ဆာပဋိပဒါနဲ့ ဆန့်ကျင့်ဘက် စကားလုံးက သမ္မာပဋိပဒါဖြစ်ပါတယ်။ ယနေ့ သာသနာတော်အတွင်းမှာ နေထိုင်ကြတဲ့ ဘုန်းကြီးတို့ဘုရားသားတော်တွေအနေနဲ့ မိမိတို့နှုတ်ထွက်စကားလုံးတွေကို မိစ္ဆာပဋိပဒါလား၊ သမ္မာပဋိပဒါလားဆိုတာ ဆင်ခြင်ဖို့ အရေးကြီးပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တကယ်တော့ အမှန်အားဖြင့် ဗုဒ္ဓရဲ့သားတော်တွေ အနေနဲ့ စစ်မှန်သည့် ချမ်းသာသုခကို ရရှိနိုင်စေဖို့ ဝေနေယျတွေအပေါ် သမ္မာပဋိပဒါအတိုင်းသာ ကျင့်သုံးလမ်းပြသင့်ပါတယ်။ အခုတော့ အချို့သောသူတွေက အကြောက်နဲ့ အမျှော်နှစ်ခုကြားထဲမှာ မြုပ်ချီပေါ်ချီဖြစ်လို့နေတာကို တွေ့ရတော့ သာသနာရဲ့အနာဂတ်ကို စိုးရိမ်စရာ ရေမှတ်ကို ရောက်နေပြီလို့ ထင်ပါတယ်။*

**ဆရာတော်**။ ။ဟိုးကမ္ဘာဦးအစကနေ ပြန်ကြည့်မယ်ဆိုရင် ကိုးကွယ်ခြင်းဆိုင်ရာ တွေမှာ အကြောက်တရားကို အခြေခံပြီး ကိုးကွယ်လာကြတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ အမျှော်တရားနဲ့ ကိုးကွယ်မှုဟာလည်း ကပ်ပါလာခဲ့ပါတယ်။ တကယ်တော့ ဒီကိုးကွယ်ယုံကြည်မှုတွေဟာ ဉာဏ်ပညာဦးစီးမှုကင်းမဲ့တဲ့အတွက် လွတ်မြောက်ခြင်းအမှန်လမ်းတစ်ခုတော့ မဟုတ်ပါဘူး။ ကဲ … ထားပါတော့ ဗုဒ္ဓပွင့်တော်မူလာပြီးနောက်ပိုင်း ဘုန်းကြီးတို့တွေအနေနဲ့ ဉာဏ်ပညာကို အဓိကထားပြီး အကြောက်နဲ့ အမျှော်နှစ်ခုကြားက လွတ်လမ်းကို လျှောက်ဖို့ မြတ်ဗုဒ္ဓဟာ မဂ္ဂင်လမ်းကို လမ်းညွှန်ပေးတော်မူခဲ့ပါတယ်။

**စာရေးသူ**။ ။*အကြောက်တရားကို အခြေခံပြီးကိုးကွယ်တဲ့အခါမှာ တပည့်တော် အထင်ပြောရရင် ကြောက်အားကြီးစိုးတဲ့အတွက် စဉ်းစားတွေးတောခွင့်တွေလည်း မရရှိတော့ဘဲ ကိုယ့်ရဲ့ဆုံးဖြတ်ချက်တွေတိုင်းဟာ မှားယွင်းမှုတွေနဲ့သာ ရင်ဆိုင်ကြုံတွေ့ ရပါတယ်ဘုရား။ အဲဒီအပေါ်မှာ အရှင်ဘုရားရဲ့အမြင်ကိုလည်း တပည့်တော် သိလိုပါတယ်ဘုရား။*

**ဆရာတော်**။ ။ဘုန်းကြီးအနေနဲ့ ပြောရရင်တော့ ကြောက်လို့လုပ်တာ၊ မလုပ်တာ ထက် သိလို့မလုပ်တာကိုပဲ ဖြစ်စေချင်ပါတယ်။ ဥပမာ ဆိုကြပါစို့၊ အကုသိုလ်ကံ တစ်ခုခုကို ကျူးလွန်လိုက်တဲ့အခါ အပါယ် ၄ ဘုံကို သက်ဆင်းရမှာ ကြောက်တဲ့

စိတ်နဲ့ အကုသိုလ်ကံကို မပြုတာထက် ကံတစ်ခုချင်းရဲ့ အတိမ်အနက်ကို သေချာ သဘောပေါက်နားလည်ပြီး ပညာနဲ့ ဆင်ခြင်ရှောင်ရှားခြင်းသည် ပို၍ မြင့်မြတ်တယ် လို့ ဆိုချင်ပါတယ်။ ဒီလိုပါပဲ အပယ်ကြောက်လို့ ကုသိုလ်ပြုကြတဲ့အခါမှာ နောင်ဘဝရရှိလာမယ့် ခန္ဓာသစ်အတွက် ယခုဘဝကတည်းက စိတ်ချရအောင် အလျှုအတန်းပြုလုပ်ခြင်းကို မြင့်မြတ်တဲ့ ကုသိုလ်ကောင်းမှုတစ်ခုအနေနဲ့ သတ်မှတ် လို့မရပါဘူး။ ကံမမြောက်ဘူးလားဆိုရင် ကံတော့မြောက်ပါတယ်။ အကျိုးပေးတော့ ကွာပါလိမ့်မယ်။ ဒီတော့ အကြောက်နဲ့ အမျှော်နှစ်ခုကြားက လွတ်ဖို့ဆိုရင် ပညာဉာဏ် ချွန်းအုပ်လို့ အရာရာကို ဝိဘဇ္ဇလုပ်နိုင်ဖို့ တစ်နည်းပြောရရင် ဝေဖန်ပိုင်းခြားသုံးသပ် ဖို့လိုပါတယ်။

**စာရေးသူ**။ ။*ဗုဒ္ဓရဲ့ဝါဒကလည်း ဝိဘဇ္ဇဝါဒပဲမဟုတ်လားဘုရား။ ဒါပေမယ့် တပည့်တော်တို့ သာသနာဝင် တော်တော်များများဟာ ဝေဖန်ဆန်းစစ်ပြီးမှ လက်ခံ ယုံကြည်ကြတာထက် မျက်ကန်းယုံကြည်မှုတွေက ပိုများနေတာကို တွေ့ရပါတယ် ဘုရား။ အဲဒီအပေါ်မှာလည်း အရှင်ဘုရားအနေနဲ့ သုံးသပ်ပေးတော်မူပါဘုရား။*

**ဆရာတော်**။ ။ဗုဒ္ဓဘာသာဝင်မှန်ရင် အကြောင်းအကျိုးကို ပစ်ပယ်လို့မရပါဘူး။ ဒါပေမယ့် သာသနာဝင် တော်တော်များများဟာ အကြောင်းအကျိုးထက် အကြောက် တရားနဲ့ အမျှော်တရားနှစ်ခုရဲ့ ဦးဆောင်မှုနောက်ကိုသာ ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ လျှောက်လှမ်းနေကြပါတယ်။ ဒီနေရာမှာ ဗုဒ္ဓကအကြောက်နဲ့အမျှော်နှစ်ခုက လွတ်မြောက်ဖို့ဆိုရင် အကြောင်းအကျိုးကို အဓိကထားပြီး စဉ်းစားစရာ နည်းလမ်း ကောင်းတွေများစွာပေးခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲ အကြောက်တရားကို အခြေခံပြီး စဉ်းစားတဲ့အခါမှာ အစွန်းတစ်ဖက်ကို ရောက်သွားနိုင်ပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ အစွန်းရောက်ဆိုတဲ့ စကားလုံးပေါ်လာရခြင်းအကြောင်း ကိုက အကြောက်တရားကို အခြေခံခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အကြောက်တရား ကြီးစိုးတဲ့လူတွေဟာ အစွန်းတစ်ဖက်ကို ရောက်သွားတဲ့အခါ ဉာဏ်မျက်စိတွေ တိမ်စွဲလို့ ဘာကိုမှ မမြင်နိုင်တော့ဘဲ မျက်ကန်းတွေဖြစ်ကုန်တော့တာပါ။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ အချို့တွေက အဲဒီလို အစွန်းရောက်နေတာကိုပဲ သူတို့ကိုယ်သူတို့ ဂုဏ်ယူ ဝင့်ကြွားနေတာကို တွေ့မြင်နေရပါတယ်။ အများအလယ် ထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့မယ်ဆိုရင်တော့ နောက်လိုက် သ ာသနာဝင်အားလုံးဟာ*

*လည်း လမ်းလွဲကိုလိုက်ပြီး ဒုက္ခတွေ့နိုင်ပါတယ်ဘုရား။ အဲဒီတော့ တပည့်တော်တို့ အနေနဲ့ အဲဒီအခက်အခဲတွေကို ဘယ်လိုကျော်လွှားသင့်ပါသလဲဘုရား။*

**ဆရာတော်။** ။ဘယဆိုတဲ့ စကားလုံးလေးကို အဓိပ္ပာယ်ဖွင့်ရင် ဘုန်းကြီးတို့ရှေ့မှာပြောခဲ့တဲ့ ကြောက်ခြင်းဆိုတဲ့ စကားလုံးကို ရပါတယ်။ ဘယရှေ့မှာ 'အ' ထည့်လိုက်ရင် 'အဘယ' ဆိုတဲ့ စကားလုံးလေးဖြစ်လာပါတယ်။ သူ့အဓိပ္ပာယ်ကတော့ 'ကြောက်ခြင်းကင်းမဲ့ခြင်း၊ အကြောက်တရားမရှိခြင်း' လို့ အဓိပ္ပာယ်ရပါတယ်။

ဉာဏ်ပညာမဲ့တဲ့သူတစ်ယောက်ရဲ့အဟောအပြော အရေးအသားတွေမှာ အစွန်းရောက်သော စကားလုံးအသုံးအနှုန်းတွေပါနေတယ်ဆိုရင် ထိုအဟောအပြော စကားလုံးတွေကို နားထောင်ဖတ်ရှုသူတွေအတွက် ဓမ္မအန္တရာယ်ဖြစ်စေပါတယ်။ ဒီတော့ ဟောပြောသူရဲ့ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျမှုကြောင့်ဖြစ်ပေါ်လာမယ့် အကျိုးဆက်ကလည်း လုံးဝမကောင်းပါဘူး။ ဒါတွေကို ကျော်လွှားဖို့ဆိုရင် ဓမ္မကို ဆောင်သူဟာ ရာဂနည်းဖို့လိုပါတယ်။ ဟောကြားတဲ့တရားတွေဟာ ...

၁။ ဒါနကထာ

၂။ သီလကထာ

၃။ သဂ္ဂကထာ

၄။ မဂ္ဂကထာ တွေနဲ့ မလွတ်ဖို့လိုပါတယ်။

တရားနာပရိသတ်တွေအနေနဲ့လည်း တရားတစ်ပုဒ်ကို နာကြားရတဲ့အခါမှာ မိမိတို့ရဲ့စိတ်တွေ ဘယ်လောက်နူးညံ့သိမ်မွေ့သွားသလဲဆိုတာကို သိဖို့လိုအပ်ပါတယ်။ တရားနာသူတွေအနေနဲ့ တရားဟောသူကို အကြောင်းပြုလို့ သဒ္ဓါတရားတွေ တိုးလာဖို့လိုအပ်သလို လောဘ၊ ဒေါသ၊ ဒိဋ္ဌိ၊ မာနစတဲ့ကိလေသာတွေလည်း လျော့ပါးဖို့လိုအပ်ပါတယ်။ ဒီတော့ တရားနာရင်လည်း ပုဂ္ဂိုလ်ရွေးနာပါ။ စာအုပ်စာပေတွေကို လေ့လာဖတ်ရှုတဲ့အခါမှာလည်း ပုဂ္ဂိုလ်ရွေးပြီး ဖတ်စေချင်ပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ ယခုလို အမိန့်ရှိတဲ့အတွက် ကျေးဇူးကြီးလှပါတယ်ဘုရား။ တပည့်တော်အနေနဲ့ နောက်ဆုံးမေးခွန်းတစ်ခုလျှောက်ထားချင်ပါတယ်ဘုရား။ ဗုဒ္ဓလက်ထက်တော်အခါက လောကီကိစ္စများနဲ့ပတ်သက်ပြီး လူထုပရိသတ်တွေကြားမှာ အောင်ပွဲသဘင် ဆင်ယင်ကျင်းပတာမျိုးတွေ ရှိခဲ့ဖူးပါသလားဘုရား။*

**ဆရာတော်။** ။ကောင်းလိုက်တဲ့ မေးလျှောက်ချက်ပါပဲ။ ခုရနှစ်ဖြာသာသနာအလုပ်

ကို ကျောခိုင်းပြီး ဂိုဏ်းဂဏစွဲတွေနဲ့ ကိုယ်မြင်သလောက်၊ ကိုယ်တွေးမိသလောက်မှာ လမ်းဆုံးလို့ ကိုယ်နဲ့အတူ အခြားသောသူတွေကိုလည်း မိမိကိုယ်တိုင်က အပါယ်တံခါးကို တွန်းဖွင့်လို့ဆွဲခေါ် အောင်ပွဲခံနေကြတာတွေဟာ မြတ်ဗုဒ္ဓရဲ့အလိုလည်း မဟုတ်သလို ထိုကိစ္စမျိုးတွေအပေါ်မှာ အလိုက်ဆောင်လို့ အားပေးခဲ့တာမျိုး မရှိပါဘူး။

ဒီနေရာမှာ ကံကောင်းပါလျက် ကံဆိုးသူ အရှင်ဒေဝဒတ်အကြောင်းကို ပြောပြချင်ပါတယ်။ သာကီဝင်မင်းသားလည်းဖြစ်၊ ယသောဓရာရဲ့မောင်လည်းဖြစ်၊ လောကီဈာန်အဘိညာဉ်တွေကိုလည်းရသူဖြစ်ပါလျက် သတိသမ္ပဇဉ်အားနည်းမှုကြောင့် အသိပညာဉာဏ်ဘက်သို့ ဦးမလှည့်နိုင်တော့ဘဲ စိတ်ခံစားမှုဘက်ကို ဦးတည်ခဲ့တဲ့ အတွက် အရှင်ဒေဝဒတ်ရဲ့ ဘဝနိဂုံး အဆုံးသတ်က မလှခဲ့ပါဘူး။ ဒီနေရာမှာ ဆရာကြီး ဦးရွှေအောင်ရဲ့စကားကို ငှားပြောရရင် 'လူကြမ်းဘဝက အရင်းအနှီး ကြီးပါတယ်'။ ကဲ ... တော်လောက်ပြီ ကိုအနော်မာရေ အကြောက်နဲ့အမျှော် နှစ်ခု ကြားကနေ သတိသမ္ပဇဉ်ထားလို့ အသိပညာဉာဏ်ဖြင့် တိုင်းပြည်အကျိုး၊ သာသနာ အကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

စာရေးသူလည်း ဆရာတော်၏ စကားအဆုံး ဝမ်းမြောက်စွာ သာဓုခေါ်ရင်း ဆရာတော်အမိန့်ရှိလိုက်သော ကျေးဇူးရှင်ဆရာတော်ကြီး ဦးရွှေအောင်၏စကားကို အကြိမ်ကြိမ်ရေရွတ်ရင်းဖြင့် ဆရာတော်ထံပါးမှ အရိုအသေပြုထွက်ခွာခဲ့ပါတော့ သည်။

'လူကြမ်းဘဝက အရင်းအနှီးကြီးပါတယ်။'

'လူကြမ်းဘဝက အရင်းအနှီးကြီးပါတယ်။'

■ ■ ■



# အရှင်ပညာသီဟာဘိဝံသ
# နှင့် ဓမ္မအမေးအဖြေ

အုပ်ချုပ်ရေးမှာ လုပ်နေတဲ့သူတွေဆိုရင်တိုင်းပြည်အတွက်
သူတို့ရဲ့လုပ်ရပ်တွေကြောင့်ဖြစ်ပေါ်လာမယ့်ကောင်းကျိုးဆိုကျိုးတွေကို
များစွာထည့်တွက်တတ်ဖို့လိုအပ်ပါတယ်။

# နှလုံးဆိုးနှင့် လူညံ့များ

အမှန်ကို မြင်ဖို့ဆိုရင် စွဲကပ်နေသော မိမိတို့၏ရောဂါဟောင်းများကို ကုသနိုင်မှသာလျှင် အသိမှန်၊ အမြင်မှန်လုပ်နည်းလုပ်ဟန်များ မှန်လာပေလိမ့်မည်။ လောဘ(တပ်မက်ခြင်း)၊ ဒေါသ(အမျက်ထွက်ခြင်း)၊ မောဟ(အမှန်ကို မမြင်နိုင်ခြင်း၊ အမြင်မှန်မရခြင်း)၊ မာန(မိမိကိုယ်ကိုယ် အလွန်အထင်ကြီးခြင်း)၊ ဒိဋ္ဌိ(အမြင်၊ အယူလွဲမှားခြင်း)၊ ဝိစိကိစ္ဆာ(သဘာအမှန်ကို မစူးစမ်း မရှာဖွေနိုင်ခြင်း)(အာရုံမဆုံးဖြတ်နိုင်ခြင်း)၊ ထိန(ကိုယ်ပျင်းရိခြင်း)၊ ဥဒ္ဓစ္စ(တည်ငြိမ်မှုမရှိခြင်း)(စိတ်ပျံ့လွင့်ခြင်း)၊ အဟိရိက(အကုသိုလ်ပြုလုပ်မှု၌ မရှက်ခြင်း)၊ ဣဿာ(သူတစ်ပါး ချမ်းသာသည်ကို မရှုစိမ့် မလိုလားခြင်း)၊ မစ္ဆရိယ(ကိုယ့်လိုအခြားသူဖြစ်လာမှာကို စိုးရိမ်ခြင်း)၊ (မိမိဥစ္စာ၌ ဝန်တိုခြင်း)၊ ကုက္ကုစ္စ(အချိန်နှောင်းမှ အခါလွန်မှ နောင်တရခြင်း)၊ မိဒ္ဓ(စိတ်ပျင်းရိခြင်း)စသော ပါပဓာတ်စေတသိက် ၁၄ ပေါးတို့သည် မိမိတို့၏ နှလုံးကို အခိုးတလူလူထွက်၍ လူညံ့များအဖြစ်သို့ တွန်းပို့နေကြပါသည်။

ထိုဖြစ်စဉ်တို့မှ လွတ်မြောက်ဖို့ ရုန်းထွက်ရန် လမ်းတစ်ခုတော့ အသေအချာရှိပါသည်။ ထိုလမ်းကို လျှောက်ရမည့်တာဝန်မှာ စာရေးသူတို့၊ စာရှုသူတို့၏ တာဝန်

ပင် မဟုတ်ပါလား။ ထို့ကြောင့် စာရေးသူသည် 'နှလုံးဆိုးနှင့် လူညံ့များ' ခေါင်းစဉ်အောက်တွင် မဆုံတာကြာပြီဖြစ်သော အရှင်ပညာသီဟာ ဘိဝံသဆရာတော် ထေရ်အရှင်ထံသို့ ရောက်ရှိခဲ့ပြီး လျှောက်ထားမေးမြန်းခဲ့သမျှ ပြန်လည်မျှဝေ ကုသိုလ်ပြုလိုက်ရပါသည်။

**စာရေးသူ**။ ။*အရှင်ဘုရား၊ အချို့က နှလုံးသား နူးညံ့ပြီး အချို့က နှလုံးသား ကြမ်းတမ်းကြပါတယ်။ အချို့က တော်ပြီး အချို့က ညံ့ကြပါတယ်။ နှလုံးသား နူးညံ့ပြီး လူတော်မဖြစ်ခြင်း၊ နှလုံးသားကြမ်းတမ်းသော်လည်း လူတော်ဖြစ်နေကြခြင်း အဲဒီလိုလူမျိုးတွေဟာ လောကကို မည်ကဲ့သို့ ကောင်းကျိုးဆိုးပြစ်တွေ ပေးနိုင်ပါသလဲဘုရား။*

**ဆရာတော်**။ ။မေးလျှောက်တဲ့ မေးခွန်းလေးက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဘုန်းကြီးတို့ တစ်တွေမှာ ငယ်ငယ်လေးကတည်းက ရင်းနှီးလာခဲ့တဲ့ ဆောင်ပုဒ်အချို့ရှိတယ် မဟုတ်လား။ 'လူကောင်း လူတော်'၊ ပြီးတော့ 'ပညာပြည့်ဝ နှလုံးလှ' ဒီဆောင်ပုဒ်တွေကို အမှုမဲ့ အမှတ်မဲ့ ကျော်သွားတော့ အလွန်သနားစရာကောင်းပါတယ်။ ဒကာလေးမေးတဲ့ မေးခွန်းမှာ နှလုံးသားနူးညံ့ပြီး လူတော်မဖြစ်ခြင်း၊ နှလုံးသားကြမ်းတမ်းသော်လည်း လူတော်ဖြစ်နေကြခြင်း အဲဒီလိုလူတွေရဲ့ လုပ်ဆောင်ချက်တွေမှာ မိမိနဲ့ မိမိပတ်ဝန်းကျင်အပေါ် ပြုလုပ်လိုက်တဲ့ အလုပ်တိုင်းမှာ သက်ရောက်မှုတွေအများကြီးရှိနိုင်ပါတယ်။ အထူးသဖြင့် အုပ်ချုပ်ရေးရာမှာ လုပ်နေတဲ့သူတွေဆိုရင် တိုင်းပြည်အတွက် သူတို့ရဲ့လုပ်ရပ်တွေကြောင့် ဖြစ်ပေါ်လာမယ့် ကောင်းကျိုး ဆိုးကျိုးတွေကို များစွာထည့်တွက်ဖို့ လိုအပ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ လူကောင်းလူတော်ဆိုတဲ့ ဆောင်ပုဒ်လေးနဲ့ပတ်သက်လို့ အကျယ်သိချင်ပါတယ်ဘုရား။*

**ဆရာတော်**။ ။လူကောင်းတစ်ယောက်ဖြစ်ဖို့ဆိုရင် မေတ္တာအခြေခံပြီး ဝိဇ္ဇာဆိုသော အမှားအမှန်ကို ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံရမှာဖြစ်သလို စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေအပေါ်မှာလည်း စောင့်ထိန်းကျင့်သုံးပြီးနေမယ်ဆိုရင် ထိုသူကို လူကောင်းလို့ သတ်မှတ်လို့ရပါတယ်။ လူတော်ဆိုတာကတော့ ပညာရပ်ဆိုင်ရာ အကြောင်းကိစ္စတစ်ခုအပေါ်မှာသော်လည်းကောင်း၊ မိမိကျွမ်းကျင်ရာအလုပ်အပေါ်မှာ နားလည်တတ်ကျွမ်းပြီး လုပ်ရည်ကိုင်ရည် ထက်မြက်ဖျတ်လတ်စွာနဲ့ လုပ်တတ်

ကိုင်တတ်တဲ့သူကို ဘုန်းကြီးတို့ကတော့ လူတော်လို့ သတ်မှတ်ပါတယ်။ အဲဒီတော့ လူတော်တစ်ယောက်ဖြစ်ပါသော်လည်း မေတ္တာအခြေခံကင်းမဲ့ပြီး ဝိဇ္ဇာဆိုသော အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ပညာ မရှိဘူးဆိုရင်တော့ လူတော်သော်ငြားလည်း လူကောင်းတစ်ယောက်ဖြစ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။

အဲဒီလိုလူမျိုးတွေသာ အုပ်ချုပ်ရေးနယ်ပယ်မှာ နေရာယူထားကြပြီး တိုင်းပြည်ကို စီမံခန့်ခွဲမှုတွေ ပြုလုပ်ဆုံးဖြတ်ကြတဲ့နေရာမှာ ထိုသူတွေရဲ့ စိတ်နေစိတ်ထားကြောင့် ထိခိုက်နစ်နာစရာတွေ အများကြီးဖြစ်လာနိုင်ပါတယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ ဒါဆိုရင် တပည့်တော်ဆက်လက်လျှောက်ထားပါရစေ။ လူတော်မဟုတ်သော်လည်း လူကောင်းတော့ဖြစ်ပါတယ်။ ထိုသို့သော ပုဂ္ဂိုလ်မျိုးနဲ့ ပတ်သက်ပြီး အကောင်းအဆိုးသက်ရောက်မှုကို သိချင်ပါတယ် ဘုရား။*

**ဆရာတော်။** ။အဲဒီလိုလူမျိုးတွေကိုတော့ ဘုန်းကြီးတို့က 'နှလုံးလှ လူညံ့များ' လို့ ဆိုချင်ပါတယ်။ ဒီနေရာမှာ ပြောစရာတစ်ခုက အရှေ့မှာ ဘုန်းကြီးအမိန့်ရှိခဲ့တယ်နော်။ မေတ္တာအခြေခံပြီး ဝိဇ္ဇာသိမှုနဲ့ အကောင်းအဆိုးအကြောင်းအကျိုးကို ခွဲခြားသိမြင်သောသူ၊ စောင့်ထိန်းရမယ့် လူ့ကျင့်ဝတ်တွေကို ကျေပွန်သောသူ ထိုသူကို လူကောင်းလို့ ပြောခဲ့ပါတယ်။ အခုဒီနေရာမှာ ခွဲပြောချင်တာက အချို့တွေက နှလုံးသားနူးညံ့သိမ်မွေ့ပြီး ကူညီရိုင်းပင်းတတ်တဲ့စိတ်ရှိရုံသက်သက် အကောင်းအဆိုး အကြောင်းအကျိုးကို ခွဲခြားဆင်ခြင်နိုင်သော ဉာဏ်ပညာမရှိဘူးဆိုရင် ထိုပုဂ္ဂိုလ်နဲ့ပတ်သက်ပြီးသူ့ပတ်ဝန်းကျင်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေ အလွန်နှေးကွေးသွားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမှားအမှန်ကို ဆုံးဖြတ်ပေးနိုင်သော ဉာဏ်ပညာမရှိတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် လူကောင်းတစ်ယောက်ရဲ့ ဂုဏ်အင်္ဂါရပ်တွေနဲ့ ပြည့်စုံပြီး လူတော်တစ်ယောက်လည်း ဖြစ်မယ်ဆိုရင်တော့ အကောင်းဆုံး၊ အသင့်တော်ဆုံး လောကအတွက် အသုံးအတည့်ဆုံး လူတစ်ယောက်ဖြစ်ပါလိမ့်မယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ ဒါဆိုရင် နှလုံးဆိုးရှိသော လူညံ့များနှင့်ပတ်သက်ပြီး အမိန့်ရှိတော်မူပါဦးဘုရား။*

**ဆရာတော်။** ။'စိတ်ကောင်းမဝင် အပြစ်မြင်၊ စိတ်ကောင်းဝင်တော့ အပြစ်မထင်' တဲ့။ ဒီစကားရဲ့ အသွားအလာကို သေချာစဉ်းစားကြည့်ရအောင်။ လူတစ်ဦးနဲ့ တစ်ဦး

ဆက်ဆံခြင်းမှာ (သို့မဟုတ်) တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆက်ဆံခြင်းမှာ သဘောထား တိုက်ဆိုင်တာလေးတွေ ရှိနေတဲ့အခါ အလွဲဖြစ်သွားသော်လည်း အပြစ်မမြင်၊ အပြစ် မထင်ခဲ့တာတွေ အများကြီးပါ။ ဒီသဘောကိုက ဝိဇ္ဇာဆိုသော ပညာကို မျက်ကွယ် ပြုပြီး လောဘ၊ ဒေါသတို့နဲ့ အခြေခံရစ်ပတ်ဖွဲ့စည်းလို့ ဆက်ဆံကြတဲ့အတွက် ဖြစ်ပါတယ်။

အဲဒီလိုလူမျိုးတွေဟာ နယ်ပယ်အလိုက် သားကြောဖြတ်ခံထားရတဲ့အတွက် ကြောင့် နိုင်ငံရေးသော်လည်းကောင်း၊ ပညာရေးသော်လည်းကောင်း၊ စီးပွားရေး၊ ကျန်းမာရေးအစရှိတဲ့ နယ်ပယ်တွေဟာ ချွတ်ခြုံကျလို့နေတာဖြစ်ပါတယ်။ အဲဒီလို လူမျိုးတွေကိုပဲ နှလုံးဆိုးနဲ့ လူညံ့တွေလို့ ဘုန်းကြီးက ပြောချင်ပါတယ်။ စိတ်နေ စိတ်ထားကလည်း မကောင်း၊ လူကလည်းညံ့ အဲဒီလိုလူမျိုးရဲ့လက်ထဲ အာဏာ သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်တစ်ခုခုသော်လည်းကောင်း ရသွားပြီဆိုရင်တော့ အနာဂတ်ဟာ မတွေးဝံ့စရာတွေဖြစ်ကုန်ပါတော့တယ်။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ ထိုသို့သော ပုဂ္ဂိုလ်များဟာ ရန်ငြိုးတွေဖွဲ့တတ်ပါ သလားဘုရား။ အကယ်၍ ရန်ငြိုးတွေ ဖွဲ့တတ်ကြတယ်ဆိုရင်လည်း ဘယ်လို အကြောင်းအရာတွေအပေါ်မှာ အခြေခံပြီး ရန်ငြိုးဖွဲ့တတ်ပါသလဲဘုရား။*

**ဆရာတော်။** ။ရန်ငြိုးသိပ်ဖွဲ့တတ်ကြတာပေါ့။ ရန်ငြိုးဖွဲ့ခြင်း၊ အာဃာတ ၉ မျိုးရှိပါ တယ်။ (၁) ငါ၏ အကျိုးမဲ့ကို ပြုဖူးသူဟု ရန်ငြိုးဖွဲ့၏။ (၂) ငါ၏ အကျိုးမဲ့ကိုပြုနေဆဲ ဟု ရန်ငြိုးဖွဲ့၏။ (၃)ငါ၏ အကျိုးမဲ့ကို ပြုလိမ့်မည်ဟု ရန်ငြိုးဖွဲ့၏။ (၄) ငါချစ်ခင် သောသူ၏ အကျိုးမဲ့ကို ပြုဖူးသူဟု ရန်ငြိုးဖွဲ့၏။ (၅)ငါချစ်ခင်သောသူ၏ အကျိုးမဲ့ကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့၏။ (၆) ငါချင်သောသူ၏ အကျိုးမဲ့ကို ပြုလိမ့်မည်ဟု ရန်ငြိုး ဖွဲ့၏။ (၇) ငါမချစ်သောသူ၏ အကျိုးကို ပြုဖူးပြီဟု ရန်ငြိုးဖွဲ့၏။ (၈) ငါမချစ်သော သူ၏ အကျိုးကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့၏။ (၉) ငါမချစ်သောသူ၏ အကျိုးကို ပြုလိမ့်မည်ဟု ရန်ငြိုးဖွဲ့၏။

***(နဝက အင်္ဂုတ္တိုရ်၊ ၃- သတ္တာဝါသဝဂ်၊ ၉ - အာဃာတဝတ္ထုသုတ်)***

ဒီလိုအကြောင်းခြင်းရာတွေအပေါ်မှာ အခြေခံပြီး ရန်ငြိုးဖွဲ့တယ်ဆိုတာ နှလုံး ဆိုးရှိတဲ့ လူညံ့တွေရဲ့အလုပ်ဖြစ်ပါတယ်။ ဒါတွေဟာ အသိပညာရေချိန် အတော် နိမ့်လို့ဖြစ်တယ်ဆိုရင်လည်း မမှားပါဘူး။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တစ်ဆက်တည်း တပည့်တော် မေးလျှောက်ချင်ပါသေးတယ်။ အဲဒီလိုလူမျိုးတွေက တရားဥပဒေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ရမယ့်နေရာမှာရှိနေမယ်ဆိုရင် တပည့်တော်တို့ရဲ့ တိုင်းပြည်အနာဂတ်ဟာ အတွေးဝံ့စရာပါပဲဘုရား။ အရှင်ဘုရားရဲ့ အမြင်ကိုလည်း အမိန့်ရှိတော်မူပါဘုရား။*

**ဆရာတော်**။ ။ယနေ့ တရားရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်၊ ဥပဒေပြုရေးနယ်ပယ်စတဲ့ နယ်ပယ်အသီးသီးမှာ နှလုံးဆိုးရှိတဲ့ လူညံ့များ နေရာယူထားပါတယ်။ အကြောင်းကိစ္စတစ်ခုဖြစ်ပြီဆိုရင် အဲဒီလိုလူမျိုးတွေရဲ့ ဆုံးဖြတ်ချက်တွေဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ မဖြစ်နိုင်တော့ပါဘူး။ ဒီနေရာမှာ ဘုရားဟောပါဠိတော်ထဲက တရားသူကြီးအဖြစ် မသတ်မှတ်ထိုက်သောသူ ၇ ယောက်ရှိတယ်ဆိုတာကို ပြောပြချင်ပါတယ်။ ထိုသို့သောသူတွေကတော့ …

၁။ အမျိုးမြတ်သူကို မနိုင်သင့်ဘဲ အနိုင်ပေးခြင်း၊

၂။ တံစိုးလက်ဆောင်ယူ၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊

၃။ အမျိုးတော်စပ်သူဖြစ်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊

၄။ ဘေးရန်ကိုကြောက်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊

၅။ ရန်သူဖြစ်၍ နိုင်အံ့သူကို အရှုံးပေးခြင်း၊

၆။ မှန်သည် မမှန်သည်ကို မသိ၍ အရမ်းစီရင်သောသူ၊

၇။ လောဘကို လိုလား၍ အာဏာပေးပြီး ခြိမ်းခြောက်စီရင်သောသူ။

ထိုပုဂ္ဂိုလ် ၇ မျိုးသာ ဘုန်းကြီးတို့ တိုင်းပြည်မှာ လွှတ်တော်အတွင်းမှာသော်လည်းကောင်း၊ ခြုံပြောရရင် အဓိကကျသော နယ်ပယ်အသီးသီးမှာ ရှိနေကြမယ်ဆိုရင်တော့ဖြင့် ဘုန်းကြီးလမ်းသွားရင်း အမှတ်တမဲ့ကြားလိုက်တဲ့ သီချင်းတစ်ပုဒ်ထဲက စာသားလေးအတိုင်းပဲ 'ဘာတွေဖြစ်ဦးမလဲ' လို့တွေးနေမိပါတယ်။ ကဲ … ဒီတစ်ပတ်တော့ ဒီမှာ အဆုံးသတ်လို့ ဘုန်းကြီးလည်း စာဝါချဖို့ ကြွလိုက်ပါအုံးမယ်။

မှန်ပါ့ဘုရားဟုဆိုကာ စာရေးသူလည်း အလိုက်တသိ ဆရာတော့်အပါးမှ ထွက်ခွာရင်း နောက်တစ်ပတ်အတွက် မေးလျှောက်စရာရှိသည်များကို ပြင်ဆင်ပြီး 'နှလုံးဆိုးနဲ့ လူညံ့များ' လက်မှ လွတ်မြောက်ဖို့ လမ်းစများကို ရှာရပေဦးမည် မဟုတ်ပါလား။

■ ■ ■

# နှလုံးဆိုးနှင့်လူညံ့များ
# (၂)

'အပေါင်းအသင်းလား

အနုတ်အသင်းလား

အပေါင်း - ကုသိုလ်ပညာရမယ့် မိမိအတွက် အကျိုးရှိသူကို ပေါင်းပါ၊ သင်းပါ။

အနုတ် - ကုသိုလ်ကိုနုတ် အကုသိုလ်ကို ဆက်ပေးမယ့်သူ၊ သိမှုပညာကို နုတ်၊ မသိမှုကို ဆက်ပေးမယ့် အကျိုးမဲ့သူကို နုတ်၊ မပေါင်းအပ်'

ဒီစကားကို အခြေခံပြီး ဒီတစ်ပတ်တော့ ဒီဆရာတော်နဲ့ပဲ 'နှလုံးဆိုးနှင့်လူညံ့များ' ခေါင်းစဉ်အောက်မှ ကျန်ရှိနေသေးသော မေးလျှောက်စရာများနှင့်အတူ ဆရာတော်ထံသို့ ရောက်ရှိခဲ့ပါသည်။

**စာရေးသူ။** ။*အရှင်ဘုရား၊ မြန်မာစကားမှာ အပေါင်းအသင်းဆိုသော စကားနှင့် ပတ်သက်၍ တွေးစရာများရှိသည်ဟုထင်ပါသည်။ ထိုစကား၏ အနက်အဓိပ္ပါယ်ကို တပည့်တော်အနေဖြင့် အရှင်ဘုရားထံမှ မိန့်ဆိုချက်ကို သိချင်ပါတယ်ဘုရား။*

**ဆရာတော်။** ။မြန်မာစကားတွေရဲ့ အတိမ်အနက်က အတော်ကို တာသွားပါတယ်။

အခုဒကာမေးလျှောက်တဲ့အပေါ် ဘုန်းကြီးတွေးမိတာလေး ပြောပြချင်ပါတယ်။ 'မဂဓတိုင်း' 'ရာဇဂြိုလ်'အနီးမှာ 'နာလက'ဆိုတဲ့ရွာလေးတစ်ရွာရှိပါတယ်။ 'ဝင်္ဂန္တ' နှင့် 'ရူပသာရီ'ဆိုတဲ့ ဗြာဟ္မဏအနွယ်ဝင် ဇနီးမောင်နှံတို့မှာ သားသမီး ၇ ဦးထွန်းကားသတဲ့။ သားက လေးယောက်၊ သမီးက သုံးယောက်ဖြစ်တယ်။ အဲဒီအထဲမှာမှ အခုဘုန်းကြီးပြောချင်တာက သားအကြီးဆုံးဖြစ်တဲ့ 'ဥပတိဿ'အကြောင်းကို ပြောချင်တာဖြစ်ပါတယ်။ ဥပတိဿဟာ ဗြာဟ္မဏအနွယ်ဝင်တစ်ဦးဖြစ်တဲ့အတွက် ဗြာဟ္မဏအယူဝါဒတွေနဲ့ ရှင်သန်ကြီးပြင်းခဲ့ရသူဖြစ်ပါတယ်။ သို့သော်လည်း ထိုးထွင်းသိမြင်ချင်တဲ့စိတ်ဆန္ဒကြောင့် တစ်နေရာထဲမှာ ရပ်မနေဘဲ ရှေ့သို့ တိုးလျှောက်ခဲ့သူဖြစ်ပါတယ်။ သူ့လိုပဲ ဗြာဟ္မဏနွယ်ဖွားတစ်ဦးဖြစ်သော 'ကောလိတ'ဆိုတာ ရှိပါတယ်။ ဥပတိဿလိုပဲ သူသည်လည်း တစ်နေရာတည်းမှာ ရပ်မနေဘဲ ရှေ့သို့တိုးလျှောက်ခဲ့သူဖြစ်ပါတယ်။ သူတို့ဟာ အမှန်တရားတွေကို သိဖို့ 'သိဥ္စည်း'ဆရာကြီးတွေထံ တပည့်ခံခဲ့ကြပါတယ်။

သို့သော်လည်း လိုချင်တဲ့အမှန်တရားကို ရှာမတွေ့ခဲ့ပါဘူး။ တစ်နေ့တော့ 'အရှင်အဿဇိ'မထေရ် ဒေသစာရီကြွလာရာမှ ရာဇဂြိုဟ်မြို့အတွင်းမှာ ဥပတိဿနဲ့တွေ့ခဲ့ပါတယ်။ ကြည်ညိုဖွယ်ရာကောင်းသော အရှင်အဿဇိမထေရ်ကို မြင်တွေ့တယ်ဆိုရင်ပဲ အပေါင်းအသင်းကောင်းဆိုတာ သူ့စိတ်ထဲမှာ သိနေပါတယ်။ ထို့နောက် အရှင်အဿဇိထံကို ချဉ်းကပ်ပြီး သိချင်တာများကို မေးလျှောက်တော်မူခဲ့ပါတယ်။

*'ဤလောက၌ ဖြစ်ဖြစ်သမျှအားလုံးတို့သည် အကြောင်းကြောင့်သာ ဖြစ်ကုန်၏။ ထိုဖြစ်ဖြစ်သမျှအားလုံးတို့၏အကြောင်းကို ဗုဒ္ဓက ဟောတော်မူ၏။ ထိုဖြစ်သမျှအားလုံးတို့၏ ချုပ်ငြိမ်းရာကိုလည်း ဟောကြားတော်မူ၏။'*

အရှင်အဿဇိ၏ ထိုစကားအဆုံး ဥပတိဿဟာ အသိဉာဏ်လင်းလက်ခွင့်ရသွားပြီး မိတ်ကောင်းတို့၏ စိတ်နှလုံးကောင်းဖြင့် ကောလိတထံသို့ အရှင်အဿဇိ ဟောကြားတော်မူခဲ့သော တရားစကားတို့ကို တစ်ဆင့်ပြန်လည်ဟောကြားပြီးသည့်နောက်မှာ မြတ်ဗုဒ္ဓထံသို့ ရောက်ရှိပြီး ထူးမြတ်သာလွန်သော အသိဉာဏ်များလင်းလက်ခွင့်ရ၍ ပညာအရာမှာ ဧတဒဂ်ဘွဲ့ထူးကို ရရှိခဲ့ပြီး 'ဥပတိဿ'တစ်ဖြစ်လည်း လက်ယာတော်ရံ 'အရှင်သာရိပုတ္တရာ'ထေရ်ရှင်ရယ်လို့ သာသနာမှာ ကြည်ညိုဖွယ်ရာများဖြင့် ကျော်ကြားခဲ့ပါတယ်။

ထို့အတူပဲ ကောလိတဟာလည်း သာသနာတော်မှာ တန်ခိုးအရာမှာ ဧတဒဂ်ဘွဲ့ထူးကိုရရှိလို့ 'လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်' ထေရ်ရှင်ရယ်လို့ ကြည်ညိုဖွယ်ရာများစွာနဲ့ သာသနာသမိုင်းမှာ အထင်အရှားဖြစ်ခဲ့ကြပါတယ်။ ဒီနေရာမှာ ပြောချင်တာက ဒကာမေးလျှောက်ခဲ့တဲ့ အပေါင်းအသင်းအကြောင်းကိုပဲ ရှင်းပြချင်လို့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်အကြောင်းကို အရင်ရှင်းပြခဲ့တာဖြစ်ပါတယ်။ တကယ်တော့ သူတို့နှစ်ဦးဟာ ကုသိုလ်ပညာဉာဏ်လင်းလက်ခွင့်ရဖို့ အရှင်အဿဇိလို မိတ်ကောင်းမျိုးနဲ့ ပေါင်းသင်းခွင့်ရတဲ့အတွက် ကုသိုလ်ပညာတိုးပွားစရာတွေဖြစ်ခဲ့ပြီး အရှင်အဿဇိရဲ့ ကျေးဇူးကြောင့် မြတ်ဗုဒ္ဓထံတော်ပါးကို ရောက်ပြီး သစ္စာတရားများကို နာကြားရလို့ အမှန်တရားကို တွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် အပေါင်းအသင်းဟာ အလွန်အရေးကြီးပါတယ်။ မိမိပေါင်းတဲ့ အပေါင်းအသင်းကြောင့် ကုသိုလ် ပညာ ဥစ္စာမတိုးဘဲ ဆုတ်ယုတ်စရာအကြောင်းတွေသာဖြစ်ခဲ့မယ်ဆိုရင် ထိုသူတွေကို အပေါင်းအသင်းလို့ ပြောလို့မရပါဘူး။ အနုတ်အသင်းလို့ပဲ ပြောရမှာဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ အပေါင်းအသင်းလို့ဆိုတဲ့နေရာမှာ တပည့်တော်အနေနဲ့ တစ်ခုတွေးမိတာရှိပါတယ်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့သူတွေလည်း တပည့်တော်တို့အနေနဲ့ အပေါင်းအသင်းလို့သတ်မှတ်သင့်ပါသလားဘုရား။ အနုတ်အသင်းဆိုတာကရော ဘယ်လိုပုဂ္ဂိုလ်မျိုးတွေကိုဆိုလိုတာဖြစ်ပါသလဲဘုရား။*

**ဆရာတော်**။ ။အပေါင်းအသင်းလို့ဆိုတဲ့နေရာမှာ မိဘနဲ့ပေါင်းသင်းဆက်ဆံမှုကိုလည်း ဆိုလို့ရသလို၊ သူငယ်ချင်း၊ မိတ်ဆွေ၊ ဆရာသမား နောက်ဆုံး အုပ်ချုပ်မင်းလုပ်တဲ့သူကိုပါ အပေါင်းအသင်းစာရင်းထဲမှာထည့်လို့ရပါတယ်။ ဒါပေသိဒီနေရာမှာ ပြောချင်တာက မိဘဆိုလည်း သားသမီးအပေါ်ကို ကုသိုလ်၊ ဥစ္စာ၊ ပညာတိုးပွားစေမယ့် အထောက်အပံ့ကောင်းတွေပေးမှ မိဘနဲ့ သားသမီးကြားမှာ အပေါင်းကောင်းဖြစ်မှာပါ။ မိတ်ဆွေအပေါင်းအသင်းဆိုတာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဆရာသမားဆိုတဲ့နေရာမှာတော့ အထူးသတိချပ်ရွေးချယ်တတ်ဖို့အရေးကြီးပါတယ်။

အင်္ဂုလိမာလတို့၊ အဇာတသတ်မင်းတို့ဟာ ဆရာပေါင်းမှားခဲ့လို့ သူ့အတွင်းစိတ်မှာရှိတဲ့ ကုသိုလ်အကြောင်းတရားတွေ ယုတ်လျော့ပြီး အကုသိုလ်အကြောင်း

တရားတွေ တိုးပွားခဲ့လို့ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ပါတယ်။ နောက်ပြီး အုပ်ချုပ်မင်းလုပ်တဲ့သူဆိုတာကတော့ အရေးကြီးဆုံးသော ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ဘဝရပ်တည်မှုတွေကို လုံခြုံစိတ်ချစွာနဲ့ ရပ်တည်နိုင်ပြီး အစစအရာရာ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်တဲ့အပြင် ကုသိုလ်၊ ဥစ္စာ၊ ဉာဏ်ပညာတွေကို တိုးပွားအောင် လုပ်ပေးနိုင်ရမယ်။ ယနေ့ ဘုန်းကြီးတို့နိုင်ငံရဲ့ အရေးကြီးတဲ့ကာလမျိုးမှာ နိုင်ငံနဲ့ လူမျိုးတိုးတက်အောင် စွမ်းဆောင်နိုင်တဲ့အစိုးရမျိုးလိုအပ်ပါတယ်။ မေတ္တာတရားကိုအခြေခံသော အုပ်ချုပ်သူတွေဖြစ်ဖို့လိုပါတယ်။ အဲဒီလို အုပ်ချုပ်သူမျိုးကိုတော့ အပေါင်းကောင်းထဲမှာထည့်လို့ရပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ အခုဘုန်းကြီးအမိန့်ရှိခဲ့တဲ့အကြောင်းတရားတွေနဲ့ ပြောင်းပြန်ဆိုရင်တော့ အုပ်ချုပ်တဲ့သူတွေကို အနုတ်အသင်းလို့ပဲ သတ်မှတ်ရမှာပါ။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ တချို့နေရာတွေမှာ အုပ်ချုပ်သူတွေအနေနဲ့ သုံးလေ့သုံးထရှိတဲ့စကားလုံးတွေကို အပြောကောင်းကောင်းနဲ့ သုံးစွဲပြောသော်လည်း ပြည်သူတွေကို အကြောက်တရားအောက် တွန်းပို့သလိုဖြစ်နေပါတယ်ဘုရား။ အဲဒီအပေါ်မှာ အရှင်ဘုရားရဲ့ သုံးသပ်ချက်ကို သိချင်ပါတယ်။*

**ဆရာတော်။** ။အကြောက်တရားကို အခြေခံသော ဥပဒေမှန်သမျှကို ဘုန်းကြီးတို့အနေနဲ့ လက်မခံပါဘူး။ ဥပဒေတစ်ခုဟာ လိုက်နာကျင့်သုံးနိုင်တဲ့ အခြေအနေတစ်ခုမှာ ရှိနေဖို့လိုအပ်ပါတယ်။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓသည်ပင်လျှင် သိက္ခာပုဒ် ၂၂၇ သွယ်ကို ပညတ်တော်မူခဲ့တာတွေနဲ့ပတ်သက်ပြီး လေ့လာသုံးသပ်မယ်ဆိုရင် 'အကြောက်နဲ့အမျှော်' နှစ်ခုကြားက လွတ်ကင်းနေတာကို တွေ့ရမှာပါ။

ဒီနေရာမှာ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ 'ဘုရားဥပဒေတော်ကြီး' စာအုပ်ထဲမှာ ဒီလိုဆိုထားတာလေးကို ဘုန်းကြီးက ညွှန်းပြချင်ပါတယ်။ ('ဥပဒေသ' ဟူသောပါဠိစကားကို 'ဥပဒေ' ဟု ခေါ်နေကြ၏။ ထိုပါဠိ၏ မြန်မာလိုဆိုလိုရင်းမှာ နည်းလမ်းညွှန်ပြချက်ဟူသတည်း။ ဗုဒ္ဓမြတ်စွာသည် အကြောင်းဝတ္ထုအပြစ်တစ်စုံတရာမပေါ်ခင် ဝိနည်းဥပဒေတော်ကို ကြိုတင်၍ ပညတ်တော်မမူ၊ အကြောင်းဝတ္ထုတစ်ခုခုပေါ်လာမှသာ ပညတ်တော်မူသည်။ ထိုသို့ပညတ်တော်မူခါနီး၌လည်း သံဃာများစည်းဝေးစေ၍ ထိုသံဃအစည်းအဝေး၌ အမှုရှင်ရဟန်းကို စစ်ဆေးမေးမြန်းတော်မူပြီးမှ အပြစ်တင်တန်လျှင် အပြစ်တင်တော်မူ၍ ဆုံးမဩဝါဒ

တရားစကားကို ခပ်များများမိန့်တော်မူ၏။ ထိုတရားစကားတော်ကို ကြားနာရသော သံဃာတော်များကပင်ဤအမှုမျိုး နောင်မဖြစ်ပေါ်အောင် 'ဥပဒေပညတ်တော်' ထားထိုက်သည်ဟု အယူရှိကြသောအခါမှ ထိုက်သင့်ရာဥပဒေကို ပညတ်တော်မူသည်။ အချို့ဥပဒေတော်များကား တားမြစ်ချုပ်ချယ်သောဥပဒေမဟုတ်။ အခွင့်အရေးပေးသော ဥပဒေဖြစ်၏။ ဥပဒေများ၏ အကြောင်းဝတ္ထုအမှုကိစ္စမှာလည်း မလွဲသာ မရှောင်သာသောအမှု သို့မဟုတ် အလွန်အကြူးစောင့်စည်းထားသဖြင့် ဆင်းရဲပင်ပန်းခံရသောအမှုကိစ္စမျိုးဖြစ်လေသည်။)

ကဲ ... အဲဒီတော့ ဆရာတော်ကြီးရေးသားတင်ပြ ထားတာကို ကြည့်ခြင်းအားဖြင့် မြတ်ဗုဒ္ဓမဟာကရုဏာတော်ကိုလည်း ထင်ထင်ရှားရှားတွေ့မြင်ရသလို ဉာဏ်တော်ကြီးမားမှုကိုလည်း ပူဇော်ကြည့်ညိုခွင့်ရပါတယ်။ ဒီလိုပဲ လောကဥပဒေကို ထုတ်တဲ့နေရာမှာလည်း အတ္တစေ့ဆော်မှုကို အခြေခံပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာအတွက် ငါတကောကောလို့ ငါတို့ဥပဒေမဖြစ်စေရဘဲ နိုင်ငံသူနိုင်ငံသားအားလုံးအတွက် ရှုထောင့်ပေါင်းစုံကကြည့်ပြီး တတ်သိနားလည် ပညာပြည့်ဝ နှလုံးလှသောလူတွေနဲ့ တိုင်ပင်သင့်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ ယနေ့ လူမှုကွန်ရက်တစ်ခုအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြတဲ့ Facebook တွေမှာ ရဟန်းတော်များလည်း အများအပြား အသုံးပြုနေတာကို တွေ့ရပါတယ်ဘုရား။ အဲဒီအပေါ်မှာ အရှင်ဘုရားရဲ့ အမြင်နဲ့သုံးသပ်ချက်ကိုလည်း သိချင်ပါတယ်။*

**ဆရာတော်**။ ။အချို့ရဟန်းတော်များရဲ့ အရေးအသားတွေဟာ အကျိုးများစေမယ့် အရေးအသားတွေကို တွေ့ရသလို အချို့အရေးအသားတွေကတော့ အကျိုးယုတ်စေတာကို တွေ့ရပါတယ်။ လူပုဂ္ဂိုလ်တွေအသုံးပြုတာနဲ့ ရဟန်းတော်များ အသုံးပြုတာ မတူပါဘူး။ အထူးသဖြင့် ရဟန်းတော်တွေအနေနဲ့ အသုံးပြုတဲ့အခါမှာ အကျိုးမဲ့ အရေးအသားတွေကို ရှောင်သင့်ပါတယ်။

ကဲဗျာ ... ဒီတစ်ပတ်တော့ ခေတ္တနားကြဦးစို့။ ဘုန်းကြီးတို့လည်း အခြားကိစ္စဆောင်ရွက်ရင်း နောက်တစ်ပတ်တွေ့ကြတာပေါ့။

စာရေးသူ၏အမေးကို ဖြေကြားရင်း မပြီးဆုံးသေးခင် နောက်တစ်ပတ်ဟု ဆိုလိုက်သောကြောင့် အားမလိုအားမရဖြစ်သော်လည်း ဆရာတော်၏ တစ်နေ့တာ

အချိန်များထဲမှ ယခုကဲ့သို့ အချိန်ပေးဖြေကြားခြင်းကို အထူးကျေးဇူးတင်လို့ မဆုံးဖြစ်ရင်း စာဖတ်သူများထံသို့ ဆရာတော်၏ မပြီးဆုံးသေးသောအဖြေနှင့်အတူ နောက်တစ်ပတ်ဆက်၍ ကုသိုလ်မျှဝေပါဦးမည်။

■ ■ ■

# နှလုံးအိုးနှင့်လှူည့်များ
# (၃)

'လွယ်တယ်မထင်နဲ့'

'ရဟန်းဘဝလွယ်တယ်မမှတ်နှင့်
တကယ်ကျပ်သကွယ် ဒကာတို့ရေ
အနယ်နယ်အရပ်ရပ် ငါတို့ပြည်မှာ
ဝါလို့နေအောင် သံဃာအများ
လုပ်ကြောက်စားရ
အလကားနေသည်
အလွဲအမှားတွေ
ထင်ကြလေ၏တကား။
ကာမဂုဏ် ခွာထုတ်ကာနော်
စာအုပ်ကိုသာအဖော်ထား
မသမာအလုပ်ဆိုတာ

*မတော်ပါလားရယ်လို့*
*အပျော်အပါးမလိုက်ပေ*
*သပိတ်ပိုက်ကာ*
*လမ်းတကာသွားလို့*
*ဆွမ်းရှာစားရ ပဲနှင့် ချဉ်ပေါင်ရေ။*
*မဝတဝ မှျတလေသည်*
*ရသမှျတွေ သောင်းပြောင်းရောလို့*
*ကောင်း၊ မကောင်း ဘာမှ မချန်ပေါင်*
*ပါသမျှ ပန်းကန်ပြောင်*
*စားပြီး စာကျက်*
*နှုတ်တတ်ဆောင်တယ်*
*အမြုပ်ထွက်အောင်*
*စာအံရသဗျလေး။*

*ဆရာတော် အရှင်ဇနကာဘိဝံသ*

တကယ်တော့ သာသနာ့ဘောင်အတွင်း ရှင်ရဟန်းအဖြစ်နေရခြင်းသည်က မလွယ်ပါ။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတစ်ပါးအနေဖြင့် ပရိယတ်၊ ပဋိပတ်နှစ်ဖြာသော သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း လွတ်လမ်းကို ရှာရသည်မဟုတ်ပါလား။ မိမိကိုယ်တိုင်လည်း သံသရာမှ လွတ်မြောက်ကြောင်းလမ်းကို ရှာဖွေသလို ဝေနေယျ သတ္တဝါအပေါင်းတို့ကိုလည်း ကိလေသာတောအတွင်းမှ ရုန်းထွက်နိုင်အောင် ကူကာ ဖေးကာ တတ်စွမ်းသမျှ လမ်းညွှန်ပြသပေးရပါမည်။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ဆိုဆုံးမစာကို ဖတ်ပြီးသည့်ကာလ စာရေးသူ၏ ဆင့်ပွားအတွေး များဖြင့် ယခုတစ်ပတ်ဆရာတော် အရှင်ပညာသီဟာဘိဝံသနှင့် ဆက်ရန်ကျန်သော ဓမ္မအမေးအဖြေများကို စာရှုသူများထံသို့ မျှဝေကုသိုလ်ပြုအပ်ပါသည်။

**ဆရာတော်**။ ။ကဲ … ရှေ့တစ်ပတ်က အဆုံးသတ်ခဲ့တဲ့နေရာက စပြောကြတာ ပေါ့။ အင်တာနက်၊ ဖေ့ဘုတ်စ်တွေ တွင်တွင်သုံးလာကြတဲ့အပေါ် ဘုန်းကြီးတို့အနေနဲ့ အချို့သော ရဟန်းတော်များရဲ့ စတေးတပ်စ်တွေ၊ ကွန်မန့်တွေကို ဖတ်ရှုခွင့်ရတဲ့အခါ တချို့အရေးအသားတွေက ရဟန်းတစ်ပါးမှ ဟုတ်ပါလေစလို့တောင် တွေးမိပါတယ်။

ကိုယ်က ရဟန်းဖြစ်တဲ့အတွက် ကိုယ့်တစ်ကိုယ်ရေအတွက်ကို မကြည့်ဘဲ ကိုယ့်ရဲ့ နောက်ခံအရောင်အသွေးကို ကြည့်ရပါမယ်။ ကိုယ့်ရဲ့ အရေးအသား၊ အပြောအဆို တွေ မတော်မတည့်တဲ့အခါ ကိုယ်တစ်ယောက်တည်း ထိခိုက်တာမဟုတ်ဘဲ သာသနာ တော်တစ်ခုလုံး ထိခိုက်နိုင်ပါတယ်။ ဒီတော့ ဖေ့ဘုတ်စ်သုံးတဲ့ ရဟန်းတော်တွေ အနေနဲ့ ဗုဒ္ဓအလိုကို ဆန့်ကျင်သော အခမ္မတွေကို ရှောင်ပြီး ဝေနေယျအားလုံးရဲ့ အကျိုးစီးပွားလို့ငှာ မြတ်ဗုဒ္ဓ၏ အလိုကျ လမ်းညွှန်ပြသသော ရေးသားမှုများကိုသာ ဘုန်းကြီးတို့အနေနဲ့ ရေးသားစေချင်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ ရဟန်းတော်တွေတင်မဟုတ်ဘဲ လူတွေအနေနဲ့လည်း အမုန်းဆင့်ကဲတဲ့ သံသယမီးပွားများဖြစ်စေမယ့်အရေးအသားများကို ရှောင်ရှား သင့်တယ်လို့လည်း တပည့်တော်ထင်ပါတယ်။ တပည့်တော်ဆက်ပြီး လျှောက်ထား ချင်တာက တပည့်တော်တို့ နိုင်ငံရဲ့ အပြောင်းအလဲတစ်ခုကို ဖြစ်စေမယ့် ၂၀၁၅ ရွေးကောက်ပွဲကြီးကို ဖြတ်သန်းရပါတော့မယ်။ အရှင်ဘုရားအနေနဲ့ အဲဒီအပေါ်မှာ ဩဝါဒပေးစရာရှိရင် မိန့်စေချင်ပါတယ်။*

**ဆရာတော်**။ ။ဒကာလေးရဲ့ မေးခွန်းကို အစကနေကောက်နုတ်ပြောရရင် ရဟန်းပဲ ဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် တတ်နိုင်ရင်တော့ အမုန်းတရား၊ အမုန်းအရေးအသား၊ အပြောအဆိုတွေကို လုံးဝ ရှောင်ရှားသင့်ပါတယ်။ ကိုယ်တည်းတစ်ယောက်ကြောင့် အခြားသူ ဒုက္ခဆင်းရဲတွင်းထဲကျသွားမယ့်အလုပ်ကို ဘယ်သာသာဝင်မဆို မလုပ်သင့် ပါဘူး။ အဲဒီလိုမဟုတ်ဘဲ အမုန်းစကားတွေကို ထပ်ဆင့်ပွားလို့ အများကို လောင်ကျွမ်း ကူးစက်စေမယ်ဆိုရင် နှလုံးဆိုးနဲ့ လူညံ့တွေဖြစ်ကုန်ကြပါလိမ့်မယ်။

ကဲ … တစ်ဆက်တည်း ဆက်ပြောပါမယ်။ ဘုန်းကြီးတို့အလုပ်က အရဏ်တက် အာရဏ်ဆွမ်းဘုဉ်းပေးပြီးတာနဲ့စာဝါချတဲ့အလုပ်၊ စာရေးတဲ့အလုပ်၊ တရားဟော တရားပြတဲ့အလုပ်စတာတွေနဲ့သာ တစ်နေကုန်သွားပါတယ်။ ဒါ ဘုန်းကြီးတို့ရဲ့ မဖြစ်မနေလုပ်ရမယ့် အလုပ်တွေဖြစ်ပါတယ်။ အခု ဒကာမေးတဲ့မေးခွန်းကို ဘုန်းကြီး တို့အနေနဲ့ ဗုဒ္ဓအလိုကျချစ်ဖွယ်သော စကားဖြင့် လက်ဆင့်ကမ်းချင်ပါတယ်။ နိုင်ငံရဲ့ ဒီလိုအရေးကြီးတဲ့ကာလတစ်ခုမှာ နိုင်ငံနဲ့ လူမျိုးကို တိုးတက်အောင် စွမ်းဆောင် နိုင်သော အစိုးရမျိုးကို ရွေးချယ်ရပါမယ်။ မိမိတို့ ရွေးချယ်လိုက်သော အစိုးရဟာ 'ကောင်းဖို့ ပြောင်းသလို ပြောင်းသလို ကောင်းအောင်လုပ်ဖို့' လိုအပ်ပါလိမ့်မယ်။

ကောင်းမယ်တော့ ထင်ရပါရဲ့ တိုင်းပြည်ဘာမှ မပြောင်းလဲဘူးဆိုရင် မြွေအရေခွံ ပြောင်းတာနဲ့အတူတူပဲလို့ဆိုရမှာဖြစ်ပါတယ်။ ဘုန်းကြီးတို့နိုင်ငံမှာ အုပ်ချုပ်သူ သူတော်ကောင်းတွေမဖြစ်မနေ လိုအပ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ အနေနဲ့ကတော့ ဘယ်ပါတီကို မဲပေးပါလို့ မပြောကောင်းပါဘူး။ ရွေးချယ်ဖို့ နည်းလမ်းကိုသာ လမ်းညွှန်ရခြင်းဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ ယနေ့အချိန်အခါမှာ အချို့သော အသင်းအဖွဲ့အစည်း တွေမှာ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ ကြွေးကြော် နေကြတဲ့အပေါ် အရှင်ဘုရားအနေနဲ့ ဘာများမိန့်ချင်ပါသလဲဘုရား။*

**ဆရာတော်**။ ။နိုင်ငံရေးပါတီတွေအနေနဲ့ အမျိုးဘာသာ သာသနာလို့ကြွေးကြော် နေခြင်းဟာ ဘုန်းကြီးတို့အနေနဲ့ပြောရရင် မိမိတို့ပါတီ အနိုင်ရရေးအတွက် လူပြိန်း အကြိုက်စည်းရုံးရေးလို့ပဲ ပြောရမှာဖြစ်ပါတယ်။ ဘုန်းကြီးတို့လည်း အမျိုးဘာသာ သာသနာကို တန်ဖိုးထားပြီး အဓွန့်ရှည်စွာဖြင့် တည်ရှိနိုင်ဖို့ ကာကွယ်ရမယ်ဆိုတာ ခြွင်းချက်မရှိလက်ခံပါတယ်။ ဒါပေမယ့် ဘုန်းကြီးတို့ပြောတဲ့အမျိုးဆိုတာ ဘုန်းကြီး တို့ နိုင်ငံအတွင်းမှာရှိတဲ့ အရောင်အသွေးမခွဲခြားတဲ့ တစ်မျိုးသားလုံးအရေးကို ဆိုလိုတာပါ။ ဘာသာ သာသနာဆိုတဲ့နေရာမှာတော့ ဘုန်းကြီးအနေနဲ့ သက်ဆိုင်ရာ ဘာသာဝင်တိုင်းရဲ့ သာသနာ့အရေးတွေကို လွတ်လပ်စွာရှင်သန်ခွင့်ရဖို့ ကာကွယ် စောင့်ရှောက်ပေးသွားရမှာဖြစ်သလို အခြားသူများရဲ့ ဘာသာ သာသနာကိုလည်း လေးစားကြဖို့ လိုအပ်ပါတယ်။ အဲဒီနေရာမှာ အရေးကြီးတာက တရားမျှတမှုရှိသော ဥပဒေများနဲ့အညီ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ သက်ဆိုင်ရာ ဘာသာအသီးသီးတို့ အပေါ်မှာ ကာကွယ်စောင့်ရှောက်ပေးခြင်းဟာ ပဋိပက္ခများငြိမ်းစေဖို့ ဖြစ်ပါ တယ်။

**စာရေးသူ**။ ။*အလွန်မှတ်သားလိုက်နာသင့်သော လမ်းညွှန်ချက်တွေပါပဲ။ အရှင် ဘုရားအမိန့်ရှိတဲ့အတိုင်းဖြစ်ဖို့ဆိုရင် တပည့်တော်တို့နိုင်ငံမှာ နှလုံးဆိုးနဲ့ လူညံ့များရဲ့ လက်အောက်ကနေ တပည့်တော်တို့ပြည်သူအားလုံး ရုန်းထွက်ကြဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။*

**ဆရာတော်**။ ။မှန်ပါတယ်။ ဘုန်းကြီးတို့အနေနဲ့ကတော့ အုပ်ချုပ်သူတွေကို ပေးချင် တဲ့ မက်ဆေ့ချ်က နိုင်ငံရဲ့ ကောင်းကျိုး၊ တိုင်းသူပြည်သားတွေရဲ့ ကောင်းကျိုးကို

ထောက်ရှုပြီး တစ်ဦးနဲ့ တစ်ဦး သဘောထားတွေ ကြီးပေးကြပါ။ ဒီစကားဟာ နယ်ပယ်အသီးသီးက လူတွေအားလုံးကို ဆိုလိုခြင်းဖြစ်ပါတယ်။ သဘောထားကြီးတယ်ဆိုတဲ့စကားလုံးဟာ အများကြီးတာသွားပါတယ်။

နောက်တစ်ချက် နိုင်ငံအုပ်ချုပ်တဲ့လူတိုင်းဟာ သင့်တော်တဲ့ပညာရှင်တွေကို အပ်စပ်တဲ့နေရာမှာ အသုံးတည့်အောင်လို့ အားကိုး အသုံးချကြပါ။ အုပ်ချုပ်တဲ့လူက တိုက်ဆောက်တတ်ဖို့ မလိုသလို ဆေးကုတတ်ဖို့လည်း မလိုပါဘူး။ ဒါပေမယ့် တိုက်ကောင်းကောင်းဆောက်တတ်တဲ့ အင်ဂျင်နီယာတွေကို နေရာပေးတတ်ဖို့ပဲ လိုပါတယ်။ ပညာရေးအခန်းကဏ္ဍမှာလည်း ထိုဥပမာအတိုင်းပဲ ကျွမ်းကျင်နားလည်သော တတ်သိပညာရှင်တွေကို လုပ်ပိုင်ခွင့်တွေ ပေးဖို့လိုပါတယ်။

နောင်ဆယ့်လေးငါးနှစ်ဆိုရင် အခုအုပ်ချုပ်နေတဲ့သူတွေရော ဘုန်းကြီးတို့တစ်တွေပါ လူ့လောကထဲမှာ ရှိချင်မှ ရှိကြတော့မှာပါ။ ဒီနေရာမှာ ဘုန်းကြီးအထူးပြောချင်တာက လက်ဆင့်ကမ်း အမွေပေးခဲ့တဲ့နေရာမှာ နောင်မျိုးဆက်တွေအတွက် 'နှလုံးလှ လူတော်လေးများ' ဖြစ်လာအောင် လက်ဆင့်ကမ်းနေရာပေးကြဖို့ လိုအပ်ပါတယ်။ 'နှလုံးဆိုးနဲ့ လူညံ့' အမွေတွေကိုသာ ဆင့်ကမ်းပေးခဲ့ကြမယ်ဆိုရင် ဘုန်းကြီးတို့ရဲ့ တိုင်းပြည်အနာဂတ်ဟာ နောင်လာမယ့် နှစ် ၅၀ လည်း ဘာမှထူးလာမှာ မဟုတ်ပါဘူး။ မျိုးဆက်ဟောင်းပေါ် မျိုးဆက်သစ်ဆင့်တဲ့နေရာမှာ မျိုးဆက်ဟောင်းတွေရဲ့ လုပ်ရပ်တွေဟာ မျိုးဆက်သစ်တွေအတွက် လမ်းမှန်ရွေးချယ်ဖို့ နည်းလမ်းကောင်းတွေသာ ဖြစ်သင့်ပါတယ်။ ဒါကြောင့် 'နှလုံးဆိုးနဲ့ လူညံ့များ' အဖြစ်မှ ရှောင်ရှားနိုင်ကြပြီး 'နှလုံးလှ လူတော်များ' ဖြစ်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

အဆုံးသတ်လိုက်တဲ့ ဆရာတော်ရဲ့စကားအပေါ် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရင်း ဆရာတော်ထံမှ အပြန်လမ်းမှာတော့ ၂၀၁၅ နိုဝင်ဘာ ၈ ရက်နေ့မှာ 'နှလုံးဆိုးနဲ့လူညံ့များ' ကို အဟောင်းအသိုးကြားထဲမှာ ထားပစ်ခဲ့ပြီး 'နှလုံးလှ လူတော်များ' နဲ့ သမိုင်းသစ်မှာ ကဗ္ဗည်းထိုးဖို့ စာရေးသူတို့ ရွေးချယ်ကြပါစို့။ ဒါမှ နောင်မျိုးဆက်သစ်တို့ရဲ့ အနာဂတ် စိတ်ချရမှာ မဟုတ်လားဗျာ။

■ ■ ■



## ပဋ္ဌာန်းအလင်းရောင်ဆရာတော်အရှင်တေဇနိယ
## နှင့် ဓမ္မအမေးအဖြေ

ဘယ်သာသာတရားကိုမဆို ခုတုံးလုပ်အသုံးချရင်တော့ ထိုသူရဲ့ ဘဝဇာတ်လမ်းဟာ
လူကြမ်းကြီးအဖြစ်နဲ့ သမိုင်းမှာ ကဗွည်းထိုးကျန်ရစ်ခဲ့မှာဖြစ်ပါတယ်။
သူ့နောက်လိုက်မိရင်လည်းသူ့လိုပဲ သမိုင်းစဉ်ဆက် အမွေဆိုးကိုသာ
ဆက်ခံကြရမှာဖြစ်ပါတယ်။။

# အပါယ်ကြောက်လို့ အပေါက်ပိတ်တာလား
# အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား

စာရေးသူသည် ယနေ့ခေတ်၏ အချိန်နှင့်အမျှ ပြေးလွှားနေသော ဖေ့ဘုတ်စ်စာမျက်နှာကို အခွင့်သင့်တိုင်း ဖွင့်ကြည့်မိပါသည်။ ဗဟုသုတရစရာတွေလည်းရှိသလို ကုသိုလ်ပွားစရာ၊ အကုသိုလ်ဖြစ်စရာများနှင့်လည်း ဖေ့ဘုတ်စ်စာမျက်နှာနှင့် စာရေးသူ၏ အာရုံတို့ မကြာခဏဆိုသလို ဆုံတွေ့ရပါသည်။ အကုသိုလ်အာရုံများကိုဖယ်ရှား၍ အချို့သော ပို့စ်များ၊ အချို့သော စတေးတပ်စ်များသည် စာရေးသူအတွက် ခွန်အားဖြစ်စေခဲ့ပါသည်။ တစ်နေ့တော့ ဖေ့ဘုတ်စ်စာမျက်နှာပေါ် 'လူသားနှင့် ပရဟိတ' ဆိုသော စာအုပ်ကလေးကို ကျေးဇူးရှင် အရှင်ဂါရဝါဘိဝံသထေရ်အရှင်၏ စာမျက်နှာထက်မှ တွေ့မြင်ခွင့်ရခဲ့ပြီး ထိုစာအုပ်ကို ရေးသားစီရင်အပ်သော အရှင်တေဇနိယ(ပဋ္ဌာန်းအလင်းရောင်ဆရာတော်)နှင့် ဆရာတော် အရှင်ဂါရဝါဘိဝံသ၏ ကျေးဇူးကြောင့် ရင်းနှီးခွင့်ရခဲ့ပါသည်။

သာသနာတွင် အထင်အရှားဖြစ်သည့်ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်အတွင်းသို့ ဆရာတော် အရှင်တေဇနိယနှင့်တွေ့ရန် ရောက်ရှိခဲ့ပြီး ဆရာတော်အားဖူးတွေ့ရသောအခါ ရင်တွင်းငြိမ်းချမ်းသော ဓာတ်များကို ဆရာတော်ထံမှတစ်ဆင့်

စာရေးသူတို့ထံ ကူးစက်ခံစားမိပါသည်။ ဇာတိက နတ်မောက်ဟု သိရပါသည်။ ဆရာတော်ထေရ်အရှင်သည် 'ယမကအလင်းရောင်ကျမ်း'(လတ်၊ ကြီး)မှ အစပြု၍ စာအုပ်ပေါင်းများစွာကို ထုတ်ဝေရေးသားခဲ့သည်ဟုလည်း သိရှိရပါသည်။ သို့အတွက်ကြောင့် စာရေးသူအနေနှင့် ဆရာတော်နှင့် ဓမ္မအမေးအဖြေပြုလုပ်ခွင့်ရပါက လွန်စွာအကျိုးကျေးဇူးများမည်ဟု ဆရာတော်အားလျှောက်ထားရာ ဆရာတော် ထေရ်အရှင်မှလည်း ခွင့်ပြုတော်မူသည့်အတွက် ယခုတစ်ပတ် စာရေးသူ၏ ဓမ္မအမေးအဖြေအခန်းကဏ္ဍကို ဤခေါင်းစဉ်ဖြင့် စာရှုသူများထံသို့ ပေးပို့လိုက်ပါသည်။

စာရေးသူမေးလျှောက်မည့် ခေါင်းစဉ်က 'အပါယ်ကြောက်လို့ အပေါက်ပိတ်တာလား၊ အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား'

**ဆရာတော်**။ ။ကဲ … ဒကာမေးလျှောက်ချင်တာကိုမေးပါ။ ဘုန်းကြီးတို့အနေနဲ့ကတော့ မြတ်ဗုဒ္ဓရဲ့ အလိုတော်အတိုင်း နှလုံးသွင်းလို့ ဖြေကြားပေးပါ့မယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တပည့်တော်အနေနဲ့လည်း ဗုဒ္ဓ၏ အလိုတော်အတိုင်း အမုန်းမပွားစေသော မေတ္တာဆက်ပြီး ငြိမ်းအေးစေမယ့် မေးခွန်းမျိုးကိုသာ မေးလျှောက်မှာပါဘုရား။*

**ဆရာတော်**။ ။ကဲ … မေးလျှောက်စေ။

**စာရေးသူ**။ ။*အရှင်ဘုရားအနေနဲ့ သာသနာ့ဘောင်အတွင်း ငယ်ရွယ်စဉ်အခါမှ အစပြုလို့ ယခုအချိန်ထိ သာသနာ့ဝန်ပျော်ပျော်ထမ်းလို့ ယနေ့ထက်တိုင် သာသနာ့ဘောင်အတွင်း ငြိမ်းချမ်းတည်မြဲနေခြင်းဟာ ဘာကြောင့်လဲဆိုတာကို တပည့်တော် သိလိုပါတယ်ဘုရား။*

**ဆရာတော်**။ ။ဘုန်းကြီးတို့က ငယ်စဉ်အခါတည်းက သာသနာ့ဘောင်ထဲနေရတာကို အလွန်ပျော်ပါတယ်။ ဗုဒ္ဓရဲ့ ဓမ္မစာပေများကို လေ့လာသင်ကြားမှတ်သားရင်းနဲ့ ပိတ်သင့်တဲ့အပေါက်ကိုပိတ်၊ ဖွင့်သင့်တဲ့အပေါက်ကိုဖွင့်ပြီး ကုသိုလ်မေတ္တာစိတ်ကို ရင်ထဲကိန်းအောင်းလေ့ကျင့်ယူခဲ့လို့ ယခုအချိန်ထိ သာသနာ့ဘောင်ထဲမှာ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးအနေနဲ့ ဗုဒ္ဓအလိုအတိုင်း တွေ့လာတဲ့ အာရုံတွေကို မှျတစွာနှလုံးသွင်းနိုင်အောင် ကြိုးစားရင်းဖြတ်သန်းခဲ့လို့ ယခုထက်တိုင် မြင့်မြတ်သော ရဟန်းဘဝကို ရရှိနေတာဖြစ်ပါတယ်။

**စာရေးသူ။** ။*အရှင်ဘုရား အမိန့်ရှိသွားတဲ့ စကားတွေထဲမှာ တပည့်တော် သတိထားမိတဲ့ စကားကတော့ 'ပိတ်သင့်တဲ့အပေါက်ကိုပိတ်၊ ဖွင့်သင့်တဲ့ အပေါက်ကိုဖွင့်' ဆိုတဲ့ စကားကို သတိထားမိသလို ကြုံတွေ့လာတဲ့ အာရုံတွေကိုလည်း ဘယ်လို မျှတစွာ နှလုံးသွင်းသလဲဆိုတာကို တပည့်တော်တို့လည်း လိုက်နာကျင့်သုံးလို့ရအောင် ဆက်လက် အမိန့်ရှိရှင်းပြပေးပါ။*

**ဆရာတော်။** ။ဖွင့်သင့်တဲ့အပေါက်ဆိုတာကတော့ ကုသိုလ်တံခါးပေါက်ကို ဆိုလိုခြင်းဖြစ်ပြီး ပိတ်သင့်တဲ့အပေါက်ဆိုတာကတော့ ရဟန်းကိစ္စမဟုတ်သော လောကီရေးရာကိစ္စတွေနဲ့ ပတ်သက်လို့သော်လည်းကောင်း၊ ပြီးတော့ အာရုံ ၆ ပါးကို အခြေတည်ပြီးဖြစ်ပေါ်လာမယ့် လောဘ၊ ဒေါသ၊ မောဟတံခါးပေါက်တွေကို ပိတ်နိုင်အောင် ဗုဒ္ဓအလိုအတိုင်း ကြိုးစားအားထုတ်နေတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ပုထုဇဉ်ရဲ့သဘာဝကတော့ အာရုံနောက်ကို လိုက်တတ်တဲ့သဘောရှိပါတယ်။ ရဟန်းမဟုတ်ဘဲ လူဖြစ်ခဲ့မယ်ဆိုရင်လည်း အဲဒီအာရုံတွေရဲ့ စေ့ဆော်မှုကြောင့် ကုသိုလ်စိတ်တွေလည်း ဖြစ်နိုင်သလို အကုသိုလ်စိတ်တွေည်း ဖြစ်နိုင်ပါတယ်။ အဲဒီတော့ အာရုံကို စောင့်ကြည့်ဖို့အတွက် သတိ၊ ပညာရှိဖို့ အရေးကြီးပါတယ်။ အထူးသဖြင့် ရဟန်းတော်တွေအနေနဲ့ကတော့ လောကီလူ့ဘောင် လူတို့ရဲ့ရှုပ်ထွေးပွေလီလှတဲ့ အရေးကြီးကိစ္စတွေကို ရှောင်ကြဉ်ဖို့လိုပါတယ်။ ဘုန်းကြီးတို့ ကိုရင် စဝတ်တဲ့ အချိန်မှာ ဆရာဘုန်းကြီးတိုင်ပေးတဲ့ 'သံသရာဝဋ္ဋဒုက္ခတော မောစနတ္ထာယ' ဆိုတဲ့ စကားလုံးကို ပျံလွန်တော်မူတဲ့အချိန်ထိ နှလုံးသွင်းပြီး မိမိရဲ့ ဦးတည်ချက်ကို ပျောက်မသွားဖို့ အရေးကြီးပါတယ်။

**စာရေးသူ။** ။*အင်မတန် သတိပြုမှတ်သားစရာကောင်းတဲ့ ဖြေကြားချက်ပါပဲဘုရား။ တပည့်တော်တို့ငယ်စဉ်အရွယ် ရှင်ပြုတဲ့အခါတုန်းကလည်း ဥပဇ္ဈာယ်ဆရာတော်ရဲ့ ရွတ်ဆိုခိုင်းတဲ့အထဲမှာ ဒီစကားလုံးပါတာကို သတိထားမိပါတယ်ဘုရား။ တပည့်တော် နားလည်သဘောပေါက်တာက ရဟန်းမှန်ရင် မိမိတို့အစပထမအဓိဋ္ဌာန်ခဲ့တဲ့ ရည်မှန်းချက်ပန်းတိုင်ကို မပျောက်စေဖို့ အရှင်ဘုရားအနေနဲ့ သတိပေးလိုက်တယ်လို့ နားလည်သဘောပေါက်မိပါတယ်။*

**ဆရာတော်။** ။သိပ်ဟုတ်တာပေါ့။ ရဟန်းဝတ်နဲ့ သာသနာ့ဘောင်ထဲနေတယ်ဆိုတာ ကိလေသာကို တိုးပွားစေမယ့် အာရုံ ၆ ပါးတံခါးပေါက်တွေကို သတိပညာ ချွန်းအုပ်

လို့ပိတ်ထားပြီဆိုရင်တော့ သံသရာဝဋ်ဆင်းရဲက လွတ်မယ့်တံခါးပေါက်က သူ့အလိုလို ပွင့်လာပါလိမ့်မယ်။ အထူးသဖြင့် ရဟန်းတွေဟာ အမာယာ၊ အသာဌေယျတွေနဲ့ပြည့်စုံဖို့ လိုပါတယ်။ မိမိကိုဆည်းကပ်ကိုးကွယ်သော သာသနာဝင်တွေကိုလည်း သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်မယ့်လမ်းကိုသာ ပြသင့်ပြီး ဒေါသကီလေသာ၊ လောဘကီလေသာ တိုးပွားကြီးထွားစေမယ့် ရဟန်းနဲ့ မအပ်စပ်သော လောကီလမ်းညွှန်မှုတွေကို မညွှန်ပြမိဖို့ ဆင်ခြင်သတိပြုရပါမယ်။ ဒီနေရာမှာ ဘုန်းကြီးတို့ကိုယ်တိုင် ရေးစပ်ထားတဲ့ ရှစ်လုံးဖွဲ့လင်္ကာလေးကို ရွတ်ပြပါမယ်။

'သံသရာဝဋ်ဆက် လွတ်ထွက်လိုသော်၊
စိတ်တွေအေးချမ်း ရွှင်လန်းလိုသော်၊
အစွဲတွေဖြုတ် အားထုတ်ပျော်ပျော်၊
အစွဲပြုတ် တဲကုတ်ရွှေနန်းတော်။

**စာရေးသူ**။ ။*အရှင်ဘုရားအမိန့်ရှိတဲ့ ရှစ်လေးလုံးဖွဲ့လင်္ကာလေးကို ကြားလိုက်ရတော့ အချိန်တိုအတွင်းမှာ တရားတစ်ပုဒ်ကို နာကြားလိုက်ရသလို ခံစားမိပါတယ်ဘုရား။ သတိထားမိတဲ့စကားလုံးကတော့ 'အစွဲတွေဖြုတ်'ဆိုသော စကားလုံးပါပဲဘုရား။ ဘယ်လိုအစွဲတွေကိုဖြုတ်သင့်ပါသလဲဘုရား။*

**ဆရာတော်**။ ။သဘောပေါက်အောင်ပြောရရင်တော့ ဒိဋ္ဌိစွဲ၊ တဏှာစွဲတွေကို ဖြုတ်နိုင်ဖို့ အရေးကြီးပါတယ်။ သစ္စာလေးပါးကို ဆန့်ကျင်တဲ့ အယူဝါဒတွေမှန်သမျှ လွှတ်ချနိုင်မှ ငြိမ်းအေးမှုအမှန်ကို ရမှာပါ။ အထူးသဖြင့် ဘုန်းကြီးတို့လို ရဟန်းတော်တွေအနေနဲ့ကတော့ အမျိုးဇာတ်ကိုလည်း မစွဲဖို့လိုသလို ဝေနေယျတွေအပေါ်မှာလည်း ကျောသားရင်သားမခွဲခြားဖို့ အရေးကြီးပါတယ်။ ဒါဟာ ဘုန်းကြီးစကားမဟုတ်ပါဘူး။ ဗုဒ္ဓရဲ့စကားဖြစ်ပါတယ်။ အစွဲနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ သတိထားသင့်သလဲဆိုရင် ဥပမာ မစင်ဆိုတဲ့အရာမျိုးဟာ နည်းနည်းရှိလည်း နံတာပဲ၊ များများရှိလည်း နံတာပဲ။ ဒီလိုပါပဲ အစွဲအလန်းမှန်သမျှဟာ မိမိကို ဒုက္ခပေးစမြဲဖြစ်ပါတယ်။ တစ်နည်းအစွဲကြောင့်ပဲ လူတွေဟာ တစ်ဦးနဲ့တစ်ဦး ချစ်ခြင်းကိုလည်း ဖန်တီးကြသလို အမုန်းတွေကိုလည်း တည်ဆောက်ကြတယ်။ ဒီတော့ အစွဲပြုတ်ပြီး အမှန်မြင်တတ်ဖို့ဆိုရင် ဆရာကောင်းကို ရွေးချယ်တတ်ဖို့လိုပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ ဘယ်လိုဆရာမျိုးကို ဆည်းကပ်ကိုးကွယ်အပ်ပါသလဲ*

ဘုရား။

**ဆရာတော်။** ။မိမိကိုးကွယ်တဲ့ ရဟန်းပဲဖြစ်ဖြစ်၊ လူဆရာပဲဖြစ်ဖြစ် -

(၁) အကျင့်သီလနဲ့ပြည့်စုံပြီး ချစ်ခင်မြတ်နိုးဖွယ်ရှိရမယ်။

(၂) သမာဓိနဲ့ပြည့်စုံပြီး အလေးဂရုပြုဖွယ်ဖြစ်ရမယ်။

(၃) ပညာနဲ့ပြည့်စုံပြီး ချီးမွမ်းဖွယ်ဖြစ်ရမယ်။

(၄) တပည့်များအပေါ်တွင် မသင့်မလျော်ပြောဆိုပြုမူသည်ကိုတွေ့လျှင် လျစ်လျူမရှု ကြောင့်ကြပြုပြီး ပြောဆိုဆုံးမနိုင်ရမယ်။

(၅) သူတစ်ပါးတို့၏ ပြစ်တင်ပြောဆိုမှုများကိုလည်း သည်းခံနိုင်ရမယ်။

(၆) နက်နဲသောတရားစကားကို ပြောဆိုနိုင်ရမယ်။

(၇) တရားစကားကို မှီဝဲမှသာ တပည့်ဖြစ်သူ၏ သီလ၊ သမာဓိ၊ ပညာ တိုးပွားနိုင်မှာဖြစ်ပါတယ်။

(အံ-ပါသတ္တကနိပါတ်၊ ဒေဝတာဝဂ်၊ ဒုတိယမိတ္တသုတ်)

ဒီဂုဏ်ရည် (၇)ချက် ပေတံတစ်ချောင်းဖြင့် တပည့်များက (သို့မဟုတ်) သာသနာဝင်များမှ ဆရာရှာဆည်းကပ်တတ်ဖို့ လိုအပ်ပါတယ်။

'ပိယောဂရု၊ ဘာဝနီယော၊
ဝတ္တာစ၊ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊
နောစဋ္ဌာနေ နိယောဇကော။
တံမိတ္တံ မိတ္တကာမေန၊
ယာဝဇီဝမ္ပိ သေဝိယံ။'
(နေတ္တိ-၁၄) (အံ-၂-၄၂၂)

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ အရှင်ဘုရားပေးလိုက်တဲ့ ပေတံတစ်ချောင်းနဲ့ကိုက်ညီတဲ့ဆရာကိုရှာဖို့ တပည့်တော်တို့ သာသနာဝင်တွေမှာ အခုအချိန် အရေးတကြီးလိုအပ်နေပြီလို့ ထင်ပါတယ်ဘုရား။ အရှင်ဘုရားရဲ့ အမြင်ကိုလည်း နာယူမှတ်သားချင်ပါတယ်ဘုရား။*

**ဆရာတော်။** ။အရေးတကြီးကို လိုအပ်နေတယ်လို့ ဘုန်းကြီးတို့က ထပ်ဆင့်လေးနက်သွားအောင် ဒကာလေးစကားကို အတည်ပြုပေးချင်ပါတယ်။ ဆရာ့ဂုဏ်ရည်

(၇)ချက်နဲ့ပြည့်စုံတဲ့သူဆိုရင်တော့ ဆရာတင်ဖို့ တွန့်ဆုတ်မနေပါနဲ့။ ဒီနေရာမှာ ထပ်ပြီးတော့ ဖြည့်ပေးချင်တာက အနာဂတ်မြန်မာပြည်ရဲ့ ခေါင်းဆောင်သစ်တွေ ပတ်သက်လို့သော်လည်းကောင်း ရွေးချယ်ရာမှာ 'ခေါင်းဆောင်ကောင်းဟူသမျှသည် မိုမိုစရာလည်းဖြစ်ရမည်။ ကြည်ညိုစရာလည်းဖြစ်ရမည်။' ဆိုတဲ့အချက် နှစ်ချက်နဲ့ ပြည့်စုံပြီဆိုရင်တော့ ပြည်သူတွေအနေနဲ့ကတော့ အမိုကောင်းကို ရပါလျက် ဘဝ ကောင်းကို မရတဲ့သူတွေ မဖြစ်ဖို့ အလွန်အရေးကြီးသလို 'မူကောင်းလူကောင်း စနစ်ကောင်း' ကို ဖော်ဆောင်နိုင်မယ့်လူကို ရွေးချယ်မှုမှန်ကန်ဖို့ လိုအပ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တပည့်တော်အပါအဝင် သန်း ၅၀ သောပြည်သူတွေ အတွက် အစွန်းတစ်ဖက်တစ်ချက်ကို မကပ်ဘဲ ဗုဒ္ဓအလိုအတိုင်း အလယ်အလတ်* လမ်းစဉ်ဖြင့် ညွှန်ပြတော်မူတဲ့အတွက် များစွာကြည်ညိုမိပါတယ်ဘုရား။ တပည့်တော် ဒီတစ်ပတ်အတွက် နောက်ဆုံးမေးခွန်းအနေနဲ့ မေးလျှောက်ချင်တာက ယနေ့ သာသနာ တော်မှာ အဖွဲ့အစည်းအမျိုးမျိုးပေါ်ပေါက်လာတာနဲ့ပတ်သက်လို့ သာသနာရဲ့ ရေ့ရေး ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ တပည့်တော်သိလိုပါတယ်ဘုရား။

**ဆရာတော်**။ ။ဒီမေးခွန်းနဲ့ပတ်သက်ပြီး အလေးအနက်ထား စဉ်းစားဖို့ နောက် တစ်ပတ်ကျ အမိန့်ရှိပါမယ်။ ကဲ ... ဒီတစ်ပတ်တော့ ကိလေသာကြားမခိုဖို့ ပရိယတ်တာဝန်ကို ထမ်းဆောင်လိုက်ပါဦးမယ်။

■ ■ ■

# အပါယ်ကြောက်လို့အပေါက်ပိတ်တာလား အပေါက်ပိတ်တိုင်းအပါယ်လွတ်မှာလား

# (၂)

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တပည့်တော်အပါအဝင် သန်း ၅၀ သောပြည်သူတွေအတွက် အစွန်းတစ်ဖက်တစ်ချက်ကို မကပ်ဘဲ ဗုဒ္ဓအလိုအတိုင်း အလယ်အလတ်လမ်းစဉ်ဖြင့် ညွှန်ပြတော်မူတဲ့အတွက် များစွာကြည်ညိုမိပါတယ်ဘုရား။ တပည့်တော်ဒီတစ်ပတ်အတွက် နောက်ဆုံးမေးခွန်းအနေနဲ့ မေးလျှောက်ချင်တာက ယနေ့ သာသနာတော်မှာ အဖွဲ့အစည်းအမျိုးမျိုး ပေါ်ပေါက်လာတာနဲ့ပတ်သက်လို့ သာသနာရဲ့ရှေ့ရေးဘာတွေဖြစ်လာနိုင်တယ်ဆိုတာ တပည့်တော်သိလိုပါတယ်ဘုရား။*

**ဆရာတော်**။ ။ဒီမေးခွန်းနဲ့ပတ်သက်ပြီး အလေးအနက်ထား စဉ်းစားပြီးပါပြီ။ သာသနာတော်ရဲ့ အနာဂတ်အတွက် ပရိယတ်၊ ပဋိပတ်အားကောင်းသော အဖွဲ့အစည်းများကိုသာ ဘုန်းကြီးတို့အနေနဲ့ ကြိုဆိုပါတယ်။ ယနေ့သာသနာတော်အတွင်းမှာ ခေါင်းစဉ်အမျိုးမျိုးနဲ့ ဒေါင်းတင်မောင်းတင် ပြောကြ၊ ရေးကြ၊ ဆိုနေကြတာတွေကို ဘုန်းကြီးတို့ကတော့ ပရိယတ်ကို ဦးမတည်တဲ့အတွက် သာဓုလည်းမခေါ်မိပါဘူး။ မြန်မာမှာ စကားပုံတစ်ခုရှိပါတယ်။ ''အနာတက်ရင် ဆေးချက် မရှိဘူးတဲ့''။ ယနေ့ခေတ်ဖြစ်နေတဲ့ အခြေအနေတွေဟာ အဲဒီသဘောကိုဆောင်နေတာတွေ့ရပါတယ်။

အမြင်ကျယ်ပြီး အဝေးမြင်နိုင်တဲ့ ဓမ္မကိုဆောင်ထားသော ဘုန်းကြီးတို့ သာသနာမှာ ဦးဆောင်သံဃအဖွဲ့အစည်းတစ်ခု အခိုင်အမာရှိပြီးသားဖြစ်ပါတယ်။ တိကျနိုင်မာသော ဗုဒ္ဓအလိုနဲ့ မသွေဖည်သော သံဃအဖွဲ့အစည်းတစ်ခုကို အသက်သွင်းယူရပါမယ်။

**စာရေးသူ**။ ။*တပည့်တော်နားလည်သလိုပြောရရင် လက်ရှိမြန်မာနိုင်ငံမှာရှိတဲ့ မ.ဟ.နကို ဆိုလိုတာပါလားဘုရား။*

**ဆရာတော်**။ ။မှန်ပါတယ်။ သံဃမဟာနာယကအဖွဲ့ကြီးတစ်ခုအနေနဲ့ သာသနာတော်ရေးမှန်သမျှကို ဘယ်သူ့မျက်နှာမှမကြည့်ဘဲ လွတ်လပ်စွာ စီရင်ဆုံးဖြတ်ခွင့်ရှိရပါမယ်။ အများကြည်ညိုလေးစားတဲ့ ဒီအဖွဲ့အစည်းကို ခိုင်ခိုင်မာမာတည်ဆောက်ပြီးပြီဆိုရင်တော့ သာသနာ့အရေးကိစ္စတွေနဲ့ပတ်သက်လို့ စီစဉ်ဆောင်ရွက်မှုမှန်သမျှကို သံဃာအားလုံးက လက်ခံကျင့်သုံးလိုက်နာဖို့လိုအပ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲ အမြင်မကျယ် အဝေးမမြင်သော အဖွဲ့အစည်းအမျိုးမျိုးတွေ သာသနာတော်အတွင်း ပေါ်ပေါက်လာမယ်ဆိုရင် သာသနာရဲ့ အနာဂတ် ဘာလဲ၊ ဘယ်လဲဆိုတာ မေးခွန်းထုတ်စရာတွေဖြစ်လာပါတော့မယ်။ ဒါဟာ သာသနာအတွက် ရင်လေးစရာပါ။

**စာရေးသူ**။ ။*တင်ပါ့ဘုရား အရှင်ဘုရားအမိန့်ရှိသွားတဲ့အပေါ် ဥဏ်နားနဲ့ နားထောင်မှ အမှန်မြင်နိုင်တယ်လို့ထင်ပါတယ်ဘုရား။ အဲဒီလိုမှ မဟုတ်ဘဲ တဏှာ၊ မာန၊ ဒိဋ္ဌိအပေါက်တွေကို ဖွင့်ပြီး နားထောင်မယ်ဆိုရင်တော့ အမှန်ကို မမြင်နိုင်ပါဘုရား။*

**ဆရာတော်**။ ။ဒကာလေးပြောတာနဲ့ပတ်သက်ပြီး ဘုန်းကြီးတို့လည်းလက်ခံပါတယ်။ ဒါကြောင့် ပိတ်သင့်တဲ့အပေါက်ကို ပိတ်၊ ဖွင့်သင့်တဲ့အပေါက်ကိုဖွင့်လို့ ဘုန်းကြီးတို့ ရှေ့တစ်ပတ်က ပြောခဲ့ခြင်းဖြစ်ပါတယ်။ ဘုန်းကြီးတို့ စကားတစ်ခွန်းပြောတဲ့နေရာမှာ အမြဲတမ်း ဘုရားရှင်ရဲ့ အဆုံးအမအတိုင်းသာ ပြောလေ့ရှိပါတယ်။ ဒကာလည်း သိထားရအောင်လို့ မှတ်ထားလိုက်ပါ။

(၁) သင့်တော်သော အချိန်အခါလည်း ဖြစ်ရမည်။

(၂) မှန်သောစကားလည်း ဖြစ်ရမည်။

(၃) သိမ်မွေ့စွာလည်း ပြောဆိုမှု ဖြစ်ရမည်။

(၄) အကျိုးစီးပွားနှင့်လည်း စပ်ယှဉ်ရမည်။

(၅) မေတ္တာရှေ့ထားပြောရမည်။

အဲဒီအချက် (၅)ချက်ကိုလည်း ချက်ပိုင်အောင်ကိုင်လို့ အမြဲနှလုံးသွင်းပြီး ရဟန်း သံဃာမှန်သမျှ ဒီအတိုင်းပဲ ကျင့်ကြံပြောဆိုကြဖို့ အရေးကြီးပါတယ်။ လူပုဂ္ဂိုလ်တွေအတွက်လည်း ဒီအချက် (၅)ချက်ကို ဆောင်ထားအပ်ပါတယ်။

**စာရေးသူ**။ ။*မှတ်သားစရာကောင်းပါတယ်ဘုရား။ အရှင်ဘုရား အမိန့်ရှိလိုက်တဲ့အတွက် အတုနဲ့အစစ်ကိုလည်း တပည့်တော်ကိုယ်တိုင်ခွဲခြားသိသွားသလို စာဖတ်သူပရိသတ်များအနေနဲ့လည်း သဘောပေါက်နားလည်လိမ့်မယ်လို့ ယုံကြည်မိပါတယ်ဘုရား။ တပည့်တော်နောက်ထပ်မေးလျှောက်ချင်တာက အယူအစွဲအမျိုးမျိုးအပေါ်မှာ အသုံးချနည်းပေါင်းစုံနဲ့ ခုတုံးလုပ်အသုံးချနေခြင်းကို အရှင်ဘုရားအနေနဲ့ ဘာများအမိန့်ရှိချင်ပါသလဲဘုရား။*

**ဆရာတော်**။ ။ဘုန်းကြီးတို့ လေ့လာမှတ်သားဖူးတဲ့ စာတွေထဲက ခေါင်းဆောင်ကြီးတစ်ဦးပြောထားတဲ့စကားကို ဒီနေရာမှာ ပြောချင်ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ များမကြာသော အချိန်ကမှ ကွယ်လွန်သွားပြီဖြစ်တဲ့ အိန္ဒိယနိုင်ငံသမ္မတကြီး Dr.Abdul Kalamက 'ကြီးမြတ်တဲ့သူတွေက ဘာသာရေးကို မိတ်ဆွေဖွဲ့ဖို့သုံးတယ်။ သိမ်ဖျင်းတဲ့သူတွေက ဘာသာရေးကို တိုက်ခိုက်ဖို့အတွက်သုံးတယ်' လို့ ဆိုခဲ့ပါတယ်။ ဒီစကားကို အခြေခံပြီး ယနေ့အစွန်းရောက်နေတဲ့သူတွေ စဉ်းစားဖို့ကောင်းပါတယ်။ ဘုန်းကြီးတို့ကတော့ တရားတော်နဲ့အညီပြောရရင် 'ဘာသာတရားတစ်ခုကို ကိုးကွယ် ဘာကြောင့်ကိုးကွယ်တာလဲ။ ဘာဖြစ်ချင်တာလဲ' ဆိုတာ ကိုယ့်ကိုယ်ကို သိဖို့လိုပါတယ်။

'ရှာသည်က သုခ<br>
ရသည်က ဒုက္ခ<br>
သွားသည်က နိဗ္ဗာန်<br>
ရောက်သည်က သုဿန်'

အဲဒီသဘောကို ဆောင်စေမယ့် အပြုအပြောမှန်သမျှကို ရှောင်ရှားနိုင်သလောက်ရှောင်ပြီး အစွန်းတစ်ဖက်တစ်ချက်စီကို လွတ်အောင်နေတတ်ဖို့က ရဟန်းသံဃာတွေရဲ့ အလုပ်ဖြစ်ပါတယ်။ ဒီတော့ ဒကာလေးမေးခွန်းကို ချုံ့ပြောရရင် ဘယ်သာသာတရားကိုမဆို ခုတုံးလုပ်အသုံးချရင်တော့ ထိုသူရဲ့ ဘဝဇာတ်လမ်းဟာ လူကြမ်းကြီး

အဖြစ်နဲ့ သမိုင်းမှာ ကဗ္ဗည်းထိုးကျန်ရစ်ခဲ့မှာဖြစ်ပါတယ်။ သူ့နောက်လိုက်မိရင်လည်း သူ့လိုပဲ သမိုင်းစဉ်ဆက် အမွေဆိုးကိုသာ ဆက်ခံကြရမှာဖြစ်ပါတယ်။

**စာရေးသူ**။ *။အရှင်ဘုရားအမိန့်ရှိတာကို နားထောင်ပြီး တပည့်တော်စိတ်ထဲ အာသောကမင်းကြီးကို သတိရမိပါတယ်။ စိတ်ကြမ်းလူကြမ်း ထင်ရာစိုင်းတတ်တဲ့ အာသောကလို ဘုရင်မျိုးဟာ ခုနစ်နှစ်အရွယ် နိဂြောဓသာမဏေရဲ့ အဆုံးအမအောက်မှာ လူကြမ်းကြီးအဖြစ်မှ ရုန်းထွက်နိုင်ခဲ့တာကို သတိရမိတော့ သာသနာအတွင်း နေထိုင်တဲ့ ရဟန်းတော်တွေအနေနဲ့ သာသနာကို တည်တံ့အောင်ကာကွယ်မယ်ဆိုရင် နှုတ်အမူအရာ၊ ကိုယ်အမူအရာ အစစအရာရာ နိဂြောဓသာမဏေလိုဖြစ်သင့်တယ်လို့ ထင်ပါတယ်ဘုရား။*

**ဆရာတော်**။ ။'သာသနာပြုတာ အာဏာစက်နဲ့ပြုလို့မရပါဘူး။ ဓမ္မစက်၊ မေတ္တာစက်ဒါတွေနဲ့ လွှမ်းခြုံပြီး ပြုရပါတယ်။' တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့ တစ်ဖွဲ့မတူညီတဲ့ အယူအဆ ဘာသာတရားတွေ ကြားခံနေသော်လည်း အားလုံးတူညီတာ တစ်ခုရှိပါတယ်။ အဲဒါဘာသာတရားတိုင်းရဲ့ ပန်းတိုင်လို့ပြောလို့ရတဲ့ ငြိမ်းအေးခြင်းပါပဲ။ နောက်တစ်ချက်ကတော့ မေတ္တာတရားပါ။ အဲဒါတွေတူရင်ပဲ မတူညီတဲ့ လူ့ဘောင်အဖွဲ့အစည်းတွေကြား ဘာကြောင့်အဆင်မပြေမှုတွေ၊ ပြဿနာတွေ ဖန်တီးစရာလိုသလဲ။ တကယ်တော့ နိဂြောဓသာမဏေဟာ အာသောကလို စိတ်ကြမ်း၊ လူကြမ်း ဧကရာဇ်ဘုရင်တစ်ပါးကို အောင်နိုင်ခဲ့ခြင်းသည် အာဏာအထောက်အပံ့မပါ မေတ္တာစက်ကို အခြေခံလို့ ဓမ္မစက်နဲ့ ဗုဒ္ဓအလိုအတိုင်း လမ်းညွှန်ပြသနိုင်ခဲ့ခြင်းကြောင့် အာသောကလို ဘုရင်မျိုးဟာ ယနေ့အချိန်အထိ သမိုင်းနံရံထက်ဝယ် သာသနာပြုမင်းတစ်ပါးအဖြစ် ကဗ္ဗည်းတင်ကျန်ရစ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီတော့ ဘုန်းကြီးတို့အနေနဲ့ သူ့လိုဘုရင်တွေ နိုင်ငံတိုင်းမှာ ရှိကြပါစေလို့ ဆန္ဒပြုပါတယ်။ ဘုန်းကြီးတို့ သာသနာတော်အတွင်းမှာလည်း နိဂြောဓသာမဏေလို ပုဂ္ဂိုလ်မျိုးတွေ အများကြီး ပေါ်ထွန်းနိုင်ပါစေ။ 'သာသနာကို ဘာဉပဒေ၊ ညာဉပဒေ ထက် မေတ္တာစက် ဓမ္မစက်နဲ့သာ ကာကွယ်စောင့်ရှောက်နိုင်ခြင်းဖြင့် ပိတ်သင့်တဲ့ အပေါက်တွေဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအပေါက်တွေကို အသိဉာဏ်ဆင်လို့ ပိတ်နိုင်ကြပါစေ။ အလောဘ၊ အဒေါသ၊ အမောဟစတဲ့ နိဗ္ဗာန်ရောက်မယ့်ကုသိုလ်အပေါက်များကိုဖွင့်ရင်း မိမိတို့ရဲ့ သာသနာဝင်တွေသာမက

အခြားသော ဝေနေယျတွေကိုလည်း ငြိမ်းအေးခြင်းပန်းတိုင် မြတ်နိဗ္ဗာန်သို့ ခေါ်ဆောင်နိုင်ကြပါစေ'လို့ ဆန္ဒပြုရင်း ဒီတစ်ပတ်တော့ ဒီမှာတင် အဆုံးသတ် ပါရစေ ဒကာ။

ဆရာတော်၏ရင်ကို အေးစေသော ဓမ္မအငွေ့အသက်များကို ရှူရှိုက်ရင်း စာရေးသူလည်း ဆရာတော်ထံမှ အပြန်လမ်းတွင် တက်ကြွသော ခြေလှမ်း ရွှင်ပြုံးသော နှလုံးအေးချမ်းမှုအငွေ့အသက်တည်ရှိနေခြင်းကို ခံစားရင်း စာရေးသူ၏ ဖေ့ဘုတ်စ်ကို ဖွင့်လိုက်သောအခါ ဓမ္မစကား၊ မေတ္တာစကားများပျောက်ဆုံးနေသောသူ အချို့၏ အာဃာတစကားဖြင့် သာသနာတည်ရေး အမုန်းဆင့်သော စကားလုံးများသည် လောကကို အကျည်းတန်စေလျက်ရှိပါသည်။ ဘာပဲဖြစ်ဖြစ် အာရုံမှ ရိုက်ခတ်လာသော လှိုင်းများကိုပယ်၍ ဆရာတော်အမိန့်ရှိသည့်အတိုင်း ဗုဒ္ဓအလိုကျ ကုသိုလ်စိတ်များဖြင့်သာ အပေါက်အချို့ကို ဆွဲပိတ်လိုက်မိပါတော့သည်။

■ ■ ■

# အပါယ်ကြောက်လို့ အပေါက်ပိတ်တာလား
# အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား
# (၃)

တည်မြဲခြင်းသည် ဘယ်မှာရှိအံ့နည်း။ အရာရာအားလုံးတို့သည် သဗ္ဗေသင်္ခါရာ အနိစ္စာသဘောကို အမြဲဆောင်နေကြသည်။ မိမိကမေ့လျော့သည်ဖြစ်စေ၊ မမေ့လျော့သည်ဖြစ်စေ သင်္ခါရတရား၏ ပြုပြင်ပြောင်းလဲမှုအောက်တွင် အရာရာအားလုံးတို့သည် အနိစ္စသဘောကိုသာ ဦးတည်နေကြသည်မဟုတ်ပါလား။ ကျွန်ုပ်တို့သည် မေ့လျော့သူ ပုထုဇဉ်လူသားများပီပီ အရာရာအားလုံးအမြဲတည်တံ့ဖို့ ကြိုးစားနေကြသည်။ မိမိပိုင်သော စီးပွားဥစ္စာ၊ ဆွေမျိုးညာတကာ၊ ဘာသာ သာသနာ ဒါတွေကို တည်တံ့ခိုင်မြဲဖို့ အတ္တကြီးစိုးသော စိတ်ဓာတ်ဖြင့် အစဉ်တစိုက်အားစိုက်ထုတ်ခြင်းသည် တကယ်တော့ သဗ္ဗေသင်္ခါရာ အနိစ္စာတရားကို ဆန့်ကျင့်လျှောက်လှမ်းနေကြသူများသာ ဖြစ်ပါသည်။ ယခုတစ်ပတ်တွင် စာရေးသူသည် အရှင်တေဇနိယ(ပဋ္ဌာန်းအလင်းရောင်)တရာတော်နှင့်ပင် 'သဗ္ဗေသင်္ခါရာ အနိစ္စာတရားကို ကျောခိုင်းလျှောက်သူများ' ခေါင်းစဉ်အောက်တွင် မေးလျှောက်စရာများနှင့်အတူ ဆရာတော်ထံသို့ ရောက်ရှိခဲ့ပြန်ပါသည်။ စာရေးသူသည် ဆရာတော်အား ဦးသုံးကြိမ်ချ၍ ဝတ်ဖြည့်ပြီးသည်နှင့် ဆရာတော်မှ ယခုကဲ့သို့ စတင်အမိန့်ရှိခဲ့ပါသည်။

**ဆရာတော်။** ။အမေးအဖြေပြုလုပ်ခဲ့တဲ့ သုံးပတ်မြောက်မှာတော့ ဘုန်းကြီးတို့အနေနဲ့ ဝမ်းမြောက်ပီတိများကို ခံစားမိတဲ့အကြောင်းလေးပြောပြချင်ပါတယ်။ အမေးရှိက အဖြေရှိစမြဲဖြစ်ပါတယ်။ ယနေ့ ဘုန်းကြီးတို့နဲ့ဒကာလေးတို့ မေးလျှောက်ဖြေကြားခြင်းဟာ ဗုဒ္ဓအလိုအတိုင်း နဂိုတရားခမ္မတွေကို ကိုယ့်အလိုမဖြည့်ဘဲ ဖြေကြားရလို့ အများသိရှိ ခံစားနိုင်ကြတာကို ဒကာ ဒကာမတွေ တစ်ဆင့်ပြန်လည်ကြားသိရတော့ ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ကဲ … ဒီတစ်ပတ်တော့ အမြဲနှလုံးသွင်းဆင်ခြင်ရမယ့် သဗ္ဗေသင်္ခါရာ အနိစ္စာတရားတို့ကို မေ့လျော့သူများမဖြစ်ရအောင် ဒကာလေးနဲ့ ဘုန်းကြီးတို့ အမေးအဖြေကဏ္ဍကို စလိုက်ကြပါစို့။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ အရှင်ဘုရားအမိန့်ရှိလိုက်သော စကားတိုင်းရဲ့ အသံလှိုင်းတွေဟာ တပည့်တော်ရင်ထဲကို အေးချမ်းမှုအစစ်ဖြစ်ပေါ်စေပါတယ် ဘုရား။ တပည့်တော်အနေနဲ့လည်း မေးလျှောက်တဲ့ မေးခွန်းများကို လောကငြိမ်းချမ်းရေးအတွက်ပဲ ရည်ရွယ်မေးလျှောက်သွားမှာပါဘုရား။*

**ဆရာတော်။** ။အေး ကောင်းပါပြီကွယ်။ မေးလျှောက်လို့ရပါပြီ။

**စာရေးသူ။** ။*တင်ပါ့ဘုရား၊ ယနေ့ခေတ်မှာ လူအတော်များများပြောနေကြတဲ့ စကားတစ်ခွန်း ရှိပါတယ်။ အခြားသော ဘာသာခြား၊ လူမျိုးခြားတွေကြောင့် ဘာသာသာသနာ ပျက်စီးညှိုးနွမ်းသွားလိမ့်မယ်။ ဒါပေမယ့် အဲဒီအပြောအဆိုတွေဟာ ဘုရားဟောနဲ့ ဆန့်ကျင်နေတာကိုတွေ့ရတဲ့အတွက် တပည့်တော်ရင်ထဲ သဘောမတွေ့ပါ။ အရှင်ဘုရားအမြင်ကိုလည်း သိချင်ပါတယ်။*

**ဆရာတော်။** ။ဘုန်းကြီးအမြင်ဆိုတာထက် ဘုရားအမြင်နဲ့ပြောရရင် ရှင်မဟာကဿပမထေရ်ကြီးက ဗုဒ္ဓရှင်တော်မြတ်ဘုရားကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့အချိန် အခုဒကာလျှောက်ထားသလို ချဉ်းကပ်ပြီး ဘုရားရှင်ကို မေးလျှောက်ခဲ့ဖူးပါတယ်။ အဲဒီမေးလျှောက်ချက်နဲ့ပတ်သက်ပြီး ဗုဒ္ဓက 'ကဿပ သတ္တဝါတို့ ဆုတ်ယုတ်သည်ရှိသော် သိက္ခာပုဒ်တို့ အလွန်များ၏။ အလွန်နည်းသော ရဟန်းသံဃာတော်တို့သာ အရဟတ္တဖိုလ်၌ တည်ကုန်၏။ အကြင်မျှလောက် ကာလပတ်လုံး လောက၌ တရားအတုအယောင်မဖြစ်ပေါ်သေး။ ထိုမျှလောက်ကာလပတ်လုံး သူတော်ကောင်းတရား ရင်ထဲမကွယ်သေး။ အကြင်အခါ၌ကား သူတော်းကောင်းတရား အတုအယောင်များသည် ပေါ်လာ၏။ ထိုအခါ သူတော်ကောင်းတရားကွယ်ခြင်း

ဖြစ်၏။' ဆက်၍ ဗုဒ္ဓက ရှင်မဟာကဿပမထေရ်ကို မိန့်ကြားတော်မူပါတယ်။ '
ကဿပ လောက၌ ရွှေအတုသည် မဖြစ်ပေါ်သေးသမျှ ရွှေအစစ်သည် မကွယ်သေး။
ရွှေအတုပေါ်လာသောအခါ ရွှေအစစ်သည် ကွယ်ခြင်းသည် ဖြစ်ပေါ်လာတတ်၏။'

ကဲ ... ရှင်မဟာကဿပမထေရ်ကြီးကို အမိန့်ရှိခဲ့တာတွေ ဒီနေရာမှာ အကျဉ်းမျှသာ ဖြေကြားလိုက်ခြင်းဖြစ်ပါတယ်။ ဒီတော့ သာသနာကို ပျက်စီးညှိုးနွမ်းအောင် လုပ်ဖို့ဆိုရင် သာသနာဖျက်ပိုးဟာ အပြင်က လာတာမဟုတ်ဘဲ အတွင်းက လာတယ်ဆိုတာ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်မှာ သာသနာတော်ကို ဒိဋ္ဌိစသော ဆန့်ကျင်ဘက်အမျိုးမျိုးက ဖျက်ခဲ့ကြပါသော်လည်း သာသနာတော်မပျက် ခိုင်မြဲစွာ တည်ရှိခဲ့ပါတယ်။ ကိုးကွယ်မယ့်သူ မရှိတဲ့အခါ ရှိတဲ့အရပ်သို့ပြောင်းပြီး ရှေးသူတော်ကောင်းတို့ သာသနာ မကွယ်ပအောင် အစဉ်အဆက်စောင့်ရှောက်ခဲ့ကြပါတယ်။ ဒီတော့ တော်တော်များများ ပြောနေတဲ့ ဘာကြောင့်ညာကြောင့်ဆိုတာတွေကို ခေါင်းထဲက အရှင်းထုတ်ပြီး ဘုရားဟောတရားနဲ့သာ သာသနာတော်ကို စောင့်ရှောက်သွားကြဖို့ အကြံပြုချင်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တပည့်တော်ရင်ထဲ အမှန်ကို မြင်စေမယ့် ဗုဒ္ဓရဲ့ လမ်းညွှန်ချက်တွေကို တစ်ဆင့်ပြန်လည်လမ်းညွှန်ပြပေးတဲ့အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါတယ်ဘုရား။ တပည့်တော် နောက်ထပ် မေးလျှောက်ချင်တာက တပည့်တော်တို့ နိုင်ငံမှာ ဘာသာရေးကိစ္စတွေဆောင်ရွက်ရာမှာ ဘုရားဟောနဲ့ ဆန့်ကျင့်ဘက်ပြုဖွယ်ကိစ္စများကို တွေ့ရှိရခြင်းဟာလည်း သာသနာအတွက် စိုးရိမ်စရာလို့ ထင်မြင်မိပါတယ်။ အရှင်ဘုရားရဲ့ အမြင်ကိုလည်း သိချင်ပါတယ်။*

**ဆရာတော်**။ ။အခုမေးတဲ့ မေးခွန်းကတော့ တစ်သာသနာလုံးအတွက် အလွန်အရေးကြီးတဲ့ မေးလျှောက်ချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရာသီအလိုက်ပွဲတော်တွေ ရှိတတ်ကြပါတယ်။ ကျင်းပတဲ့အခါမှာလည်း အများအားဖြင့် ဘာသာရေးထုံးတမ်းအစဉ်အလာပွဲတော်တွေက ပိုများပါတယ်။ ထိုဘာသာရေးပွဲတော်တွေကို ပြုလုပ်သည်ဖြစ်စေ၊ ရာသီအလိုက်ဘာသာရေးနဲ့ မသက်ဆိုင်သည့် သင်္ကြန်လိုပွဲမျိုးဖြစ်စေ ပြုလုပ်သည့်အခါ နံပါတ် တစ်အနေနဲ့ ဘုန်းကြီးအထူးသတိပေးချင်တာက အပြု၊ အပြောအစရှိသည့် ကိုယ်နှုတ်အမူအရာများကို စောင့်ရှောက်ဖို့ဖြစ်ပါတယ်။

အခုဆိုရင် ကထိန်ရာသီနီးကပ်လို့လာပါပြီ။ အဲဒီအခါမှာ မြို့၊ ရွာ၊ ရပ်ကွက်၊

လမ်းတိုင်းမကျန် ကထိန်အလှူပွဲကို သဒ္ဓါတရားထက်သန်စွာနဲ့ ကျင်းပနေကြတာကို တွေ့ရပါတော့မယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေဟာ သဒ္ဓါတရားအလွန်ကောင်းကြပါတယ်။ သို့သော် ဉာဏ်ပညာဦးစီးမှု အလွန်နည်းပါတယ်။ အဲဒီအတွက် ဘာပွဲတော်ပဲလုပ်လုပ် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းဖြစ်ကြပြီး ထိရောက်မှု အလွန်နည်းတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ကထိန်ရာသီမှာ အချို့အလှူခံတွေကို ကြည့်လိုက်ရင် ကထိန်အကြောင်းကို သေသေချာချာမသိဘဲ ပြောချင်ရာပြော ဆိုချင်ရာဆို အရက်သေစာ တမြမြနဲ့ နှစ်ပါးသွားကနေကြတာတွေကို အခြားသော ဘာသာခြားများ၊ နိုင်ငံခြားသားများ မြင်တွေ့ကြမယ်ဆိုရင် ဘုန်းကြီးတို့ရဲ့သာသနာကို အထင်သေးစရာတွေ ဖြစ်လာနိုင်ပါတယ်။

ဒီတော့ ဒါတွေအားလုံး ဘယ်သူ့မှာ တာဝန်ရှိသလဲဆိုရင် ဘုန်းကြီးတို့ ဘာသာရေးခေါင်းဆောင်တွေမှာ တာဝန်ရှိသလို အုပ်ချုပ်သူအစိုးရမှာလည်း တာဝန်ရှိပါတယ်။ ဒါတွေကို မပြုမပြင်ဘဲ လျစ်လျူရှုထားကြမယ်ဆိုရင် ခုတ်ရာတခြား၊ ထစ်ရာတခြားဖြစ်နေကြမှာပါ။ ဒီတော့ အမျိုးဘာသာ သာသနာကို ဘယ်လိုနည်းနဲ့ ကာကွယ်စောင့်ရှောက်ကြမှာလဲလို့ ဘုန်းကြီးတို့က မေးခွန်းတောင် ပြန်ထုတ်လိုက်ချင်ပါသေးတယ်။

**စာရေးသူ**။ ။*အရှင်ဘုရားရဲ့ ဖြေကြားချက်တွေကို နှလုံးသွင်းလို့ ဆင်ခြင်လိုက်တဲ့အခါ ယနေ့သာသနာမှာ တကယ်ကို အလွဲလွဲအချော်ချော်တွေဖြစ်နေတာကို ထင်ဟပ်ပေါ်လွင်စေပါတယ်ဘုရား။ တပည့်တော်စဉ်းစားမိတာတစ်ခုရှိပါတယ်ဘုရား။ အရေအတွက်နဲ့ အရည်အချင်း ဘယ်ဟာက ပို၍ အဓိကကျပါသလဲ။ သာသနာမှာ ရဟန်းသာမဏေ အရေအတွက်များစွာရှိတာထက် အရည်အချင်းပြည့်ဝသော ရဟန်းသာမဏေများရှိခြင်းဟာ သာသနာကို အခွန့်ရှည်အောင် ကာကွယ်ပြီးသားလို့ ထင်ပါတယ်။ အရှင်ဘုရားရဲ့အမြင်ကို သိချင်ပါတယ်ဘုရား။*

**ဆရာတော်**။ ။သာသနာတော်မှာ သံဃာအရေအတွက်များစွာရှိသော်လည်း ၂၀၁၃ ခုနှစ်စာရင်းအရ ပြောရရင် သံဃာတော်ပေါင်း ၅၅၀၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ ဒီတော့ ဒကာလေးမေးတဲ့မေးခွန်းကို ပြောရမယ်ဆိုရင် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးပထမအနေနဲ့ ပိုအရေးကြီးကြောင်း ပြောချင်ပါတယ်။ ဘာကြောင့် အဲဒီလို ပြောရသလဲဆိုရင် ဥရုဝေလတောကို အခြေတည်လို့ အစပြုခဲ့တဲ့

မြတ်ဗုဒ္ဓရဲ့ လေးဆယ့်ငါးဝါကာလပတ်လုံးခရီးကို ပြန်ကြည့်ရင် သာသနာမှာ အရည်အချင်းပြည့်ဝတဲ့ ပဉ္စဝဂ္ဂီ ငါးဦးကို ဦးစွာအခြေတည်လို့ နောက်ထပ်ရောက်လာတဲ့ 'ယသ'သတို့သားအပါအဝင် ၅၅ ပါးသော ထေရ်အရှင်တို့ရဲ့ ပြည့်ဝတဲ့ ဓမ္မအရည်အသွေးတွေကြောင့် သာသနာမှာ သံဃာများစွာ ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။

ဒီတော့ အရည်အချင်းပြည့်ဝတဲ့ သံဃအဖွဲ့အစည်းဖြစ်ဖို့လိုပါတယ်။ ရှင်ပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် သာသနာတော်မှာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်ဖို့ အထူးအရေးကြီးပါတယ်။ သာသနာနဲ့ အံမဝင်ရင် သာသနာ့ဝန်စီးပုဂ္ဂိုလ်များသာဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ တစ်ခုထပ်ပြီးဖြည့်ပြောချင်တာက ၂၀၁၃ စာရင်းအရ သံဃာ ၅၅၀၀၀၀ ကျော်ရှိတယ်ဆိုသော်လည်း ယနေ့အချိန်မှာတော့ အဲဒီအရေအတွက်ထက် အတော်လျော့သွားတာကို ဘုန်းကြီးတို့ ကြားသိရပါတယ်။

ဒီတော့ သာသနာကို အစွန့်ရှည်အောင် ကာကွယ်မယ်ဆိုရင် ပရိယတ်၊ ပဋိပတ်ပြည့်ဝသော ရဟန်းတော်များ များစွာပေါ်ထွန်းဖို့ လိုအပ်သလို အခြားအရေးတွေထက် 'ခုရ'နှစ်ဖြာသာသနာကိုသာ အာရုံစိုက်ကြပါလို့ အထူးသတိပေးပြောကြားလိုပါတယ်။ ကဲ ··· ဒီတစ်ပတ်တော့ ဒကာမေးလျှောက်မှုတွေကို ဒီမှာတင် ခေတ္တခဏရပ်ဖို့ မေတ္တာရပ်ခံရင်း စာဝါချဖို့ အချိန်ကျလာပြီမို့ ဘုန်းကြီးတို့ကို ခွင့်ပြုစေ။

တင်ပါ့ဘုရားဟုဆိုကာ မေးလျှောက်မှုများကို အဆုံးသတ်လို့ သာဓုသုံးကြိမ်ခေါ်ရင်း အနာဂတ်သာသနာရေးအတွက် နောက်တစ်ပတ်တွင်လည်း စွမ်းသလောက်မေးလျှောက်ပြီး စာရှုသူများစွာထံသို့ ကုသိုလ်ပြုရင်းဖြင့် မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ။

■ ■ ■

# အပါယ်ကြောက်လို့ အပေါက်ပိတ်တာလား အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား

# (၄)

သဗ္ဗသင်္ခါရာ အနိစ္စာဟူသော စကားလုံး၏ အတိမ်အနက်တို့သည် တွေးရင် တွေးသလောက် အလွန်ပင် တာသွားပါသည်။ မြတ်ဗုဒ္ဓပွင့်တော်မမူမီနှင့် ပွင့်ပြီးနောက်များတွင်လည်း အိန္ဒိယနိုင်ငံတွင် အတ္တဝါဒီများ အားပြိုင်မှုရှိခဲ့ပါသည်။ ဗုဒ္ဓနှင့် ခေတ်ပြိုင်မှုရှိခဲ့ပါသည်။ ဗုဒ္ဓနှင့်ခေတ်ပြိုင်ဟုဆိုလို့ရသော တိတ္ထိဆရာကြီး ၆ ယောက် ဖြစ်သော -

(၁) ပုရာဏကဿပ

(၂) မက္ခလိဂေါသာလ

(၃) အဇိတကေသကမ္ဗလ

(၄) ပကုဓကစ္စာယန

(၅) နိဂဏ္ဍနာဋပုတ္တ တို့သည် အနိစ္စဝတ သင်္ခါရတရားကို ကျောခိုင်းလျှောက်သူများဖြစ်ကြပါသည်။

သို့သော် ဗုဒ္ဓသည် ဝါဒမတူသူများအပေါ်၌ မေတ္တာခန္တီတရားတို့ဖြင့် အောင်နိုင်ခဲ့သည်ကိုတွေ့ရပါသည်။ စာရေးသူ၏အတွေးကို ဤနေရာတွင်ရပ်၍ အရှင်

တောဇနိယ(ပဌာန်းအလင်းရောင်)ဆရာတော်နှင့်ယခုတစ်ပတ် ဓမ္မအမေးအဖြေအခန်း ကဏ္ဍကို ဆက်ကြပါဦးစို့။

**စာရေးသူ**။ ။*တပည့်တော်ဆက်ပြီး လျှောက်ချင်တာကတော့ ယနေ့ တရားဟော ဓမ္မကထိကအချို့ဟာ ငြိမ်းချမ်းရေးဓမ္မာသနပလ္လင်ပေါ်သို့တက်ပြီး သာသနာနှင့် မဆိုင်သော၊ ဝေနေယျတွေ ရင်ထဲ မငြိမ်းချမ်းစေမယ့် ဓမ္မအဂါရဝဖြစ်စေသော တရားများကို ဟောကြောခြင်းသည် သာသနာပြုခြင်းမည်ပါသလားဘုရား။*

**ဆရာတော်**။ ။တရားတော်ကို ဟောကြားတော်မူသော ဓမ္မကထိကဟူသည်နှင့် တရားကိုသာ ဟောဆိုသင့်ပါသည်။ တရားမဟုတ်သည့် စကားများကို မဟောဆို သင့်ပါဘူး။ ဘုရားရှင်ကလည်း တရားကိုဟောကြားထားသော သုတ္တန်များစွာရှိ သည်ကိုတွေ့ရပါသည်။ ထိုသုတ္တန်တို့၏ အနှစ်ချုပ်ကို ပြောရမယ်ဆိုရင် ဒကာ ပြောသလို ပစ္စုပ္ပန်မှာလည်း ငြိမ်းအေးရာ ငြိမ်းအေးကြောင်း၊ သံသရာမှာလည်း ငြိမ်းအေးရာ ငြိမ်းအေးကြောင်း တရားတော်တို့ကိုသာ ဟောဆိုသင့်ပါသည်။

ဒီနေရာမှာ ဓမ္မအဂါရဝဖြစ်စေသည့် စကားလုံးများနဲ့ပတ်သက်ပြီး ကျေးဇူး တော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ သာသနာတော်ရေးလျှောက်ထားချက် များ စာအုပ်မှ အကြောင်းအရာတချို့ကို ကောက်နှုတ်ပြောပြချင်ပါတယ်။

'ကျမ်းစာတို့၌ (ဓမ္မ)ဟုလာလျှင် ဗုဒ္ဓမြတ်စွာ၏ ပါဠိတော်နှင့် အဋ္ဌကထာ အဖွင့်များပင်ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ပါဠိတော်ဓမ္မများကို ဟော ကြားသောအခါ တရားနာမသွားခြင်း၊ တရားနာသွားသော်လည်း မှတ်မှတ်သားသား မနာယူဘဲ အိပ်ငိုက်ခြင်း၊ စကားပြောနေခြင်းကို တရားမရိုသေခြင်းဟု ခေါ်ပါသည်။ ပါဠိတော်များကို ပို့ချသော ဆရာသမားများရှိပါလျက် မသင်ယူခြင်းသည်လည်း ပါဠိတော်တရားကို မလေးစားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားသားတော်ဟု အခေါ်ခံနေကြသော ရဟန်းတော်များသည် ဘုရားတရားတော်အစစ် အခြေအမြစ် ဖြစ်သော ပါဠိတော်များကို လေးလေးစားစား မသင်ယူကြဘဲ အဘိဓာန်၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါမျှကို လေးလေးစားစားသင်ယူနေကြခြင်းသည်ပင် စဉ်းစားဖွယ် ဖြစ်နေတော့သည်'ဟု မိန့်ကြားတော်မူခဲ့သည်။

သာ၍ စက်ဆုပ်ဖွယ်ကောင်းသော ဓမ္မအဂါရဝမှာ ဗုဒ္ဓတရားတော်ကို ပျက် ချော်ချော်ဟောခြင်း၊ တရားတော်ဟောရင်း အလှူငွေခံခြင်းပင်ဖြစ်ပါသည်။ ကဲ...

အခု ပြောခဲ့တဲ့ ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ကို ယနေ့ခေတ်ဖြစ်နေတဲ့ ဓမ္မအဂါရဝ ဖြစ်စေသော အကြောင်းတရားများကြောင့် အကျိုးတရားဆိုးတွေ ဘယ်လောက်ထိ ဖြစ်ပေါ်လာနိုင်သလဲဆိုတာကို တွေးယူလို့ရလောက်ပါတယ်။ နောက်တစ်ချက် အထူးပြောချင်တာက လူမျိုးရေး၊ ဘာသာရေးတွေကြားမှ ပဋိပက္ခဖြစ်စေနိုင်သော စကားလုံးများကို ငြိမ်းချမ်းရေး ဓမ္မပလ္လင်ပေါ်ကနေ ပြောဆိုဟောပြောနေခြင်းဟာလည်း ဓမ္မအဂါရဝဖြစ်စေပါတယ်။ ဒီတော့ ဓမ္မကထိကတွေအနေနဲ့ ကိုယ့်နှုတ်က ထွက်တဲ့စကားဟာ သာသနာပြုနေတာလား၊ သာသနာဖျက်နေတာလားဆိုတာကို သတိပညာဉာဏ်ဦးဆောင်မှုဖြင့် နှုတ်ထွက်စကားလုံးတိုင်းကို ဆင်ခြင်ဟောပြောသင့်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ အရှင်ဘုရားရဲ့ မိန့်ကြားချက်တွေကို ကြားသိရတဲ့ အခါ သာသနာအတွက် အားတစ်ခုဖြစ်စေပါတယ်ဘုရား။*

**ဆရာတော်**။ ။အဲဒီလို စကားကြားသိရတဲ့အပေါ် ဘုန်းကြီးတို့လည်း ဝမ်းမြောက်မိပါတယ်။ လာဘ်လာဘပေါများအောင် ကြံဆောင်ခြင်း၊ ထင်ပေါ်ကျော်ကြားအောင် ကြံဆောင်ခြင်းတွေဟာ တကယ်တော့ သာသနာကွယ်ကြောင်းအကြောင်းတရားတွေထဲက တစ်ခုဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ တပည့်တော် မေးလျှောက်စရာရှိပါသေးတယ် ဘုရား။ လာဘသက္ကာရနောက်ကို ရဟန်းတော်တစ်ပါးအနေနဲ့ လိုက်ခြင်းသည် အပြစ်ဟုဆိုလျှင် ထိုအရေအတွက်များလာပါက သာသနာကို ထိခိုက်စေနိုင်ပါသလား ဘုရား။ တစ်ဆက်တည်း ရဟန်းတော်အချို့ရဲ့ သာသနာနဲ့ဆန့်ကျင်ဘက်လုပ်ရပ်တွေကြောင့် သံဃအဂါရဝဖြစ်စေပါသလား။ အဲဒီလုပ်ရပ်တွေကြောင့် အများတကာ ကြည်ညိုမှု သံဃာအဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်ပါသလားဘုရား။*

**ဆရာတော်**။ ။ဒကာတော်ရဲ့ မေးခွန်းကို ဖြေရမယ်ဆိုရင် ပထမမေးလျှောက်တဲ့ အထဲမှာ လာဘ်လာဘဆိုတဲ့ စကားလုံးကိုပဲ တွေ့ရပါတယ်။ တကယ်တော့ (လာဘ=လာဘ်လာဘ၊ သက္ကာရ=အပူဇော်ခံလိုခြင်း၊ သိလောက=ကျော်ကြားလိုခြင်း)နောက်သို့ မလိုက်ကောင်းဟု ဗုဒ္ဓဘုရားရှင်က ဆုံးမတော်မူခဲ့ပါတယ်။ ထို့ကြောင့် ရလိုမှုသက်သက်၊ အပူဇော်ခံလိုမှုသက်သက်ဖြင့် သာသနာတော်ကို ခုတုံးလုပ်၍ မလုပ်ကောင်းဟုလည်း ဘုရားရှင် မိန့်ကြားတော်မူခဲ့တာတွေရှိတဲ့

အတွက်ကြောင့် လာဘ်လာဘ၊ အပူဇော်ခံ၊ ကျော်ကြားမှုစတဲ့နောက်တွေကို မလိုက်မိစေနဲ့။ အပြု၊ အပြောများကိုလည်း ရှောင်ရှားသင့်ပါတယ်။ အဲဒီလို မရှောင်ရှားနိုင်ရင် အများအမြင်ကဲ့ရဲ့စရာဖြစ်ပြီး သာသနာတော်ကို ထိခိုက်စေနိုင်ပါတယ်။ တစ်ဆက်တည်းပဲ ဆက်ပြောရရင် ဒကာမေးခွန်းထဲမှာ ရဟန်းတော်အချို့ရဲ့ သာသနာနဲ့ဆန့်ကျင်ဘက်ဆိုသော စကားလုံးကို တွေ့ရပါတယ်။ အဲဒီအပေါ်မှာ ပြောရရင်တော့ သာသနာဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမတွေပါ။ အဲဒီအဆုံးအမတွေကို မျက်ကွယ်ပြုပြီး အမျိုးသားရေး၊ နိုင်ငံရေးအစရှိတဲ့ကိစ္စတွေမှာ လုံးဝ မပါဝင်ဘဲ ပရိယတ်၊ ပဋိပတ်နဲ့ဆိုင်သောကိစ္စအဝဝတွေကိုသာ နေ့မအား၊ ညမအား ဆောင်ရွက်ခြင်းဖြင့် သံဃအင်္ဂါရဝဖြစ်စေမယ့်ကိစ္စတွေကို ရှောင်ရှားကြဖို့ ပြောချင်ပါတယ်။ ဘုန်းကြီးတို့က မေတ္တာနဲ့သာပြောတာပါ။ သာစေ၊ နာစေလိုတဲ့ ဆန္ဒ မပါပါဘူး။ ဘုရားမျက်နှာကြည့်ပြီး ပြောခြင်းသာဖြစ်ပါတယ်။

**စာရေးသူ**။ ။*တင်ပါ့ဘုရား၊ အရှင်ဘုရားရဲ့မိန့်ကြားချက်တွေတိုင်းဟာ ဗုဒ္ဓရဲ့ အလိုကို အခြေခံပြီး ဓမ္မနဲ့အညီ အမိန့်ရှိတဲ့အတွက် ကြားရသူနားဝ ချမ်းသာလှလို့ အရှင်ဘုရားအမိန့်ရှိတဲ့အတိုင်းသာ ကျင့်ကြံအားထုတ်ကြမယ်ဆိုရင် ပို၍သာလွန်သော အကျိုးကျေးဇူးကို ရရှိမယ်လို့ လက်ခံယုံကြည်ပါတယ်ဘုရား။ တပည့်တော်ရဲ့ နောက်ဆုံးမေးခွန်းတစ်ခုအနေနဲ့ မေးလျှောက်ချင်တာကတော့ အရှင်ဘုရားရဲ့ အနာဂတ် သာသနာအပေါ်အမြင်ကိုလည်း သုံးသပ်ပေးတော်မူပါဘုရား။*

**ဆရာတော်**။ ။ယနေ့ ဒကာတော်မေးသော မေးခွန်းတွေနဲ့ပတ်သက်လို့ ဘုန်းကြီးတို့လည်း တတ်စွမ်းသမျှဖြေကြားပေးခဲ့ပါတယ်။ ယခုဒကာမေးလျှောက်တဲ့ အနာဂတ် သာသနာရေးနဲ့ပတ်သက်ပြီး ဘုန်းကြီးတို့ အမြင်ထက် နောင်ဖြစ်လာမယ့် အနာဂတ် သာသနာတော်နဲ့ပတ်သက်လို့ ကျေးဇူးတော်ရှင်မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အနာဂတ် သာသနာရေးကျမ်းကို ဒကာလေးအပါအဝင် ဗုဒ္ဓသာသနာဝင်တိုင်းဦးစွာလေ့လာကြပါလို့ ပြောချင်ပါတယ်။ ယနေ့ သာသနာတော်နှစ် ၂၅၅၉ ခုနှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ သာသနာတော်နှစ် ၅၀၀၀ ဟုဆိုကြလျှင် ယခုဆိုလျှင် သာသနာတော်နှစ်ဟာ ထက်ဝက်ပင်ကျော်လာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် သာသနာတော်လည်း ဘုရားခေတ်ကနှင့်စာလျှင် ကွယ်သင့်သလောက်ကွယ်ခဲ့ပါပြီ။

ယခုအချိန်မှာ နိကာယ်ငါးရယ်၊ ပိဋကတ်သုံးပုံ အလုံးစုံတည်ရှိနေသော နေရာ

ဟာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ ရှိတော့တာဖြစ်ပါတယ်။ ပိဋကတ်ကျမ်းလာ အတိုင်းပြောရရင် ဘုရားရှင်ရဲ့ သာသနာဟာ တစ်ချိန်ချိန်မှာ ဧကန်မုချ မလွဲ ကွယ်ပျောက်ရမှာဖြစ်ပါတယ်။ အဲဒါကိုပဲ ပရိယတ္တိအန္တရဓါန - ပရိယတ္တိကွယ်ပျောက်ခြင်း၊ ပဋိပတ္တိအန္တရဓါန - အကျင့်ပဋိပတ်များကွယ်ပျောက်ခြင်း ထို့နောက် လိင်္ဂ အန္တရဓါန - သင်္ကန်းရောင်များကွယ်ပျောက်ခြင်း၊ ဓာတုအန္တရဓါန - ဓာတ်တော် မွေတော်များ ကွယ်ပျောက်ခြင်းဆိုပြီး သာသနာဟာ အဆင့်ဆင့်ကွယ်ပျောက်သွားမှာဖြစ်ပါတယ်။

အဲဒီလို မကွယ်ပျောက်ခင် ဘုန်းကြီးတို့သာသနာဝင်တိုင်း စောင့်ထိန်းကျင့်ကြံရမယ့် ပြုဖွယ်ကိစ္စအဝဝကို အလွဲလွဲအချော်ချော်တွေ မပြုလုပ်မိဖို့ အရေးကြီးပါတယ်။ ဘုန်းကြီးတို့ ခေါင်းစဉ်လေးပေးခဲ့ပါတယ်။ 'သဗ္ဗေသင်္ခါရာ အနိစ္စာ' တဲ့။ ဘယ်အရာမှ တည်မြဲတယ်ဆိုတာ မရှိပါဘူး။ အရာရာအားလုံးတို့ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားတွေကို အခြေခံပြီး သင်္ခါရဆိုတဲ့တရားရဲ့ ပြုပြင်စီရင်မှုအောက်မှာ နောက်ဆုံးတော့ မတည်မြဲခြင်းသဘောကိုပဲ ဖော်ဆောင်နိဂုံးချုပ်သွားကြတာပါပဲ။

ပူလောင်စေတတ်တဲ့ ဥပါဒါန်တရား၊ ကိလေသာတရားတို့အပေါ်၌ မစွဲလမ်းဖို့ ဗုဒ္ဓရဲ့ မိန့်ကြားချက်တွေ အများကြီးရှိပါတယ်။ သာသနာနဲ့ ကြုံတွေ့နေရတဲ့ အခိုက်အတန့်လေးမှာ လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ ၃ ပါးကို မြတ်ဗုဒ္ဓ လမ်းညွှန်မှုအတိုင်း ကျင့်သုံးဆောင်ရွက်ကြပါ။ အဲဒီနေရာမှာ အထူးပြောချင်တာက ဉာတတ္ထစရိယနဲ့ပတ်သက်လို့ (ယနေ့ အမျိုးဘာသာ သာသနာ) ပြောနေကြ၊ လုပ်နေကြတဲ့ကိစ္စတွေမှာ အထူးသတိပြုဆင်ခြင်ဖို့ ဓမ္မစကားလက်ဆောင်ပါးချင်ပါတယ်။

ဉာတတ္ထစရိယ - အဆွေအမျိုးတို့ရဲ့ အကျိုးကိုကျင့်ရမယ်။ ဆွေမျိုးဆိုတာ မိမိဆွေမျိုးလေးတင်မကဘူး။ မြန်မာပြည်တစ်ပြည်လုံးမှာ အားလုံးက မိမိတို့ ဆွေမျိုးချည်းပဲ။ အဲဒီဆွေမျိုးတွေချမ်းသာအောင်လည်း မတတ်နိုင်ရင်သာ ကိုယ်အားဖြင့်တတ်နိုင်တဲ့အခါ ချီးမြှောက်ကြရတယ်။ သင်္ဂဟဝတ္ထု လေးပါးနဲ့ ချီးမြှောက်တတ်ဖို့ လိုပါတယ်။

အနာဂတ်သာသနာတိုးတက်ချင်တယ်ဆိုရင်တော့ 'ငါ' ဆိုတဲ့ စကားလုံးကို ဖြုတ်ပြီး 'အနိစ္စာဝတ သင်္ခါရာ' ဆိုသော တရားကို လက်ကိုင်ထားလို့ ရှေ့ဆက်လျှောက်ကြမယ်ဆိုရင် သာသနာဟာ သူ့သက်တမ်းစေ့ တည်တံ့ခိုင်မြဲသွားနိုင်ပါတယ်။

အဆုံးသတ် နိဂုံးချုပ်ကြရအောင်။ ဘုန်းကြီးတို့က တိုင်ပေးမယ်။ ဒကာလေးက နောက်ကလိုက်ဆိုပြီး သေတဲ့အထိ ရင်ထဲဆောင်ထားဖို့ သတိပေးစကားပြောရင်းကဲ ... လိုက်ဆို ...

**ဆရာတော်။** ။'အနိစ္စာဝတ သင်္ခါရာ တရားတို့သည် ဘယ်မှာတည်မြဲပါသနည်း။'

**စာရေးသူ။** ။*'အနိစ္စာဝတ သင်္ခါရာ တရားတို့သည် ဘယ်မှာတည်မြဲပါသနည်း။'*

**ဆရာတော်။** ။သတိဉာဏ်ယှဉ်၍ လျှောက်လှမ်းပါမည်။

**စာရေးသူ။** ။*သတိဉာဏ်ယှဉ်၍ လျှောက်လှမ်းပါမည်။*


**ဆရာတော်။** ။သာဓု သာဓု သာဓု။ ။


■ ■ ■


## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ၁၄.၄.၁၉၇၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် မွေးဖွား။
- ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့။
- ၁၉၈၉ ခုနှစ် ၁၉၉၂ ခုနှစ်အထိ အင်းစိန်ထောင်၊ သာယာဝတီထောင်တို့တွင် ပုဒ်မ ၅/ည အကျဉ်းသားဘဝ။
- ၁၉၉၂ ခုနှစ်မှစ၍ ဗဇ္ဇူသီရိမှ ပရဟိတကွန်ရက် ထူထောင်ပြီး ဘာသာရေး တရားပွဲများ၊ စာပေဟောပြောပွဲများ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ နေရာအနှံ့ ကွန်ရက်များဖြင့် ချိတ်ဆက်ပြုလုပ်ခဲ့။
- ဗဇ္ဇူသီရိမှ SAFETY NET ကွန်ရက်အမည်ပြောင်း၍ ဖွံ့ဖြိုးရေးသင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ နေရာဒေသအနှံ့တွင် ကွန်ရက်များဖြင့် ချိတ်ဆက်၍ လုပ်ဆောင်ခဲ့။
- အထိရောက်ဆုံးနှင့် အောင်မြင်ဆုံး ဆွေးနွေးဟောပြောပွဲများအဖြစ် SAVE THE IRRAWADDY အသင်းအဖွဲ့များ၏ 'ပြုပြင်ပြောင်းလဲမှုနှင့် အနာဂတ် မြန်မာပြည်' ဆွေးနွေးဟောပြောပွဲများကို ခြောက်လဆက်တိုက် အပတ်စဉ် စနေနေ့တိုင်းတွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်များကို ဖိတ်ကြားပြီး ပြုလုပ်ခဲ့။

- မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများနှင့် ပတ်သက်ပြီး အမုန်းမဖက် မေတ္တာဆက်၍ လက်ချင်းချိတ်ဆက် ငြိမ်းချမ်းရေးကို ရှေးရှုပြီး မေတ္တာတရားနှင့် နိုင်ငံတော် ဆွေးနွေးပွဲများကို ရန်ကုန်၊ မေမြို့၊ ကြို့ပင်ကောက်၊ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မုံရွာ၊ မောင်လမြိုင်၊ ပုသိမ်၊ စလေ … နောက်ဆုံး ရန်ကုန်မြို့၊ အင်းလျားလိတ်ဟိုတယ်တွင် ဆရာတော် သံဃာတော်များနှင့် စာရေးဆရာ၊ ဆရာများ ပူးပေါင်းပါဝင်ပြီး အောင်မြင်စွာ ပြုလုပ်ခဲ့။
- ထွက်ရှိပြီးသော စာအုပ်များမှာ -
  ၁။ ဗုဒ္ဓကို ကျောခိုင်းမသွားနိုင်ပါစေနဲ့၊
  ၂။ မေတ္တာမဲ့သော ဓားပါးစပ်များ၊
  ၃။ ကောသလအိပ်မက်ထဲက နိုင်ငံတော်
  ၄။ အမျိုးကို ချစ်လျှင် အမြစ်ကို မချိုးပါနဲ့
  ယခုလက်ရှိ 'အပေါက်ပိတ်တိုင်း အပယ်လွတ်မှာလား' အင်တာဗျူးမေ့မှု အမေး အဖြေများကို ပြန်လည် စုစည်းထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။


အမျိုးကို ချစ်လျှင်
အမြစ်ကို မချိုးပါနဲ့
အနော်မာ
First Weekly News Journal တွင်


ကောသလဒီပမက်ထဲကနိုင်ငံတော်
တွေ့ဆုံမေးမြန်းသူ


ဗုဒ္ဓကို
ကျောခိုင်းမလျှောက်မိစေနဲ့
တွေ့ဆုံမေးမြန်းသူ အနော်မာ
[The First Weekly News ဂျာနယ်တွင် ဖော်ပြခဲ့သော အင်တာဗျူးများ]

- ပဋ္ဌနိကာယ်ကျောင်းဆရာတော်
  အရှင်ပညာသီဟာဘိဝံသ

- ပဋ္ဌာန်းအလင်းရောင်ဆရာတော်
  အရှင်တေဇနိယ

- ဓမ္မရိပ်မဂ္ဂဇင်းအယ်ဒီတာ
  အရှင်ခေမိန္ဒ(မောင်ခိုင်တည်)

First Weekly News Journal တွင်အပတ်စဉ်ဖော်ပြခဲ့သောအင်တာဗျူးများစုစည်းမှု

တွေ့ဆုံမေးမြန်းသူ

**အနော်မာ**

# အပေါက်ပိတ်တိုင်း အပါယ်လွတ်မှာလား

Artist: Zwe Man
Design: Thar Aye Nya